ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇွန် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွနေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)



# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် အီတလီသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၂၅**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ အီတလီနိုင်ငံသံအမတ်ကြီး H.E. Mr. Pier Giorgio ALIBERTI အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်**

ထိုသို့တွေ့ဆုံစဉ် အီတလီ-မြန်မာ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းစဉ်များနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကူအညီပေးနေမှုများ၊ မြန်မာနိုင်ငံ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရာတွင် နည်းပညာအပါအဝင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် အီတလီသံအမတ်ကြီး H.E. Mr. Pier Giorgio ALIBERTI အား လက်ခံတွေ့ဆုံစဉ်။

# (၂၁)ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ အတွင်းရေးမှူးအဖွဲ့ အစည်းအဝေး နေပြည်တော်၌ ကျင်းပ



UPDJC အတွင်းရေးမှူးအဖွဲ့ အစည်းအဝေးကျင်းပစဉ်။

**နေပြည်တော် ဇွန် ၂၅**

ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူးအဖွဲ့ အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ဗဟိုဌာန (NRPC)၌ ကျင်းပသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီ အစည်းအဝေးများ ကျင်းပရေးဆိုင်ရာကိစ္စ၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေး ကျင်းပမည့်ရက်ကိစ္စ၊ ညီလာခံအစီအစဉ်များနှင့်

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❖

**ရာနှုန်းပြည့်မိုး**

**နေပြည်တော်**

မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

**ရန်ကုန်**

မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

**မန္တလေး**

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

**ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ပထမဆုံးအကြိမ် ရောင်းချမည့် အိမ်ရာဝယ်ယူခွင့် တန်းစီဇယား မဲနှိုက်ရွေးချယ်**

စာမျက်နှာ » ၁၁

KBZ BANK
STRENGTH OF MYANMAR
BEST BANK IN MYANMAR
Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

ကြေးမုံ

# မူးယစ်ဆေးဝါးအန္တရာယ် ဝိုင်းဝန်းတိုက်ဖျက်

ယနေ့ (ဇွန်လ ၂၆ ရက်)သည် "အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့" ဖြစ်သည်။ မူးယစ်ဆေးဝါးအန္တရာယ်သည် လူသားမျိုးနွယ်တစ်ခုလုံးကို ခြိမ်းခြောက်နေသည့် အန္တရာယ်ဖြစ်သောကြောင့် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများအားလုံး အမျိုးသားရေးအသွင်ဖြင့် အရှိန်အဟုန်မြှင့်တင် တိုက်ဖျက်နေသည်ကို တွေ့ရသည်။

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် မေလ ၃၁ ရက်နေ့ နံနက်က နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်ဧည့်ခန်းမ၌ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များအား တွေ့ဆုံ၍ မူးယစ်ဆေးဝါးအန္တရာယ်ကို ထိရောက်စွာတိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ လမ်းညွှန်မှာကြားခဲ့သည်။

နိုင်ငံတော်သမ္မတက "မူးယစ်ဆေးဝါးအန္တရာယ်ကို ပြည်သူများအကြား ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေးအတွက် အသိပညာပေးခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း၊ ဆေးကုသပေးခြင်း၊ ပြန်လည်ထူထောင်ခြင်းတို့ကို ဆောင်ရွက်ပေးရန် လိုအပ်ပြီး မူးယစ်ဆေးဝါး စိုက်ပျိုးခြင်း၊ ထုတ်လုပ်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သယ်ဆောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းဝယ်ခြင်းများကို ထိရောက်သော ပြစ်ဒဏ်များ ချမှတ်နိုင်ရေး ဆောင်ရွက်ရန် လိုအပ်ပါကြောင်း" မှာကြားထားသည်။

မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ မြန်မာနိုင်ငံအတွင်း သယ်ဆောင်ရောင်းဝယ်ဖောက်ကားမှုများ ပျံ့နှံ့နေသည်ကို သတင်းများတွင် နေ့စဉ်မြင်တွေ့နေရပြီး ယင်းကို ပိုမိုထိရောက်စွာ တိုက်ဖျက်နှိမ်နင်းနိုင်ရန်အတွက် သက်ဆိုင်ရာအဖွဲ့အစည်းအား နိုင်ငံတော်သမ္မတက တွေ့ဆုံမှာကြားခဲ့ခြင်းဖြစ်သည်။ မကြာသေးမီရက်ပိုင်းက မြန်မာနိုင်ငံမှ မလေးရှားနိုင်ငံသို့ တင်ပို့သည့် ကွန်တိန်နာအတွင်း မူးယစ်ဆေးဝါး အမြောက်အမြား ဖမ်းဆီးရမိခဲ့ရာ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ဖောက်ကားသူများအား ထိထိရောက်ရောက် အပြစ်ပေး အရေးယူနိုင်ရန်အတွက် ရှာဖွေဖမ်းဆီးမှုများ စဉ်ဆက်မပြတ် ပြုလုပ်နေသည်ကို တွေ့ရသည်။

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းကို နိုင်ငံအတွင်း အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိသည်။ မူးယစ်ဆေးဝါးပြဿနာသည် ပြည်တွင်းသာမက ပြည်ပနိုင်ငံများသို့လည်း ပို့ဆောင်ရောင်းဝယ်လျက်ရှိသဖြင့် ကုလသမဂ္ဂကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများ၊ ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပေသည်။

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်သမ္မတ လမ်းညွှန်သည့်အတိုင်း ဒေသဆိုင်ရာ မူးယစ်ဆေးဝါးတားဆီးကာကွယ် နှိမ်နင်းရေးအဖွဲ့များကို မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့များ၊ အရပ်ဘက်လူမှုရေးအဖွဲ့များ၊ ဒေသမှ စိတ်ဝင်စားသူ ပြည်သူများနှင့် ပါဝင်ဖွဲ့စည်းသွားရန် လိုအပ်သည်။ အဆိုပါအဖွဲ့များအား ဆုငွေချီးမြှင့်သည့် စီမံခန့်ခွဲမှုစနစ်ဖြင့် ဗဟိုမှတိုက်ရိုက်ကွပ်ကဲကြပ်မတ်သွားရေးကို လမ်းညွှန်ချက်နှင့်အညီ ကျယ်ကျယ်ပြန့်ပြန့် တိုးမြှင့်ဆောင်ရွက်သွားနိုင်မည်ဆိုပါက ပိုမိုထိရောက်အောင်မြင်မည်ဟု ယုံကြည်ပါသည်။

သို့ဖြစ်ရာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်နှင့်အညီ အရှိန်အဟုန်မြှင့် ဝိုင်းဝန်းလက်တွဲတိုက်ဖျက်သွားကြရန် လေးစားစွာ တိုက်တွန်းအပ်ပါသည်။ ။

MYANMAR
Digital News
Presented by NPE
www.mdn.gov.mm

# စစ်ကိုင်းမြို့ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာပညာရေးစင်တာ

## ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တသောဘိတ အရှင်သူမြတ် ကမ္ဘာလုံးဆိုင်ရာငြိမ်းချမ်းရေးဆုရရှိ

**စစ်ကိုင်း ဇွန် ၂၅**

စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုးရှိ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာ ပညာရေးစင်တာ(IBEC)ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တသောဘိတသည် ကုလသမဂ္ဂက ချီးမြှင့်သည့် ကမ္ဘာလုံးဆိုင်ရာ ငြိမ်းချမ်းရေးဆုရရှိကြောင်း သိရသည်။

**စွမ်းစွမ်းတမံဆောင်ရွက်ခဲ့**

ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့၌ ယခုနှစ် ဇွန် ၂၉ ရက်မှ ဇူလိုင် ၂ ရက်အထိ ကျင်းပမည့် ကမ္ဘာ့ငြိမ်းချမ်းရေးညီလာခံတွင် အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာပညာရေးစင်တာ(IBEC)(မြန်မာ) IBEC-Netherlands သာသနာပြုကျောင်း ဦးဆောင်တည်ထောင်သူဖြစ်သော ဆရာတော် ဘဒ္ဒန္တသောဘိတအား ပြည်တွင်း ပြည်ပငြိမ်းချမ်းရေး၊ ပညာရေးနှင့် လူသားအကျိုးပြုလုပ်ငန်းများတွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သည်များကို အသိအမှတ်ပြုသောအားဖြင့် ကမ္ဘာလုံးဆိုင်ရာ ငြိမ်းချမ်းရေးအဖွဲ့များနှင့် ဆွီဒင်နိုင်ငံရှိ ကမ္ဘာ့ငြိမ်းချမ်းရေးအဖွဲ့များက စီစဉ်၍ ကမ္ဘာလုံးဆိုင်ရာ ငြိမ်းချမ်းရေးဆုကိုပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းမြို့ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာပညာရေးစင်တာ(IBEC)၏ ပဓာနနာယက ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တသောဘိတသည် ၂၀၁၅ ခုနှစ်အတွင်းက ကိုရီးယားနိုင်ငံအခြေစိုက် ကမ္ဘာ့ငြိမ်းချမ်းရေးအဖွဲ့ကြီး၏ ငြိမ်းချမ်းရေးသံတမန်အဖြစ် ခန့်အပ်ခြင်းခံရသည်။

**သာသနာပြုကျောင်းဖွင့်လှစ်**

ဘဒ္ဒန္တသောဘိတ အရှင်သူမြတ်သည် စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုးတွင် အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာပညာရေးစင်တာ(IBEC) ကို တည်ထောင်ခဲ့ပြီး အဆိုပါ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာပညာရေးစင်တာ၌ ပရိယတ္တိပညာရေးကဏ္ဍ၊ ဘုန်းတော်ကြီးသင်ပညာရေး အထက်တန်းကျောင်း၊ လူငယ်များအတွက် အင်္ဂလိပ်စာနှင့် Human Resource Management မြှင့်တင်ရေး လုပ်ငန်းမြောက်မြားစွာကိုလည်း ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ကျွန်းလုံမြို့တွင် သီတဂူဗုဒ္ဓတက္ကသိုလ်ကိုတည်ထောင်ပြီး Community in Buddhism သင်တန်းများဖွင့်လှစ်ကာ သင်ကြားပို့ချနေသည့်အပြင် နိုင်ငံတကာသာသနာပြုလုပ်ငန်းများ၊ ပညာရေးအစီအစဉ်များကိုလည်း နယ်သာလန်နိုင်ငံတွင် IBEC သာသနာပြု ကျောင်းဖွင့်လှစ်ပြီး ဆောင်ရွက်နေကြောင်း စစ်ကိုင်းမြို့ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာပညာရေး စင်တာကျောင်းမှ သိရသည်။



**တင်မောင်(မန်းကိုယ်ပွား)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ကျိုက္ကဆံအားကစားကွင်းတွင် အားကစားလေ့ကျင့်နေမှုများကို ကြည့်ရှုအားပေး

**ရန်ကုန် ဇွန် ၂၅**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ကျိုက္ကဆံအားကစားကွင်းရှိ Gym and Fitness Center၊ ဝူရှူးအားကစားခန်းမ၊ ဖူဆယ်အားကစားရုံ၊ ဘောလုံးကွင်းတို့တွင် အားကစားသမားများ လေ့ကျင့်နေမှုနှင့် ပြည်သူများ ကျန်းမာရေးအတွက် အားကစား လေ့ကျင့်နေမှုများကို ကြည့်ရှု၍ အားပေးစကား ပြောကြားခဲ့သည်။**(ယာပုံ)**



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်)တွင် တက်ရောက်လျက်ရှိသည့် သင်တန်းသား သင်တန်းသူများ၏ ထမင်းစားဆောင်နှင့် အိပ်ဆောင်တို့ကို သွားရောက်ကြည့်ရှုကာ သင်တန်းသား သင်တန်းသူများနှင့် တွေ့ဆုံ၍ အားကစားသမားများအနေဖြင့် ကိုယ်ရောစိတ်ပါ ကျန်းမာကြံ့ခိုင်ရမည်ဖြစ်ကြောင်း၊ အနိုင်မခံ အရှုံးမပေးစိတ်ဓာတ်ဖြင့် အောင်ပွဲများ ရရှိအောင် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အားကစားသမားများအား ကျန်းမာရေးစစ်ဆေးပေးခြင်းလုပ်ငန်းများကိုလည်း ပြုလုပ်ပေးလျက်ရှိကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် အားကစား အထောက်အကူပြုပစ္စည်းများအပါအဝင် လိုအပ်သည်များကို ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်းနှင့် ထူးချွန်အားကစားသမားများကို အားကစားနည်းပြ၊ နည်းစနစ်မှူးများအဖြစ် လည်းကောင်း၊ အရာရှိများအဖြစ် လည်းကောင်း ခန့်ထားချီးမြှင့်မည်ဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဇွန် ၂၅**

ရန်ကုန်(ရွှေဈေး) ၉၃၃၅၀၀ - ၉၃၃၅၀၀ မန္တလေး(ရွှေဈေး) ၉၃၃၅၀၀ - ၉၃၃၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၈၅/၉၀၅ ကျပ်၊ | ၉၃၀/၉၄၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၉၀၀/၉၃၀ ကျပ်၊ | ၉၇၀/၉၈၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၄၀/၈၇၅ ကျပ်၊ | ၉၁၅/၉၃၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၀၀/၉၁၅ ကျပ်၊ | ၉၄၀/၉၅၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၄၃/၈၅၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၅၅/၈၆၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၈၀/၇၉၅ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၇၇. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၀၄. ၃ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၁၀. ၆၆ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၁. ၇၉၁ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၄၃. ၂၆ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀. ၂၈၉ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၅၇. ၄ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၃. ၅၀ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၂၁. ၇ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၀၂. ၅ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ

**ခေတ္တစာတည်းမှူးချုပ်** - ဦးဝင်းရွှေ
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၀၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၀

## တရားမ အထူးအယူခံမှု ငါးမှု စီရင်ချက်ချ၊ ခြောက်မှုကို ရုံးထိုင်ကြားနာ

**နေပြည်တော် ဇွန် ၂၅**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအားလုံး ပါဝင်သော စုံညီခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ် (၁) ၌ ရုံးထိုင်၍ တရားမအထူး အယူခံမှု ငါးမှုကို စီရင်ချက်ချမှတ်၍ တရားမအထူးအယူခံမှု ခြောက်မှုကို ကြားနာခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲ ဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| **အမည်၊ ရာထူး၊ ဌာန** | **ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|
| (၁) ဦးမြင့်စိုး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အကျဉ်းဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အကျဉ်းဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန |
| (၂) ဦးမြတ်သူ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>မီးသတ်ဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>မီးသတ်ဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန |

## မြန်မာနိုင်ငံ ဒေသအချို့တွင် မိုးပိုနေမည်

**နေပြည်တော် ဇွန် ၂၅**
**မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်**

စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်ရှိနိုင်သည်။ **ကြေးမုံ**

# လူငယ်များ၏ အနာဂတ်ဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးအတွက် မိသားစုတိုင်းက လူငယ်များ၏ပြောကြားမှုကို ဦးစွာနားထောင်ပြီး ဝိုင်းဝန်းပံ့ပိုးပေးကြရန် တိုက်တွန်း

## အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အခမ်းအနားတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေထံမှ ပေးပို့သည့်သဝဏ်လွှာ

### (၂၀၁၈ ခုနှစ် ဇွန်လ ၂၆ ရက်နေ့)

ယနေ့သည် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့်တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ဖြစ်သည်နှင့်အညီ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအသီးသီးတွင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အခမ်းအနားများ ကျင်းပနေကြမည်ဖြစ်ပါသည်။

ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံက ၁၉၈၇ ခုနှစ်မှစပြီး ဇွန်လ ၂၆ ရက်နေ့ကို ကမ္ဘာ့မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အဖြစ် သတ်မှတ်ခဲ့ပြီးချိန်မှစ၍ ဒေသဆိုင်ရာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များသည် ယနေ့တွင် (၃၁)ကြိမ်အဖြစ် အခမ်းအနားများ ကျင်းပနေမည်ဟု ယုံကြည်ပါသည်။

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ကို အထူးအလေးထားပြီး ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်ဆင်နွှဲနိုင်ရန်အတွက် ၁၉၉၈ ခုနှစ်မှစ၍ ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ဆောင်ပုဒ် အလွတ်တန်းပြိုင်ပွဲများနှင့် ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်နိုင်ရန် မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲများနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲများ ကျင်းပခဲ့ပါသည်။ အဆိုပါပြိုင်ပွဲများတွင် ဆုရရှိသူများကိုလည်း နှစ်စဉ်ကျင်းပသည့် အခမ်းအနားများတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့မှ ဆုများချီးမြှင့်ခဲ့ပါသည်။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့မှ ဖွဲ့စည်းပေးထားသည့် ဒေသဆိုင်ရာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များသည် ယခုနှစ် (၂၁)ကြိမ်မြောက် ကျင်းပသည့် ပြိုင်ပွဲများတွင်လည်း မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ယှဉ်ပြိုင်ကြသည့် ပြည်သူလူထုနှင့် ကျောင်းသား ကျောင်းသူ ၃၅၀၀ ခန့်မှ ဆုရရှိသူ ၁၀၇ ဦးအား ယနေ့တွင် ဆုချီးမြှင့်နေကြမည်ဖြစ်ပါသည်။

### ကြိုးပမ်းဆောင်ရွက်လျက်ရှိ

မူးယစ်ဆေးဝါးပြဿနာကို ကမ္ဘာတစ်ဝန်းလုံးမှ ကိုင်တွယ်ဖြေရှင်းရာတွင် နိုင်ငံအစိုးရများ၏ နောက်ခံသမိုင်းကြောင်း၊ ယဉ်ကျေးမှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် အရင်းအမြစ်ပိုင်ဆိုင်မှု၊ တည်နေရာနှင့် ပထဝီမြေအနေအထားတို့အပေါ်တွင် အခြေခံပြီး ချဉ်းကပ်မှုပုံစံအမျိုးမျိုးနှင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

သို့ရာတွင် မူးယစ်ဆေးဝါးပြဿနာသည် ပိုမိုရှုပ်ထွေးကြီးမားလာပြီး ဆေးဝါးသစ်များ ပေါ်ထွက်လာမှုအပါအဝင် ပြည်သူလူထု၏ ကျန်းမာရေး၊ လူမှုရေး၊ အခြေခံစီးပွားရေးတို့ကို အမျိုးမျိုးပျက်သုဉ်းစေသည့်နည်းတူ နိုင်ငံဖြတ်ကျော်မှုခင်းများ၊ အကြမ်းဖက်မှုခင်းများ၏ အကျိုးဆက်ရလဒ်ဖြစ်သည့် နယ်မြေတည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးကိုပါ လွှမ်းမိုးလာကြောင်း တွေ့ရှိရပါသည်။

၂၀၁၇ ခုနှစ် ကမ္ဘာ့မူးယစ်ဆေးဝါးအစီရင်ခံစာတွင် မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် အရွယ်မတိုင်မီ သေဆုံးသူပေါင်း ၁၉၀၀၀၀ ကျော်ရှိပြီး မူးယစ်ဆေးဝါးနှင့်ဆက်နွှယ်သည့် HIV၊ အသည်းရောင်အသားဝါရောဂါ၊ TBရောဂါ ကူးစက်မှုမြင့်တက်လျက်ရှိကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံသည် ပထဝီအနေအထားအရ မူးယစ်ဆေးဝါးပြဿနာကို ရင်ဆိုင်နေရသည့်အပြင် ဝေးလံခေါင်းပါးပြီး ဖွံ့ဖြိုးမှုနောက်ကျကျန်ရစ်ခဲ့သည့်ဒေသများတွင် ဘိန်းစိုက်ပျိုးမှုပြဿနာ၊ ဘိန်းဖြူနှင့် စိတ်ကြွဆေးဝါးထုတ်လုပ်မှုပြဿနာ၊ သုံးစွဲမှုပြဿနာများကိုလည်း ရင်ဆိုင်နေရပါသည်။

မူးယစ်ဆေးဝါးပြဿနာများကို ခေတ်အဆက်ဆက်သော နိုင်ငံတော်အစိုးရများက ကြိုးပမ်းဆောင်ရွက်ခဲ့ရာတွင် မူးယစ်ဆေးဝါးဆိုင်ရာ ကွန်ဗင်းရှင်းသုံးခုကို အဖွဲ့ဝင်နိုင်ငံအဖြစ် လက်မှတ်ရေးထိုးခဲ့ပြီး ကွန်ဗင်းရှင်းများနှင့်အညီ ဥပဒေများပြဋ္ဌာန်းခြင်း၊ မူးယစ်ဆေးဝါးထိန်းချုပ်ရေး အာဏာပိုင်အဖွဲ့အစည်းများ ဖွဲ့စည်းခြင်းနှင့် စီမံကိန်းများရေးဆွဲဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပါသည်။

### လူမှုဘဝမြှင့်တင်ရေးဆောင်ရွက်

နိုင်ငံတော်အစိုးရသည် ဘိန်းစိုက်ပျိုးသည့်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားဆင်းရဲနွမ်းပါးမှုလျှော့ချရေးအစီအစဉ်အောက်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုဘဝမြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသကဲ့သို့ ဘိန်းစိုက်ပျိုးရာဒေသများတွင် လမ်းတံတား၊ ပညာရေး၊ ကျန်းမာရေးနှင့် စိုက်ပျိုးမြေဖော်ထုတ်ရေး၊ ရေနှင့်စွမ်းအင်ရရှိရေး၊ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံများ တည်ဆောက်ပေးခြင်းနှင့် သာသနာရေးအဆောက်အအုံများ တည်ဆောက်ပေးခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

ထို့အတူ ဒေသနှင့်ကိုက်ညီသည့် တစ်နိုင်သားငါးမွေးမြူရေးဆိုင်ရာလုပ်ငန်းများ စီမံဆောင်ရွက်လျက်ရှိပြီး အစားထိုးသီးနှံများ စိုက်ပျိုးနိုင်စေရန် လိုအပ်သည့်ပံ့ပိုးမှုများကို ဒေသခံတောင်သူများအတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

မူးယစ်ဆေးစွဲသူများအတွက် ကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန် မူးယစ်ဆေးစွဲ ကုသရေးဌာနကြီး ၂၆ ခုနှင့် ဌာနငယ် ၄၇ ခုတို့ကို ဖွင့်လှစ်၍ မူးယစ်ဆေးဝါးဆိုင်ရာ ကုသရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ကုသရေးနည်းလမ်းတစ်ခုဖြစ်သည့် မက်သာဒုန်းအစားထိုးတိုက်ကျွေးမှုအစီအစဉ်အရ မက်သာဒုန်းတိုက်ကျွေးသည့် ဌာန ၅၁ ခု ကိုလည်း မူးယစ်ဆေးဝါးသုံးစွဲမှုများသည့် မြို့နယ်များတွင် ဖွင့်လှစ်ဆောင်ရွက်ထားရှိပြီးဖြစ်ပါသည်။

ဆေးစွဲလူနာများအတွက် တစ်နေရာတည်းတွင် ကုသရေးဝန်ဆောင်မှု အားလုံးရရှိစေရန် ပြည်သူလူထုအခြေပြု One Stop Service လုပ်ငန်းများနှင့် ပြည်သူလူထု ဆေးကုသရေးဝန်ဆောင်မှုပေးခြင်း အစီအစဉ်များကိုပါ ဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည့်နည်းတူ မူးယစ်ဆေးဝါး အကြောတွင်းထိုးသွင်းခြင်းကြောင့် ကူးစက်တတ်သော HIV၊ အသည်းရောင်အသားဝါရောဂါပိုး (ဘီ၊ စီ) နှင့် သွေးမှတစ်ဆင့် ကူးစက်တတ်သောရောဂါများ အန္တရာယ်လျှော့ချရေးလုပ်ငန်းများကိုလည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

မူးယစ်ဆေးစွဲကုသပြီးသူများကို ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ပေးခြင်း၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာပညာရပ်များ သင်ကြားပေးခြင်းနှင့် နောက်ဆက်တွဲ စောင့်ရှောက်ရေး လုပ်ငန်းများအပြင် ပြန်လည်ထူထောင်ပြီးသူများ လူ့အသိုင်းအဝိုင်းအတွင်း ပြန်လည်ရောက်ရှိပြီး ဆေးဝါးပြန်လည်မသုံးစွဲစေရန်အတွက် စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးအသင်းများဖွဲ့စည်းပြီး နောက်ဆက်တွဲစောင့်ရှောက်ရေးလုပ်ငန်းများ ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

မူးယစ်ဆေးဝါးသုံးစွဲမှု လျော့နည်းစေရန် ကြိုတင်အသိပညာပေးခြင်းသည် ထိရောက်သည့်လုပ်ငန်းစဉ်တစ်ခုဖြစ်သည်နှင့်အညီ ကျောင်းသားလူငယ်များနှင့် ပြည်သူများကို အသိပညာပေးရေးအတွက် ပညာရေးဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနက ပြည်သူလူထုနှင့် ကျောင်းသားလူငယ်ထုအတွင်း မူးယစ်ဆေးဝါးအန္တရာယ်အသိပညာများ တိုက်ရိုက်ရောက်ရှိစေရန် နည်းလမ်းအမျိုးမျိုးဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

### အစီအစဉ်များရေးဆွဲ

ကြိုတင်ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုမိုကောင်းမွန်ထိရောက်သည့်အတွက် ကြိုတင်ကာကွယ်ရေးအစီအစဉ်များကို ဘဝတူအသိပညာဖလှယ်မှု အစီအစဉ်များ၊ လူငယ်များကို ကိုယ်စားပြုသည့် အသိပညာပေးမှုအစီအစဉ်များ၊ အားနည်းသူ ပစ်မှတ်အုပ်စုများအတွက်ရည်ရွယ်သည့် ပညာပေးမှုအစီအစဉ်များကို သတင်းမီဒီယာ၊လူမှုကွန်ရက်နှင့် face to face ပညာပေးခြင်းစသည့် ပညာပေးလမ်းကြောင်းများမှတစ်ဆင့် ကြိုးပမ်းဆောင်ရွက်ရန်နှင့် လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများအတွက် အစီအစဉ်များရေးဆွဲဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ပါသည်။

မူးယစ်ဆေးဝါးအန္တရာယ် လျော့နည်းပပျောက်ရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရများ၏ ဦးဆောင်မှုကဏ္ဍသည် အမှန်တကယ်အရေးပါသည့် လုပ်ငန်းလိုအပ်ချက်ဖြစ်ပြီး ဒေသဆိုင်ရာအစိုးရများက ဦးဆောင်သူနေရာမှနေပြီး ပြည်သူလူထုအပါအဝင် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏အားကို စည်းရုံးရယူအသုံးပြု၍ ဟန်ချက်ညီဆောင်ရွက်သွားရန် လိုအပ်ပါသည်။

မူးယစ်ဗဟိုအဖွဲ့သည် မူးယစ်ဆေးဝါးထိန်းချုပ်ရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် ၂၀၁၆ ခုနှစ် ကမ္ဘာ့မူးယစ်ဆေးဝါးပြဿနာဆိုင်ရာ ကုလသမဂ္ဂအထူးညီလာခံ UNGASS အစည်းအဝေး၏ လုပ်ငန်းအကြံပြုချက်များကို အခြေခံသည့် အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေး မူဝါဒသစ်တစ်ရပ်ကို ရေးဆွဲပြဋ္ဌာန်းထားပြီးဖြစ်ပါသည်။

မူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒသစ်တွင် ဘိန်းစိုက်ပျိုးမှုလျှော့ချရေးနှင့် မူးယစ်ဆေးဝါးများ ထုတ်လုပ်သယ်ဆောင်ရောင်းဝယ်မှု လျှော့ချရေးအတွက် ထုတ်လုပ်မှုလျှော့ချရေးနှင့် အစားထိုးဖွံ့ဖြိုးရေး၊ မူးယစ်ဆေးဝါးသုံးစွဲမှုလျှော့ချရေးအတွက် သုံးစွဲမှုနှင့် နောက်ဆက်တွဲအန္တရာယ် လျှော့ချရေး၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး၊ သုတေသနလုပ်ငန်းများတိုးမြှင့်ရေးနှင့် လူ့အခွင့်အရေးပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေရေး စသည့် ကဏ္ဍပေါင်းစုံပါဝင်စေပြီး မူးယစ်ဆေးဝါးပြဿနာ လျှော့ချစေခြင်းဖြင့် နိုင်ငံသူနိုင်ငံသားများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ထိုနည်းတူ မူဝါဒကို အထောက်အကူဖြစ်စေသည့် ၁၉၉၃ ခုနှစ် မူးယစ်ဥပဒေကိုလည်း ပြန်လည်သုံးသပ်ခဲ့ပြီး ပြင်ဆင်သည့်ဥပဒေကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါသည်။

ထို့ကြောင့် နိုင်ငံသူ နိုင်ငံသားအားလုံးသည် အမျိုးသားရေးအသိစိတ်ဓာတ်ဖြင့် မိမိတို့ဆောင်ရွက်လိုသည့်၊ ဆောင်ရွက်နိုင်သည့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများတွင် စွမ်းနိုင်သမျှ ပူးပေါင်းဆောင်ရွက်သွားရန် ဖြစ်ပါသည်။

ဤနှစ်တွင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ဆောင်ပုဒ်ဖြစ်သည့် "Listen FIRST" ဆိုသည့်အတိုင်း မိသားစုတိုင်းသည် လူငယ်များ၏ ပြောကြားမှုကို ဦးစွာနားထောင်ပြီး ၎င်းတို့၏အနာဂတ်ဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးအတွက် ဝိုင်းဝန်းပံ့ပိုးကူညီပေးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Gen. Tarnchaiyan Srisuwan ဂုဏ်ပြုကြိုဆို

**နေပြည်တော် ဇွန် ၂၅**

ထိုင်းနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ယနေ့ နံနက်ပိုင်းတွင် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Gen. Tarnchaiyan Srisuwan က ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးရှေ့တွင် ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးသည်။ **(ယာပုံ)**

**တွေ့ဆုံဆွေးနွေး**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့သည် ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များအား ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ထို့အတူ နံနက်ပိုင်းကလည်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များနှင့်အတူ ဗန်ကောက်မြို့ Tample of Dawn & Sd Wat Arun ဘုန်းတော်ကြီးကျောင်းသို့ရောက်ရှိကြပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ ကျောင်းထိုင်ဆရာတော် BOON RUNG



အား လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းသည်။ ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဘုန်းတော်ကြီးကျောင်းအတွင်းရှိ စေတီတော်မြတ်ကြီးအား လှည့်လည်ဖူးမြော်ကြည်ညိုခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိရုပ်ရှင် ရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို လှူဒါန်းငွေလက်ခံ

**နေပြည်တော် ဇွန် ၂၅**

ဗိုလ်ချုပ်အောင်ဆန်းရုပ်ရှင် ရိုက်ကူး ထုတ်လုပ် ပြသရေးအတွက် အလှူရှင်များက အလှူငွေများကို ယနေ့ ပေးအပ်လှူဒါန်းရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက လက်ခံရယူသည်။

ဗိုလ်ချုပ်အောင်ဆန်းရုပ်ရှင် ရိုက်ကူးထုတ်လုပ်ပြသရေးအတွက် အလှူရှင်များဖြစ်ကြသော ဒေါ်လှကြည်(ခ) ဒေါ်ရီရီမြင့် ကြယ်စင်နန်းတော် စိန်ရွှေရတနာရောင်းဝယ်ရေးလုပ်ငန်း ရန်ကုန်မြို့က ငွေကျပ် ၅၀၀၀၀၀၀၊ ဆရာဦးလှထွန်း-သီဟသုဓမ္မသိင်္ဂီ ဒေါ်စန်းစန်းဝေ၊ (သား) မောင်မင်းလှိုင်ဖြိုး ရှမ်းပျံမယ်ဆေးတိုက် မိသားစုလုပ်ငန်းက ငွေကျပ် ၅၀၀၀၀၀၀ နှင့် ဦးသိန်းဇော်-ဒေါ်သင်းသင်းလင်း သိန်းသန်းရတနာဆိုင် မန္တလေးမြို့က ငွေကျပ် ၂၅၀၀၀၀၀ တို့ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (ယဉ်ကျေးမှု)ရှိ ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိရုပ်ရှင်ရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုထံ ယနေ့ပေးအပ်လှူဒါန်းသည်။ အဆိုပါအခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ဗိုလ်ချုပ်အောင်ဆန်းရုပ်ရှင်ရိုက်ကူး ထုတ်လုပ် ပြသနိုင်ရေးအတွက် လှူဒါန်းရရှိငွေအနေဖြင့် ယခင်အောင်ဆန်းရုပ်ရှင် ဖြစ်မြောက်ရေးအဖွဲ့က လွှဲပြောင်းငွေကျပ် ၈၄၇၂ သိန်း၊ ပထမအကြိမ် လှူဒါန်းရရှိငွေကျပ် သိန်း ၂၇၆၀၊ ဒုတိယအကြိမ်လှူဒါန်းရရှိငွေကျပ် သိန်း ၁၁၄၀ နှင့် ယခု လှူဒါန်းရရှိငွေကျပ် ၁၂၅ သိန်းဖြစ်ပြီး စုစုပေါင်း လှူဒါန်းငွေကျပ် ၁၂၄၉၇ သိန်း ရရှိပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဆေးလိပ်သောက်သုံးမှုထိန်းချုပ်ရေး ပိုမိုထိရောက်စွာဆောင်ရွက်ရန်နှင့် မကူးစက်တတ်သောရောဂါများကာကွယ်ရေး ဆွေးနွေး





**နေပြည်တော် ဇွန် ၂၅**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် International Union Against Tuberculosis and Lung Disease (The Union)အဖွဲ့နှင့်ပူးပေါင်း၍ Myanmar National Conference on Tobacco Control and Prevention of Non-Communicable Diseases(NCDs), "Uniting for Saving Lives and Saving Money" ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ Grand Amara Hotel ၌ ကျင်းပရာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်အမှာစကားပြောကြားသည်။ **(ယာပုံ)**

ပြည်ထောင်စုဝန်ကြီးက ယခုကျင်းပသည့် ဆွေးနွေးပွဲသည် ဆေးလိပ်သောက်သုံးမှုထိန်းချုပ်ရေး ပိုမိုထိရောက်စွာဆောင်ရွက်ရန်နှင့် မကူးစက်တတ်သော ရောဂါများကာကွယ်ရေးအတွက် အတွေ့အကြုံများကို ပွင့်ပွင့်လင်းလင်း မျှဝေမည့် အလွန်အရေးကြီးသော ဆွေးနွေးပွဲတစ်ခုဖြစ်ပါကြောင်း။

မိမိနိုင်ငံအတွင်းက နှီးနွှယ်ဝန်ကြီးဌာနများ၊ လွှတ်တော်ကျန်းမာရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌများ၊ လူမှုရေးဝန်ကြီးများ၊ လူမှုရေးအဖွဲ့အစည်းများအပြင် ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နိုင်ငံ International Union Against Tuberculosis and Lung Disease (The Union)အဖွဲ့တို့မှ ပညာရှင်များက အတွေ့အကြုံများ မျှဝေဆွေးနွေးကြမည်ဖြစ်ပါကြောင်း။

မကူးစက်တတ်သော နာတာရှည်ရောဂါများ ကာကွယ်ခြင်းနှင့် ဆေးလိပ်ထိန်းချုပ်ရေးလုပ်ငန်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတစ်ခုတည်းက ဆောင်ရွက်၍ လုံးဝမရပါကြောင်း၊ နှီးနွှယ်ဝန်ကြီးဌာနများ၊ အထူးသဖြင့် ပညာရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြေပြင်၌ ဆောင်ရွက်နေသော လူမှုရေးအဖွဲ့အစည်းများ၊ တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရများအားလုံး၏ စုပေါင်းစွမ်းအားဖြင့် စနစ်ကျစွာ ပူးပေါင်းရမည်ဆိုသည်ကို ယခုဆွေးနွေးပွဲ၌ ဆွေးနွေးကြမည်ဖြစ်၍ အလွန်ကောင်းမွန်ပါကြောင်း။

ဆေးလိပ်သောက်ခြင်းဖြင့် ဖြစ်တတ်သော နာတာရှည်ရောဂါများဖြစ်ပါက ကာယကံရှင်လူနာနှင့် မိသားစုတွင် စိတ်ဆင်းရဲ၊ ငွေကုန်ကြေးကျများသကဲ့သို့ နိုင်ငံတော်အစိုးရသည်လည်း ဘဏ္ဍာငွေများ ကုန်ကျပါကြောင်း၊ အဆိုပါရောဂါများအတွက် ပြည်သူ့ဆေးရုံများတွင် အတတ်နိုင်ဆုံး အခမဲ့ကုသပေးလျက်ရှိပါကြောင်း၊ ယခုအချိန်တွင် ဤကိစ္စကို အထူးအလေးပြုဦးစားပေး၍ ကြိုးစားမဆောင်ရွက်ပါက နောင် ၁၀ နှစ်၊ ၁၅ နှစ်တွင် နိုင်ငံအတွင်း ကျန်းမာရေးအသုံးစရိတ်များ လွန်စွာကြီးမြင့်လာပြီး နိုင်ငံ၏စီးပွားရေး ထိခိုက်နိုင်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတွင် နောက်ဆုံးဆောင်ရွက်ခဲ့သော သုတေသနစစ်တမ်းအရလည်း ဆေးလိပ်သောက်သုံးမှုသည် အမျိုးသားများ၏ ၄၄ ရာခိုင်နှုန်း၊ ကွမ်းစားသုံးမှုသည် အမျိုးသားများ၏ ၆၂ ရာခိုင်နှုန်း ဖြစ်နေသဖြင့် အလွန်ထိတ်လန့်ဖွယ် အန္တရာယ်ရှိနေပါကြောင်း၊ ကျောင်းများတွင် ပြုလုပ်သော စစ်တမ်းများအရ ငယ်ရွယ်သောကျောင်းသား (၁၃ နှစ်မှ ၁၆ နှစ်အတွင်း)များအကြားတွင် ဆေးလိပ်သောက်မှု၊ ကွမ်းစားမှု ၁၃ ဒသမ ၆ ရာခိုင်နှုန်းတွေ့ရှိရပြီး ယောကျ်ားလေးများတွင် ၂၆ ရာခိုင်နှုန်း၊ မိန်းကလေးများတွင် လေးရာခိုင်နှုန်းတွေ့ရှိရသဖြင့် အလွန့်အလွန်စိုးရိမ်ဖွယ်ရာ ဖြစ်ပါကြောင်း၊ ယခုအခါ တက္ကသိုလ်များ၊ အခြေခံပညာကျောင်းများ၊ ဆေးရုံများတွင် ဆေးလိပ်ကင်းစင်ရေးလှုပ်ရှားမှုများလည်း ဆောင်ရွက်နေပါကြောင်း၊ (WHO Framework Convention on Tobacco Control-FCTC)ကို မြန်မာနိုင်ငံအပါအဝင် အဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၂ နိုင်ငံက ၂၀၀၃ ခုနှစ်တွင်အတည်ပြုခဲ့ပြီး မြန်မာနိုင်ငံသည် FCTC ကို အတည်ပြုပြီး စတင်၍ အကောင်အထည်ဖော်ဆောင်ရွက်သည့် နိုင်ငံများအနက် ၁၁ နိုင်ငံမြောက် ဖြစ်ခဲ့ပါကြောင်း။

ယခုအစည်းအဝေးမှ ထွက်ပေါ်လာမည့် ဆုံးဖြတ်ချက်များသည် လက်တွေ့ကျ၍ အမှန်တကယ်လုပ်ဆောင်နိုင်ပြီး မိမိနိုင်ငံနှင့်ကိုက်ညီသည့် အကြံပြုချက်များဖြစ်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(မြန်မာ)ရုံး ဌာနေကိုယ်စားလှယ် Dr. Stephen Paul Jost က ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဆေးလိပ်ထိန်းချုပ်ရေးနှင့် မကူးစက်တတ်သောရောဂါများ ကာကွယ်ရေးဆောင်ရွက်ချက်များကိုလည်းကောင်း၊ The Union အဖွဲ့ မြန်မာနိုင်ငံရုံး၏ ညွှန်ကြားရေးမှူး Mr. Nick Southern က The Union အဖွဲ့၏ မြန်မာနိုင်ငံတွင် ဆေးလိပ်ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကိုလည်းကောင်း၊ The Union Asia Pacific/ Singapore ၏ Deputy Regional Director Dr. Tara Singh Bam က ပူးပေါင်းဆောင်ရွက်သော အဖွဲ့အစည်းများနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအား ကျေးဇူးတင်စကားကိုလည်းကောင်း ပြောကြားခဲ့ကြသည်။

ညီလာခံကို ဇွန် ၂၆ ရက်အထိ Symposium များ၊ Panel ဆွေးနွေးခြင်းများ၊ Plenary Session များဖြင့် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း WWF မှ Country Director နှင့် အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၂၅**
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် World Wide Fund for Nature-WWF မှ Country Director, Dr. A.Christy Williams နှင့်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် ပြည်ထောင်စုဝန်ကြီးရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် WWF မှ ဆောင်ရွက်လျက်ရှိသော တောရိုင်းတိရစ္ဆာန်စာရင်းကောက်ယူခြင်း၊ တောဆင်များ ရေဒီယိုကော်လာတပ်ဆင်ခြင်းလုပ်ငန်း၊ အမဲလိုက်မှု တိုက်ဖျက်ခြင်းဆိုင်ရာ အသိပညာပေးလုပ်ငန်းနှင့် ပစ္စည်းကိရိယာထောက်ပံ့ပေးမှု၊ Myanmar Wildlife College သင်တန်းကျောင်းတည်ထောင်ရန် ဆောင်ရွက်မှု၊ ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေး နယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေအသစ်ပြဋ္ဌာန်းနိုင်မှုနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များ၊ ထားဝယ်အထူးစီးပွားရေးဇုန်သို့ လမ်းဖောက်လုပ်ခြင်းအတွက် ပတ်ဝန်းကျင်မထိခိုက်စေရေး ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများ၊ Wildlife Tourism လုပ်ငန်းဖွံ့ဖြိုးတိုးတက်လာရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်မှုများ၊ ၂၀၁၈ ခုနှစ် အောက်တိုဘာလတွင် လန်ဒန်၌ ကျင်းပမည့် Illegal Wildlife Trade Conference သို့ မြန်မာနိုင်ငံ တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးလုပ်ငန်းများ တင်ပြနိုင်ရေး စီစဉ်ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၂၅**
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာ စကော့ အလန်မာစီရယ်နှင့်အဖွဲ့အား ယနေ့နံနက် ၉ နာရီခွဲတွင် အဆိုပါဝန်ကြီးရုံး၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**

ထိုသို့တွေ့ဆုံစဉ် မြန်မာ-အမေရိကန် နှစ်နိုင်ငံအကြား စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများကို ဆွေးနွေးနိုင်ရန်အတွက် အမေရိကန်နိုင်ငံတွင် ကျင်းပမည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဖိုရမ်သို့ မြန်မာစီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်နေမှုအခြေအနေ၊ နိုင်ငံခြားသားကုမ္ပဏီ၊ မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားသား ပေါင်းစည်းဆောင်ရွက်သည့် ကုမ္ပဏီများအား ပြည်တွင်းတွင် လက်လီလက်ကား ရောင်းချခွင့်ပြုလိုက်ခြင်းအပေါ် အမေရိကန် စီးပွားရေး လုပ်ငန်းရှင်များက စိတ်ဝင်စားကြပြီး လယ်ယာစိုက်ပျိုးရေး ကဏ္ဍတွင် လာရောက်ရင်းနှီးမြှုပ်နှံလိုသည့်အတွက် အဆိုပါကဏ္ဍကိုပါ ဖွင့်လှစ်ပေးသွားနိုင်ရေး၊ အမေရိကန်နိုင်ငံအပါအဝင် အနောက်နိုင်ငံများမှ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာရေး၊ USAid က မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာအကူအညီများနှင့် အစိုးရဝန်ထမ်းများအတွက် စွမ်းရည်မြှင့်တင်ရေး သင်တန်းများ ပံ့ပိုးပေးရေးတို့အတွက် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# အရည်အသွေးမြင့်မားသော ရုပ်သံအစီအစဉ် ရိုက်ကူးထုတ်လွှင့်နိုင်ရေးအတွက် ရွှေသံလွင်ကုမ္ပဏီလီမိတက်နှင့် NHK တို့ ပူးပေါင်းဆောင်ရွက်မည်

**ရန်ကုန် ဇွန် ၂၅**
အစိုးရသစ်ကာလတွင် ဂျပန်နှင့် မြန်မာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ပူးပေါင်းဆောင်ရွက်မှုများ နယ်ပယ်အသီးသီးတွင် ရှိနေပြီးဖြစ်ကြောင်း၊ DVC ကုမ္ပဏီ (Dream Vision Co.,Ltd.) မှ မြန်မာနိုင်ငံရှိ ပြည်သူလူထုအတွက် ဂျပန်နိုင်ငံ၏ သတင်းများ၊ ယဉ်ကျေးမှုများ၊ ကမ္ဘာကြီးတွင် ဖြစ်ပျက်နေသည့် အခြေအနေများကို မြန်မာပြည်သူများသိရှိ ကြည့်ရှုနိုင်ခွင့်ရမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောကြားသည်။ **(ယာပုံ)**




ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ Melia ဟိုတယ်၌ ကျင်းပသည့် ရွှေသံလွင်ကုမ္ပဏီလီမိတက်နှင့် ဂျပန်နိုင်ငံ NHK တို့ ပူးပေါင်း၍ Myanmar National ရုပ်သံလိုင်း (MNTV)တွင် အရည်အသွေးမြင့်မားသော ရုပ်သံအစီအစဉ်များ ရိုက်ကူးထုတ်လုပ်နိုင်ရေးအတွက် ထူထောင်ခဲ့သည့် DVC ကုမ္ပဏီ (Dream Vision Co., Ltd.) စတင်မိတ်ဆက်ခြင်းအခမ်းအနားတွင် ဝန်ကြီးချုပ်က ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့နောက် ဂျပန်အစိုးရအဖွဲ့ကိုယ်စား ဂျပန်နိုင်ငံ ဝန်ကြီးချုပ်၏ အထူးအကြံပေး မစ္စတာအိဇုမိက ပေးပို့သည့်သဝဏ်လွှာပါ ယခုကုမ္ပဏီထူထောင်ရန် မြန်မာ-ဂျပန် နှစ်နိုင်ငံမှ ကူညီပေးသူများကို ကျေးဇူးတင်ပါကြောင်း၊ ဂျပန်အစိုးရက မြန်မာနိုင်ငံ တိုးတက်ရေးအတွက် အစွမ်းကုန် ကူညီပေးရန် ဆုံးဖြတ်ထားပါကြောင်း၊ အထူးသဖြင့် ၂၀၁၆ ခုနှစ်မှစတင်ပြီး ငါးနှစ်အတွင်း အမေရိကန်ဒေါ်လာ ရှစ်ဘီလီယံ ကူညီပူးပေါင်းဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်နေပါကြောင်း၊ မြန်မာနိုင်ငံ ဒီမိုကရေစီနိုင်ငံ ထူထောင်ရာတွင် ရုပ်မြင်သံကြားထုတ်လွှင့်ရေးကဏ္ဍသည်လည်း အရေးကြီးပါကြောင်း၊ မြန်မာပြည်သူလူထု လိုအပ်သည့် သတင်းများကို ပေးနိုင်သည့်တာဝန်ကို ထမ်းဆောင်နိုင်ပါကြောင်း၊ ဂျပန်နိုင်ငံသည် ၁၉၈၀ ပြည့်နှစ်ဝန်းကျင်ခန့်မှစ၍ မြန်မာနိုင်ငံ၏ အသံထုတ်လွှင့်ရေးကဏ္ဍများကို အကူအညီများပေးခဲ့ပြီး ဆက်၍ပေးနေပါကြောင်း၊ မြန်မာ-ဂျပန် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုအဖြစ် ယခုဖွင့်လှစ်လိုက်သည့် ကုမ္ပဏီက ဂျပန်မှ နည်းပညာဖြင့် ပို၍အဆင့်မြင့်သည့် ရုပ်မြင်သံကြားအစီအစဉ်များကို မြန်မာလူထုက မြင်ကြားနိုင်မည်ဟု ခိုင်မာစွာယုံကြည်ပါကြောင်း၊ ထို့ကြောင့် ယနေ့မှစကာ မြန်မာ-ဂျပန် ယဉ်ကျေးမှုသာမက လူထုအချင်းချင်း နားလည်မှုများပါ ဆက်ပြီးတိုးတက်လာမည်ဟု ယုံကြည်ပါကြောင်း၊ DVC ၏ အောင်မြင်မှု၊ မြန်မာနိုင်ငံ၏ ရုပ်မြင်သံကြားထုတ်လွှင့်ရေး အောင်မြင်မှုသည် မြန်မာ-ဂျပန် ချစ်ကြည်ရေးတိုးတက်မှုကို ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း အမှာစကားကို မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး Mr.Maruyama Ichiro က ဖတ်ကြားသည်။

DVC တွင် ပါဝင်ရင်းနှီးမြှုပ်နှံခဲ့ကြသော ဂျပန်ရှယ်ယာရှင်များဖြစ်ကြသည့် CJF ဥက္ကဋ္ဌ မစ္စတာလီဂျီမာ၊ JICT ဥက္ကဋ္ဌ မစ္စတာ တာကာရှီမာ၊ JIB ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် မစ္စတာရှီမီဇူတို့ကလည်း "ယနေ့ ဖွင့်လှစ်လိုက်တဲ့ ကုမ္ပဏီအသစ်ကတစ်ဆင့် ဂျပန်နိုင်ငံရဲ့ လူကြိုက်များတဲ့ ရုပ်သံအစီအစဉ်တွေပါဝင်တဲ့ ပူးပေါင်းထုတ်လွှင့်မှုတွေ၊ ရုပ်သံလွှင့်ကုမ္ပဏီရဲ့ စီမံခန့်ခွဲမှုအသိပညာအသုံးပြုမှုကို မျှဝေပေးလိုတဲ့အပြင် စတူဒီယိုနောက်ဆုံးပေါ် ရုပ်သံလွှင့်ကိရိယာတွေသုံးပြီး မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေကို ပူးပေါင်းကူညီပေးသွားမှာဖြစ်ပါတယ်၊ နှစ်နိုင်ငံကြားပေါင်းကူးသဖွယ် အထောက်အကူပြုနိုင်မယ်လို့လည်း မျှော်လင့်ပါတယ်၊ DVC က ဖန်တီးထုတ်လုပ်မယ့် ရုပ်သံအစီအစဉ်တွေမှာ မြန်မာပြည်ရဲ့ တိုးတက်ပြောင်းလဲမှုအသစ်တွေအတွက် များစွာအထောက်အကူပြုသွားမယ်လို့ ယုံကြည်ပါတယ်၊ DVC ရဲ့ ပရိုဂရမ်တွေကို MNTV ရုပ်သံလိုင်းက ထုတ်လွှင့်သွားမှာ ဖြစ်ပါတယ်။ DVC ထုတ်လွှင့်မှုတွေကို မြန်မာပြည်သူလူထု စိတ်ဝင်စားယုံကြည်ရတဲ့ ရုပ်သံလိုင်းတစ်ခုဖြစ်အောင် ဆောင်ရွက်သွားမယ်၊ NHK နဲ့ ရွှေသံလွင်မီဒီယာဂရုရဲ့ တွေ့ဆုံမှုက လွန်ခဲ့တဲ့ ခြောက်နှစ်မတိုင်မီက Skynet မှာ NHK ထုတ်လွှင့်မှုက အစပြုခဲ့ရာကနေ အခုလို ကုမ္ပဏီ ထူထောင်တဲ့အထိ ပြောင်းလဲတိုးတက်လာခဲ့ပါတယ်" ဟု ပြောကြားခဲ့ကြသည်။

"DVC က တင်ဆက်မယ့် အစီအစဉ်တွေ၊ တကယ်ကောင်းမယ့် တင်ဆက်မှုတွေကို ဆက်လက်အားပေးပါ၊ အားလုံးအတွက်၊ နိုင်ငံအတွက်၊ နှစ်နိုင်ငံချစ်ကြည်ရေး အတွက် ဦးတည်တာဖြစ်တဲ့အတွက် အားလုံးပူးပေါင်းပေးပါလို့လည်း ပြောချင်ပါတယ်၊ Edutainment၊ Entertainment နဲ့ Infortainment တွေကို အဓိကထားပြီး ဘက်ပေါင်းစုံက အားလုံးပူးပေါင်းပါဝင်ဖို့ ပြောချင်ပါတယ်" ဟု DVC ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဒေါ်နန်းမောက်လောင်ဝ်ဆိုင်က ပြောသည်။

DVC ကုမ္ပဏီ(Dream Vision Co.,Ltd.)ကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) ၏ ခွင့်ပြုချက်ဖြင့် ထူထောင်ခဲ့ခြင်းဖြစ်ပြီး NHK နှင့် MNTV တို့ ပူးပေါင်း၍ ပြည်သူများအတွက် ပိုမိုစိတ်ဝင်စားဖွယ်ကောင်းသော အစီအစဉ်များ၊ လူငယ်များဘဝအတွက် အထောက်အကူပြုမည့် သုတ၊ ရသ အစီအစဉ်များကို ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီးက "မြန်မာနိုင်ငံက ကျွန်တော်တို့ ဂျပန်နိုင်ငံအတွက် ကျေးဇူးရှိတဲ့ နိုင်ငံဖြစ်ပါတယ်၊ မြန်မာနိုင်ငံက နိုင်ငံရေး၊ စီးပွားရေးအရ အင်မတန်အရေးကြီးတဲ့အချိန်ကို ရောက်နေပါပြီ၊ အဲဒီအချိန်ကို ကျော်လွှားနိုင်ရင် မြန်မာနိုင်ငံရဲ့အနာဂတ်ဆိုတာ တိုးတက်ပြီး အလားအလာကောင်းမွန်မှာပါ၊ မြန်မာနိုင်ငံကို အစွမ်း ကုန်အကူအညီပေးဖို့ဆိုတာက ကျွန်တော်တို့ ဂျပန်အစိုးရရဲ့ ရပ်တည်ချက်ဖြစ်ပါတယ်၊ နှစ်နိုင်ငံလူထုအချင်းချင်း နားလည်မှုအပြည့်အဝရှိမှ ပိုပြီး ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်နိုင်မယ်ဆိုတာ ခိုင်မာစွာယုံကြည်ပါတယ်၊ ပြည်သူလူထုအချင်းချင်း နားလည်မှုရဖို့အတွက် ယဉ်ကျေးမှုဖလှယ်ရေးကို စဉ်းစားတဲ့အခါ ရုပ်မြင်သံကြားကို ကျွန်တော်တို့ ဂျပန်နဲ့ မြန်မာ ပူးပေါင်းပြီး ထုတ်လွှင့်နိုင်မယ်ဆိုရင် ပိုပြီး ထိထိရောက်ရောက်နဲ့ နားလည်မှု ပိုပြီးတိုးတက်နိုင်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်၊ အခုမြန်မာနိုင်ငံက ထုတ်လွှင့်နေတဲ့ ရုပ်မြင်သံကြားအစီအစဉ်တွေကလည်း ကောင်းပါတယ်၊ အဲဒီကောင်းတဲ့ အစီအစဉ်တွေကို ပိုပြီးတော့ ကောင်းအောင် မြန်မာပြည်သူလူထုသာမက နိုင်ငံတကာကလည်း ပိုပြီး လက်ခံနိုင်အောင် ကျွန်တော်တို့ မြန်မာကုမ္ပဏီများနဲ့ ပူးပေါင်းပြီးလုပ်ဆောင်တဲ့ ဆန္ဒသဘော ဖြစ်ပါတယ်၊ မြန်မာနိုင်ငံကို လာလည်ချင်တဲ့ ဂျပန်လူမျိုး ခရီးသွားတွေ အများကြီးရှိပါတယ်၊ မြန်မာနိုင်ငံ၊ မြန်မာ လူမျိုးကို ကျွန်တော်တို့ သံယောဇဉ်ရှိပါတယ်၊ အခု ရုပ်မြင်သံကြားအစီအစဉ်က ထုတ်လွှင့်လိုက်မယ်ဆိုရင် ဂျပန်နိုင်ငံက ဂျပန်လူမျိုးတွေအားလုံးတောင်မှ လာလည်ကြမယ်လို့ ကျွန်တော်ယူဆပါတယ်"ဟု မြန်မာ့သတင်းစဉ်၏ မေးမြန်းမှုကို ဖြေကြားသည်။

**ဝင်းဝင်းမော်၊ နန္ဒာဝင်း၊ ဓာတ်ပုံ- ဇော်မင်းလတ်**

# ကျန်းမာသက်ရှည်ခြင်း၏ လျှို့ဝှက်ချက်များ- ၁

ဒေါက်တာဇော်ထွန်းလင်း
(ဆေးပညာမဟာသိပ္ပံ)




**ကျန်းမာခြင်း၏ အခြေခံသဘောတရားများ**

လူတစ်ယောက်၏ ကျန်းမာရေးကောင်းလျှင် နေ၍ကောင်းသည်၊ စားဝင်အိပ်ပျော်သည်၊ အလုပ်လုပ်ရတာ ပျော်သည်၊ အလုပ်လုပ်ရတာမမော၊ သက်လုံကောင်းသည်၊ ကိုယ်ခံအားကောင်းသည်၊ ကိုယ်ခံအားကောင်းသဖြင့် ရောဂါပိုးဝင်ရောက်သော်လည်း ရောဂါပိုးကို တိုက်ထုတ်နိုင်သည်။

လူ၏ခန္ဓာကိုယ်ကို ကလာပ်စည်း(Cell)များဖြင့် တည်ဆောက်ထားသည်။ အရေပြား၊ ကြွက်သား၊ အရိုး၊ နှလုံး၊ ကျောက်ကပ်၊ ဦးနှောက် စသည်ဖြင့် ဆဲလ်အမျိုးမျိုးရှိသော်လည်း အခြေခံဆဲလ်တည်ဆောက်ပုံမှာ တူညီသည်။ ဆဲလ်အတွင်းနှင့်အပြင် ရေဓာတ်၊ ဆားဓာတ်၊ အာဟာရဓာတ် စသည်တို့ ဝင်/ထွက်၍ ဆဲလ်၏ လုပ်ငန်းဆောင်တာများကို လုပ်ဆောင်ကြခြင်းဖြင့် ဆဲလ်အသက်ရှင်ခြင်းကို ဖြစ်စေသည်။

ဆဲလ်အသက်ရှင်ဖို့အတွက် အဓိကမှာ ဂလူးကို့စ်နှင့် အောက်ဆီဂျင်တို့ဖြစ်သည်။ ဂလူးကို့စ်နှင့် အောက်ဆီဂျင်ပေါင်း၍ အေတီပီခေါ် စွမ်းအင်ကို ရရှိသည်။ ထိုသို့ ခန္ဓာကိုယ်ဆဲလ်အသီးသီး ရှင်သန်လှုပ်ရှားနိုင်ဖို့အတွက် စွမ်းအင်မပြတ်လိုသည်။

စွမ်းအင်မပြတ်ရရှိရန်အတွက် ဂလူးကို့စ်နှင့် အောက်ဆီဂျင် မပြတ်လိုသည်။ ဂလူးကို့စ်နှင့် အောက်ဆီဂျင်မှ စွမ်းအင်ထုတ်လုပ်ဖို့အတွက် ရေဓာတ်၊ ဓာတ်ဆားဓာတ်၊ PH မျှခြေနှင့် သင့်တင့်ကောင်းမွန်သော အပူချိန်စသည့် အချက်အလက်၊ အခြေအနေများစွာလိုအပ်သည်။

အောက်ဆီဂျင်ကို လေထုထဲမှ အသက်ရှူခြင်းဖြင့် ရရှိသည်။ နှာခေါင်းမှ ရှူသွင်းလိုက်သောလေသည် အသက်ရှူလေပြွန်မှတစ်ဆင့် အဆုတ်လေအိတ်ငယ်ထဲသို့ ရောက်သည်။ အဆုတ်လေအိတ်ငယ်နံရံရှိ သွေးကြောများထဲသို့ အောက်ဆီဂျင်သည် စိမ့်ဝင်သည်။

ခန္ဓာကိုယ်အတွက် အောက်ဆီဂျင်လုံလောက်စွာရရန် ရှူရှိုက်သောလေသည် လေကောင်းလေသန့် ဖြစ်ဖို့လိုသည်။ လေထုညစ်ညမ်းမှုရှိသော နေရာတွင် နေထိုင်လျှင် အောက်ဆီဂျင်လုံလောက်စွာ မရသည့်အပြင် အဆိပ်ဓာတ်ငွေ့များ (ဥပမာ- ကာဗွန်ဒိုင်အောက်ဆိုက်နှင့် ကာဗွန်မိုနောက်ဆိုက်ဓာတ်ငွေ့များ)သည် ခန္ဓာကိုယ်ဆဲလ်များကို ဒုက္ခပေးသည်။ လေကောင်းလေသန့်ရသော်လည်း အသက်ရှူလမ်းကြောင်းနှင့် အဆုတ်များ ကောင်းမွန်ပါမှ အောက်ဆီဂျင်လုံလောက်စွာ ရရှိမည်ဖြစ်ပါသည်။

ဆဲလ်များ အသက်ရှင်ရပ်တည်ရန်လိုအပ်သော ဂလူးကို့စ်ကို လူတို့စားသုံးသော အစားအစာမှ ရသည်။ စားလိုက်သော အစားအစာကို တံတွေးမှစ၍ အစာအိမ်၊ အူလမ်းကြောင်းရှိ အစာချေရည်များက ချေဖျက်၍ ရရှိလာသော ဂလူးကို့စ်ကို အူသိမ်နံရံမှ စုပ်ယူကာ သွေးထဲသို့ ရောက်သည်။ သွေးထဲမှ ခန္ဓာကိုယ်အနှံ့အပြားရှိ ဆဲလ်အသီးသီးသို့ ရောက်သည်။ စားလိုက်သော အစားအစာတွင် အဓိကအားဖြင့် ကစီဓာတ်၊ အသားဓာတ်နှင့် အဆီဓာတ်ဟူ၍ ပါဝင်သည်။

ကစီဓာတ်မှ ဂလူးကို့စ်၊ အသားဓာတ်မှ အမိုင်နိုအက်စစ်နှင့် အဆီဓာတ်မှ အဆီအက်စစ်နှင့် ကိုလက်စထရောတို့ကို ရရှိသည်။ အမိုင်နိုအက်စစ်သည် ကြွက်သားများနှင့် တစ်သျှူးများ တည်ဆောက်ရာတွင် သုံးသည်။ အဆီဓာတ်များကို အောက်ဆီဂျင်ပို့ဆောင်ရာတွင် လည်းကောင်း၊ ဂလူးကို့စ်မရှိသောအခါ စွမ်းအင်အဖြစ် လည်းကောင်း၊ ကိုလက်စထရောကို ဆဲလ်များ၏နံရံမြေးအဖြစ် လည်းကောင်း အသုံးပြုသည်။

လူတစ်ယောက်၏ အထွေထွေကျန်းမာရေးကို နားလည်ရန် ယခုကဲ့သို့ ဆဲလ်၏ ဇီဝကမ္မသဘောတရားကို တင်ပြပြီးနောက် အထွေထွေကျန်းမာရေးအတွက် အခြေခံမှုများကို ဆက်လက်တင်ပြလိုပေသည်။

**(က) ပတ်ဝန်းကျင်သန့်ရှင်းရေး**

ရေကောင်းရေသန့်ရရှိရေး၊ လေကောင်းလေသန့်ရရှိရေးနှင့် အညစ်အကြေးနှင့် အမှိုက်များကို စနစ်တကျ စွန့်ပစ်ရေးတို့ပါဝင်သည်။ ရေကောင်းရေသန့်နှင့် အောက်ဆီဂျင် အပြည့်အဝရမှ ခန္ဓာကိုယ်ဆဲလ်များ၏ ဇီဝကမ္မဖြစ်စဉ်လုပ်ငန်းများချောမွေ့၍ ကျန်းမာရေးကောင်းမည် ဖြစ်ပါသည်။ ပတ်ဝန်းကျင်သန့်ရှင်းမှုမရှိက ရောဂါပိုးများ ပေါက်ပွား၍ ထိုရောဂါပိုးများကူးစက်လျှင် ရောဂါဖြစ်ပွားမည်၊ ရောဂါများကြောင့် ကျန်းမာရေးထိခိုက်ခြင်း၊ သေဆုံးခြင်းများ ဖြစ်နိုင်ပါသည်။

**(ခ) တစ်ကိုယ်ရေ သန့်ရှင်းခြင်း**

ရေမှန်မှန်ချိုးခြင်းဖြင့် အရေပြားတွင် ကပ်ငြိနေသော အညစ်အကြေးများ၊ ရောဂါပိုးများကို လျော့ပါးစေသဖြင့် ကျန်းမာရေးအတွက် အထောက်အကူပြုသည်။ မျက်နှာသစ်ခြင်း၊ သွားတိုက်ခြင်း၊ ခေါင်းလျှော်ခြင်း၊ လက်ဆေးခြင်းတို့သည်လည်း တစ်ကိုယ်ရေကျန်းမာရေးအတွက်ပင်။ အရေးအကြီးဆုံးမှာ မိမိ၏လက်များကို သန့်ရှင်းစွာ ထားခြင်းပင်ဖြစ်သည်။ လက်မသန့်ရှင်းပါက လက်မှတစ်ဆင့် ရောဂါများရနိုင်သည်။

**(ဂ) အစာအာဟာရကဏ္ဍ**

ကိုယ်ခန္ဓာဆဲလ်များသည် အစာအာဟာရလုံလောက်စွာရမှ အသက်ရှင်နိုင်သည်။ သက်ဆိုင်ရာ လုပ်ငန်းဆောင်တာများ လုပ်ဆောင်နိုင်မည်။ ကစီဓာတ်၊ အသားဓာတ်၊ အဆီဓာတ်၊ ဗီတာမင်နှင့် သတ္တုဓာတ်များ လိုအပ်သည်။ ဓာတ်တစ်ခုခုချို့တဲ့လျှင် ဆဲလ်လုပ်ငန်း ချို့ယွင်းမည်။ အထွေထွေကျန်းမာရေး မကောင်းတော့။

**(ဃ) ကိုယ်လက်လှုပ်ရှားမှု**

ခန္ဓာကိုယ် အဆီပိုများကို လျော့စေသည်။ ကိုယ်လက်လှုပ်ရှားမှု မရှိလျှင် အဆီပိုများကြောင့် အဝလွန်ခြင်းကို ဖြစ်စေသည်။ ဝခြင်းသည် ရောဂါတစ်မျိုးဟု ဆိုကြသည်။ ဝခြင်းသည် သွေးတိုး၊ နှလုံး၊ ဆီးချိုအပြင် ဒူးနာ၊ ခါးနာ စသည်တို့ကို ဖြစ်စေသည်။

**(င) အိပ်စက်အနားယူခြင်း**

အထွေထွေကျန်းမာရေးအတွက် အရေးကြီးသော ဆေးတစ်ခွက်ဖြစ်သည်။ တစ်နေ့ ရှစ်နာရီခွဲ အိပ်စက်အနားယူမှ ကျန်းမာရေးကောင်းမည်။ အိပ်စက်ခြင်းဖြင့် ခန္ဓာကိုယ်၏ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ အနားရခြင်းသာမက ကိုယ်ခံစွမ်းအားကို မြင့်စေသည်။ အိပ်ရေးပျက်ခြင်းကို မည်သည့်အရာနှင့်မျှ အစားထိုး၍ မရ။ အရေးတကြီး ကိစ္စမရှိဘဲ အိပ်ရေးအပျက်မခံသင့်ပါ။

**(စ) စိတ်ဖိစီးမှု**

အလုပ်ကိစ္စ၊ ကျောင်းကိစ္စ ဘဝတွင် ကြီးမားသော အပြောင်းအလဲဖြစ်ခြင်း၊ ထိခိုက်ဒဏ်ရာရခြင်း၊ ကျန်းမာရေးချို့တဲ့ခြင်း၊ ရောဂါဖြစ်ခြင်း စသည်များသည် စိတ်ဖိစီးမှုကို ဖြစ်စေနိုင်သည်။ စိတ်ဖိစီးမှုဖြစ်သောအခါ သွေးထဲတွင် အယ်ဒီနယ်လင်ဟော်မုန်းထွက်သည်။ ထိုအခါ ခန္ဓာကိုယ်သည် ကြုံတွေ့ရသည့်ကိစ္စကို ရင်ဆိုင်မည်လား၊ ရှောင်မည်လားဟု ဆုံးဖြတ်၍ ခန္ဓာကိုယ်ကို အသင့်ဖြစ်စေသည်။ ရုတ်တရက်ဖြစ်သောကိစ္စအတွက် အယ်ဒီနယ်လင်ထွက်ခြင်းသည် အကျိုးရှိသော်လည်း နာတာရှည်စိတ်ဖိစီးမှုဖြစ်လာသောအခါ စိတ်တိုခြင်း၊ သွေးတိုးခြင်း၊ နှလုံးထိခိုက်ခြင်း၊ ခေါင်းမူးခြင်း၊ ခေါင်းကိုက်ခြင်း၊ အမြင်ဝေဝါးခြင်း၊ အိပ်မပျော်ခြင်း၊ စိုးရိမ်ကြောက်ရွံ့ခြင်း၊ အစာမကြေခြင်း စသည်ဖြင့် ခန္ဓာကိုယ်တွင် လက္ခဏာအမျိုးမျိုး ပေါ်နိုင်သည်။ ကဖင်းနှင့် သကြားသည် အယ်ဒီနယ်လင်ဟော်မုန်းထွက်ခြင်းကို များစေသည်။ စိတ်ဖိစီးမှုကို တိုးစေသည်။

**(ဆ) သွေးအားနည်းခြင်း**

သွေးထဲမှ ဟေမိုကလိုဗင်သည် အောက်ဆီဂျင်ကို သယ်ဆောင်ပေးသည်။ ဟေမိုကလိုဗင်နည်းသောအခါ ဆဲလ်များက အောက်ဆီဂျင်လုံလောက်စွာ မရရှိသဖြင့် အထွေထွေကျန်းမာရေးကို ထိခိုက်သည်။ ဟေမိုကလိုဗင်တွင် သံဓာတ် အဓိကပါဝင်သည်။ သို့ဖြစ်ရာ သွေးအားကောင်းရန်အတွက် သံဓာတ်ပါသော အစားအစာ (ဥပမာ- ဟင်းနုနယ်ရွက်၊ အသည်း၊ ကန်စွန်းရွက် စသည်)များ စားပေးရန်လိုသည်။ သွေးထဲတွင် ဟေမိုကလိုဗင်ပမာဏကို စစ်ဆေး၍ လိုအပ်ပါက သံဓာတ်ပါသောအားဆေး မှီဝဲရန်လိုသည်။ အခြားသွေးအားနည်းစေသော အကြောင်းအရာများ (ဥပမာ လိပ်ခေါင်းမှ သွေးယိုခြင်း၊ နာတာရှည်သွေးဝမ်းသွားခြင်း၊ အစာအိမ်သွေးယိုခြင်း၊ အမျိုးသမီးများ ရာသီသွေးများခြင်း)သည် သံဓာတ်ဆုံးရှုံးမှုကို ဖြစ်ပေါ်စေသဖြင့် ယင်းရောဂါများရှိပါက အချိန်မီကုသဖို့လိုသည်။ အချိန်မီမကုသပါက သွေးအားနည်း နှလုံးရောဂါဖြစ်၍ အမောဖောက်ခြင်း၊ သေဆုံးခြင်းဖြစ်နိုင်သည်။

**(ဇ) သွေးထုထည်ပမာဏ**

ရေလုံလောက်စွာ မသောက်ခြင်း၊ ဝမ်းလျှောခြင်း၊ အန်ခြင်း၊ အစာအိမ်နှင့် အူလမ်းကြောင်းအတွင်း သွေးယိုခြင်း၊ လိပ်ခေါင်းနှင့် စအိုကွဲနာမှ သွေးယိုခြင်း၊ အမျိုးသမီးများ သားအိမ်မှ သွေးသွန်ခြင်း စသည်များရှိလျှင် သွေးထုထည်ကျခြင်းကြောင့် သွေးပေါင်ချိန်ကျ၍ မူးဝေခြင်း၊ သွေးပျက်ထိတ်လန့်ခြင်းအထိဖြစ်၍ ကျန်းမာရေး ထိခိုက်နိုင်ပါသည်။

**(ဈ) ဝမ်းချုပ်ခြင်း**

"ဝမ်းတစ်လုံးကောင်းရင် ခေါင်းမခဲ" ဆိုသော စကားအတိုင်း ဝမ်းချုပ်လျှင် ခေါင်းကိုက်ခြင်း၊ မအီမသာဖြစ်ခြင်းမှသည် ကြာရှည်ပါက အူမကြီးနှင့် စအိုကင်ဆာ၊ လိပ်ခေါင်း၊ စအိုကွဲနာများ ဖြစ်နိုင်သည်။

**(ည) ဆီးမှန်ခြင်း**

ဆီးနည်းခြင်း၊ ဆီးချုပ်ခြင်းတို့သည် အကြောင်းအမျိုးမျိုးကြောင့် ဖြစ်နိုင်သည်။ ရေသောက်နည်းခြင်း၊ ကျောက်ကပ်မကောင်းခြင်း၊ ဆီးလမ်းကြောင်း မဖြောင့်ဖြူးခြင်း၊ ဆီးလမ်းကြောင်းပိုးဝင်ခြင်း၊ ကျောက်တည်ခြင်းတို့ကြောင့် အဖြစ်များသည်။ ဆီးထဲတွင် ယူရီးယား စသည့် ခန္ဓာကိုယ်အတွက် အဆိပ်အတောက်ဖြစ်စေသော ဓာတ်များ၊ ခန္ဓာကိုယ်အတွက် မလိုသောဓာတ်များ စွန့်ထုတ်ရုံသာမက ကျောက်ကပ်သည် ခန္ဓာကိုယ်၏ အချဉ်၊ အခါးမျှခြေကို ထိန်းညှိပေးခြင်းဖြင့် ခန္ဓာကိုယ်၏ လုပ်ငန်းဆောင်တာများကို မှန်မှန်ကန်ကန် လုပ်ဆောင်နိုင်စေသည်။ ဆီးမထုတ်နိုင်တော့လျှင် အဆိပ်အတောက်များ (အထူးသဖြင့် ယူရီးယား)သွေးထဲတွင် မြင့်တက်လာပါက သတိမေ့မြောခြင်းဖြစ်၍ အသက်သေဆုံးသည်အထိ ဖြစ်နိုင်သည်။ အချဉ်၊ အခါးမျှခြေ ပျက်သွားပါကလည်း ခန္ဓာကိုယ်ပီအိတ်ချ် ပုံမှန်မဖြစ်တော့ဘဲ ဆဲလ်လုပ်ငန်းများ ချို့ယွင်း၍ အသက်အန္တရာယ်ရှိလာနိုင်သည်။ ။

အလုပ်ကိစ္စ၊ ကျောင်းကိစ္စ ဘဝတွင် ကြီးမားသောအပြောင်းအလဲဖြစ်ခြင်း၊ ထိခိုက်ဒဏ်ရာရခြင်း၊ ကျန်းမာရေးချို့တဲ့ခြင်း၊ ရောဂါဖြစ်ခြင်း စသည်များသည် စိတ်ဖိစီးမှုကို ဖြစ်စေနိုင်သည်။ စိတ်ဖိစီးမှုဖြစ်သောအခါ သွေးထဲတွင် အယ်ဒီနယ်လင်ဟော်မုန်းထွက်သည်။ ထိုအခါ ခန္ဓာကိုယ်သည် ကြုံတွေ့ရသည့်ကိစ္စကို ရင်ဆိုင်မည်လား၊ ရှောင်မည်လားဟု ဆုံးဖြတ်၍ ခန္ဓာကိုယ်ကို အသင့်ဖြစ်စေသည်။ ရုတ်တရက်ဖြစ်သော ကိစ္စအတွက် အယ်ဒီနယ်လင်ထွက်ခြင်းသည် အကျိုးရှိသော်လည်း နာတာရှည်စိတ်ဖိစီးမှုဖြစ်လာသောအခါ စိတ်တိုခြင်း၊ သွေးတိုးခြင်း၊ နှလုံးထိခိုက်ခြင်း၊ ခေါင်းမူးခြင်း၊ ခေါင်းကိုက်ခြင်း၊ အမြင်ဝေဝါးခြင်း၊ အိပ်မပျော်ခြင်း၊ စိုးရိမ်ကြောက်ရွံ့ခြင်း၊ အစာမကြေခြင်း စသည်ဖြင့် ခန္ဓာကိုယ်တွင် လက္ခဏာအမျိုးမျိုး ပေါ်နိုင်သည်။

❖ **ရှေ့ဖုံးမှ**

အခင်းအကျင်း ကိစ္စ၊ ညီလာခံသို့ ဖိတ်ကြားမည့် လေ့လာသူ အရေအတွက် သတ်မှတ်ရေးကိစ္စ၊ ညီလာခံသို့ NCA လက်မှတ်မရေးထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအား ဖိတ်ကြားရေးကိစ္စ၊ ညီလာခံအတွက် ပေါင်းစပ်ညှိနှိုင်းရေးကိစ္စနှင့် (၁၅)ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အစည်းအဝေးအစီအစဉ် ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာကြသူများက တင်ပြချက်များအပေါ် ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြသည်။

အစည်းအဝေးသို့ ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူးအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း) ဦးခင်ဇော်ဦး၊ ဦးအောင်စိုး၊ ဗိုလ်ချုပ်စိုးနိုင်ဦး၊ ဦးဇော်ဌေး၊ ဦးလှမောင်ရွှေ၊ ပဒိုစောတာဒိုမူး၊ ဦးမျိုးဝင်း၊ ဦးစိုင်းငင်း၊ စောမြရာဇာလင်း၊ ခွန်မြင့်ထွန်း၊ ဦးမြင့်စိုး၊ ဦးနိုင်ငံလင်း၊ စိုင်းကျော်ညွန့်၊ မင်းကျော်ဇေယျာဦးနှင့် တာလှဖေတို့ တက်ရောက်ကြသည်။

**မျိုးမြင့် (သတင်းစဉ်)**

# မြန်မာနိုင်ငံသို့ ပြည်ပဧည့်သည်လာရောက်မှု

| စဉ် | အကြောင်းအရာ | ၂၀၁၇ မေလထိ | ၂၀၁၈ မေလထိ | တိုးတက်မှု | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁ | လေကြောင်းဖြင့်လာရောက်သူများ | ၅၆၁၉၃၆ | ၅၆၅၁၀၃ | ၃၁၆၇ | (+) ၁ % |
| ၂ | ရေကြောင်းဖြင့်လာရောက်သူများ | ၃၉၀၄ | ၆၈၃၃ | ၂၉၂၉ | (+) ၇၅ % |
| ၃ | နယ်စပ်ဝင်ပေါက်မှ အတွင်းပိုင်းထိလာရောက်သူများ | ၁၈၀၆၂ | ၂၁၂၃၅ | ၃၁၇၃ | (+) ၁၈ % |
| | ဗီဇာဖြင့်လာရောက်သူပေါင်း | ၅၈၃၉၀၂ | ၅၉၃၁၇၁ | ၉၂၆၉ | (+) ၂ % |
| ၄ | နယ်စပ်တွင်ဝင်ရောက်သူများ | ၉၃၂၈၃၉ | ၈၉၅၇၉၉ | -၃၇၀၄၀ | (-) ၄ % |
| | စုစုပေါင်း | ၁၅၁၆၇၄၁ | ၁၄၈၈၉၇၀ | -၂၇၇၇၁ | (-) ၂ % |

# မြန်မာနိုင်ငံသို့ ပြည်ပဧည့်သည်များ ဗီဇာဖြင့်လာရောက်မှု

| စဉ် | အကြောင်းအရာ | ၂၀၁၇ မေလအထိ | ၂၀၁၈ မေလအထိ | တိုးတက်မှု | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁ | **လေကြောင်းဖြင့်လာရောက်သူများ** | | | | |
| | (က) ရန်ကုန်လေဆိပ် | ၄၉၀၁၈၂ | ၄၉၀၇၆၃ | ၅၈၁ | (+) ၀ % |
| | (ခ) မန္တလေးလေဆိပ် | ၆၅၇၀၈ | ၆၈၄၅၇ | ၂၇၄၉ | (+) ၄ % |
| | (ဂ) နေပြည်တော်လေဆိပ် | ၆၀၄၆ | ၅၆၄၀ | -၄၀၆ | (-) ၇ % |
| | (ဃ) မြိတ်လေဆိပ် | | ၂၄၃ | ၂၄၃ | (+) ၁၀၀ % |
| | **လေကြောင်းဖြင့်လာရောက်သူပေါင်း** | **၅၆၁၉၃၆** | **၅၆၅၁၀၃** | **၃၁၆၇** | **(+) ၁ %** |
| ၂ | **ရေကြောင်းဖြင့်လာရောက်သူပေါင်း** | **၃၉၀၄** | **၆၈၃၃** | **၂၉၂၉** | **(+) ၇၅ %** |
| ၃ | **နယ်စပ်ဝင်ပေါက်မှ အတွင်းပိုင်းထိဝင်ရောက်သူများ** | | | | |
| | (က) တာချီလိတ် | ၄၃၇၁ | ၃၇၇၁ | -၆၀၀ | (-) ၁၄ % |
| | (ခ) မြဝတီ | ၈၂၁၅ | ၉၂၇၈ | ၁၀၆၃ | (+) ၁၃ % |
| | (ဂ) ထီးခီး | ၈၄၁ | ၆၀၀ | -၂၄၁ | (-) ၂၉ % |
| | (ဃ) ကော့သောင်း | ၄၅၅၈ | ၇၀၉၄ | ၂၅၃၆ | (+) ၅၆ % |
| | (င) တမူး | ၇၆ | ၄၉၂ | ၄၁၆ | (+) ၅၄၇ % |
| | (စ) မူဆယ် | ၁ | | -၁ | (-) ၁၀၀ % |
| | **နယ်စပ်ဝင်ပေါက်မှအတွင်းပိုင်းထိဝင်ရောက်သူများ** | **၁၈၀၆၂** | **၂၁၂၃၅** | **၃၁၇၃** | **(+) ၁၈ %** |
| | **ဗီဇာဖြင့်လာရောက်သူစုစုပေါင်း** | **၅၈၃၉၀၂** | **၅၉၃၁၇၁** | **၉၂၆၉** | **(+) ၂ %** |

# နယ်စပ်ဒေသတွင် ပြည်ပဧည့်သည်လာရောက်မှု

| စဉ် | အကြောင်းအရာ | ၂၀၁၇ မေလအထိ | ၂၀၁၈ မေလအထိ | တိုးတက်မှု | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁ | တာချီလိတ် | ၃၁၅၆၇၆ | ၃၅၄၆၆၀ | ၃၈၉၈၄ | (+) ၁၂ % |
| ၂ | ကော့သောင်း | ၁၆၃၈၉၃ | ၁၆၄၇၁၅ | ၈၂၂ | (+) ၁ % |
| ၃ | မြဝတီ | ၅၅၁၆၈ | ၄၄၆၈၉ | -၁၀၄၇၉ | (-) ၁၉ % |
| ၄ | ထီးခီး | ၃၆၇၆ | ၄၅၃၃ | ၈၅၇ | (+) ၂၃ % |
| ၅ | မူဆယ် | ၂၈၈၅၈၁ | ၂၄၁၂၃၂ | -၄၇၃၄၉ | (-) ၁၆ % |
| ၆ | လောက်ကိုင် | ၃၁၀၁၄ | ၁၆၂၂၄ | -၁၄၇၉၀ | (-) ၄၈ % |
| ၇ | ချင်းရွှေဟော် | ၃၃၅၁၀ | ၁၉၂၂၀ | -၁၄၂၉၀ | (-) ၄၃ % |
| ၈ | လွယ်ဂျယ် | ၆၃၀၁ | ၃၀၆၈ | -၃၂၃၃ | (-) ၅၁ % |
| ၉ | ကန်ပိုက်တီ | ၁၇၅၇၉ | ၂၄၆၀၀ | ၇၀၂၁ | (+) ၄၀ % |
| ၁၀ | တမူး | ၁၇၄၄၁ | ၂၂၈၅၈ | ၅၄၁၇ | (+) ၃၁ % |
| | **ပေါင်း** | **၉၃၂၈၃၉** | **၈၉၅၇၉၉** | **-၃၇၀၄၀** | **(-) ၄ %** |

# မြန်မာ ယူ-၁၉ အသင်း အပြီးသတ်လူရွေးချယ်ရန် ပြည်တွင်းခြေစမ်းပွဲ ကစားမည်

**ရန်ကုန် ဇွန် ၂၅**

၂၀၁၈ အာဆီယံ ယူ-၁၉ ပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်မှုများပြုလုပ်နေသည့် မြန်မာ ယူ-၁၉ အသင်းသည် ပြိုင်ပွဲအကြို ငါးပွဲမြောက် ပြည်တွင်းခြေစမ်းပွဲအဖြစ် MNL ကလပ် ဧရာဝတီအသင်းနှင့် ဇွန် ၂၆ ရက် ညနေ ၅ နာရီတွင် သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ ယူ-၁၉ အသင်းသည် အပြီးသတ်ကစားသမားများ ရွေးချယ်ရန် ယခုခြေစမ်းပွဲယှဉ်ပြိုင်ကစားခြင်းဖြစ်ပြီး ဧရာဝတီအသင်းနှင့် ခြေစမ်းပွဲပြီးပါက အပြီးသတ်ကစားသမား ၂၃ ဦး ထုတ်ပြန်ကြေညာမည်ဖြစ်သည်။



မြန်မာ ယူ-၁၉ အသင်း လေ့ကျင့်မှုပြုလုပ်နေစဉ်။

မြန်မာ ယူ-၁၉ အသင်းသည် မေ ၁၀ ရက်မှစ၍ လေ့ကျင့်မှုပြုလုပ်ခဲ့ပြီး ပြည်တွင်းခြေစမ်းပွဲ လေးပွဲ၊ နိုင်ငံတကာခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားထားသည်။ မြန်မာ ယူ-၁၉ အသင်းသည် ပြည်တွင်းခြေစမ်းပွဲအဖြစ် MNL ကလပ် ဖွဲ့ကပင်၊ ရတနာပုံ၊ ဟံသာဝတီ၊ ပထမတန်းကလပ်မောရဝတီအသင်းတို့နှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး တစ်ပွဲနိုင်၊ သုံးပွဲရှုံးထားသည်။ မြန်မာ ယူ-၁၉ အသင်းသည် ပြည်တွင်းခြေစမ်းပွဲများတွင် မောရဝတီအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရပြီး ဖွဲ့ကပင်အသင်းကို သုံးဂိုး-နှစ်ဂိုး၊ ရတနာပုံအသင်းကို သုံးဂိုး-တစ်ဂိုး၊ ဟံသာဝတီအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

မြန်မာ ယူ-၁၉ အသင်းသည် ဇွန် ၁၆ ရက်မှ ၂၁ ရက်အထိ စင်ကာပူနိုင်ငံသို့ သွားရောက်၍ ခြေစမ်းပွဲနှစ်ပွဲယှဉ်ပြိုင်ကစားခဲ့ရာ စင်ကာပူ ယူ-၂၃ အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး စင်ကာပူလိဂ်တွင် လာရောက်ကစားနေသည့် ဂျပန်ကလပ် နီဂါတာအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ မြန်မာ ယူ-၁၉ အသင်းသည် ဇွန် ၂၂ ရက် ညနေပိုင်းမှစ၍ ပဏာမကစားသမား ၂၈ ဦးဖြင့် လေ့ကျင့်မှုပြန်လည်ပြုလုပ်လျက်ရှိပြီး ဇွန် ၂၉ ရက်တွင် ပြိုင်ပွဲယှဉ်ပြိုင်ရန် ထွက်ခွာမည်ဖြစ်သည်။

မြန်မာ ယူ-၁၉ အသင်း ဝင်ရောက်ယှဉ်ပြိုင်မည့် ၂၀၁၈ အာဆီယံ ယူ-၁၉ ပြိုင်ပွဲကို ဇူလိုင် ၁ ရက်မှ ၁၄ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည်ဖြစ်သည်။

**သတင်း-ရဲရင့်ရှိုင်း**
**ဓာတ်ပုံ-စိုးညွန့်**



၂၀၁၈ အာဆီယံအမျိုးသမီးပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းကို တွေ့ရစဉ်။

# ၂၀၁၈ အာဆီယံအမျိုးသမီးပြိုင်ပွဲ၌ ယှဉ်ပြိုင်မည့် မြန်မာအမျိုးသမီးအသင်း

**ရန်ကုန် ဇွန် ၂၅**

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းယှဉ်ပြိုင်မည့် ၂၀၁၈ အာဆီယံ အမျိုးသမီးပြိုင်ပွဲမှာ ဇွန် ၃၀ ရက်တွင် စတင်ကျင်းပတော့မည်ဖြစ်သည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ယင်းပြိုင်ပွဲကို နှစ်စဉ်နီးပါး ကျင်းပခဲ့သော်လည်း ၂၀၁၇ ခုနှစ်တွင် ဆီးဂိမ်းပြိုင်ပွဲကြောင့် ကျင်းပနိုင်ခြင်းမရှိဘဲ ယခုနှစ်မှ ပြန်လည်ကျင်းပခြင်းဖြစ်သည်။

၂၀၁၈ အာဆီယံအမျိုးသမီးပြိုင်ပွဲကို ဇွန် ၃၀ ရက်မှ ဇူလိုင် ၁၃ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ ပလန်ဘမ်မြို့၌ ကျင်းပမည်ဖြစ်ပြီး အုပ်စု (က)တွင် ဩစတြေးလျ၊ ကမ္ဘောဒီးယား၊ မလေးရှား၊ ထိုင်း၊ တီမော၊ အုပ်စု (ခ)တွင် ဗီယက်နမ်၊ မြန်မာ၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့် စင်ကာပူအသင်းတို့ ပါဝင်နေသည်။ မြန်မာအမျိုးသမီးအသင်းသည် အုပ်စုပွဲများအဖြစ် ဇူလိုင် ၁ ရက်တွင် ဖိလစ်ပိုင်အသင်း၊ ဇူလိုင် ၅ ရက်တွင် အိမ်ရှင်အင်ဒိုနီးရှားအသင်း၊ ဇူလိုင် ၇ ရက်တွင် စင်ကာပူအသင်း၊ ဇူလိုင် ၉ ရက်တွင် ဗီယက်နမ်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယခုနှစ် ပြိုင်ပွဲဝင်မည့် မြန်မာအမျိုးသမီးအသင်းသည် စိတ်ဝင်စားစရာကောင်းနေပြီး ပြည်ပ နည်းပြများဖြင့် ယှဉ်ပြိုင်နေမှုကို အဆုံးသတ်ကာ ပြည်တွင်းနည်းပြဖြင့် ပြန်လည်ယှဉ်ပြိုင်မည့် ပြိုင်ပွဲလည်းဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် အာဆီယံအမျိုးသမီးပြိုင်ပွဲ စတင်ကျင်းပသည့် ၂၀၀၄ ခုနှစ်မှစ၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ၂၀၀၄ နှင့် ၂၀၀၇ ခုနှစ်တွင် ချန်ပီယံဆုများ ရယူနိုင်ခဲ့သည်။

မြန်မာအမျိုးသမီးအသင်းတွင် နည်းပြချုပ်အဖြစ် ဦးဝင်းသူမိုး၊ လက်ထောက်နည်းပြအဖြစ် ဦးခင်မောင်ထွေး၊ ဦးစထက်နိုင်ဝင်း၊ ဒေါ်ဇင်မာဝမ်း၊ ဂိုးနည်းပြအဖြစ် ဦးမြတ်ကိုမင်း၊ ကစားသမားများအဖြစ် ဂိုး-မေဇင်နွယ် (မြဝတီ)၊ ဇာဇာမြင့် (အားကစားနှင့် ကာယပညာဦးစီးဌာန)၊သင်းသင်းစိုး (ဖွဲ့ကပင်)၊ နောက်တန်း ခင်သန်းဝေ၊ အေးအေးမိုး (မြဝတီ)၊ အိရတနာဖြိုး၊ ဝေဝေအောင်၊ ခင်မျိုးဝင်း (အားကစားနှင့် ကာယပညာဦးစီးဌာန)၊ ဇင်မာဝင်း၊ ငယ်ငယ်ထွေး၊ ယမင်းလွင် (သစ္စာအားမာန်)၊ အလယ်တန်း ခင်မိုးဝေ၊ နော်အားလိုဝါးဖော၊ ခင်မိုမိုထွန်း၊ နီလာမြင့်၊သန္တာမိုး (သစ္စာအားမာန်)၊ နုနု၊ ခင်မာလာထွန်း (အားကစားနှင့် ကာယပညာဦးစီးဌာန)၊ သန်းသန်းထွေး (ဖွဲ့ကပင်)၊ ရှေ့တန်း နီလာဝင်း၊ ဂျူလိုင်ကျော် (သစ္စာအားမာန်)၊ ရီရီဦး (အားကစားနှင့် ကာယပညာဦးစီးဌာန) နှင့် ဝင်းသိင်္ဂီထွန်း (မြဝတီ)တို့ လိုက်ပါသွားသည်။ မြန်မာအမျိုးသမီးအသင်းသည် ဇွန် ၂၅ ရက် နံနက်ပိုင်းက ရန်ကုန်မြို့မှ အင်ဒိုနီးရှားနိုင်ငံသို့ ထွက်ခွာသွားသည်။ မြန်မာအမျိုးသမီးအသင်းသည် အင်ဒိုနီးရှားနိုင်ငံတွင် လေ့ကျင့်မှုများပြုလုပ်ရန်နှင့် ရာသီဥတုနှင့် အသားကျစေရန် ကြိုတင်ထွက်ခွာခြင်းဖြစ်ပြီး မူလက ဇွန် ၂၇ ရက်တွင် အင်ဒိုနီးရှားလက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲကစားရန် စီစဉ်ထားသော်လည်း ပျက်ပြယ်ခဲ့သောကြောင့် အင်ဒိုနီးရှား ကလပ်အသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-စိုးညွန့်**

# ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ UNDP နှင့် UNHCR တို့မှ ဌာနေကိုယ်စားလှယ်တို့အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇွန် ၂၅**
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP)မှ ဌာနေကိုယ်စားလှယ် Mr. Peter Batchelor နှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး(UNHCR) ဌာနေကိုယ်စားလှယ် Mr. Giuseppe de Vincentiisr တို့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ဝန်ကြီးဌာနနှင့် UNDP၊ UNHCR တို့အကြား လက်မှတ်ရေးထိုးဆောင်ရွက်ခဲ့သည့် နားလည်မှုစာချွန်လွှာအရ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မည့်အစီအစဉ်၊ UNDP နှင့် UNHCR တို့မှ စမ်းသပ်လုပ်ငန်းစီမံချက်ဆောင်ရွက်မည့် နယ်မြေဒေသများ စာရင်းပြုစုပေးနိုင်ရေးနှင့် လုပ်ငန်းလိုအပ်ချက်များ၊ လုပ်ငန်းဆောင်ရွက်မည့် UN မှ ခန့်အပ်ထားသည့်ဝန်ထမ်းများသွားလာဆောင်ရွက်မှု လွယ်ကူအဆင်ပြေစေရေးအတွက် ဝန်ကြီးဌာနမှ ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်ရေး အခြေအနေများ၊ လုပ်ငန်းများပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဖွဲ့များ၌ UNDP နှင့် UNHCR တို့မှ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းနိုင်ရေးအခြေအနေများ၊ လက်ရှိအခြေအနေအရ ရခိုင်ပြည်နယ်အတွင်း ကျန်ရှိနေသူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် စတင်ဆောင်ရွက်ရန် လိုအပ်မှုနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တိမ်းရှောင်သူများအနေဖြင့် ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်များ၌ ပူးပေါင်းပါဝင် ဆောင်ရွက်လာရေးအတွက် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များ၊ ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် သတင်းအချက်အလက်မှန်ကန်စွာရရှိရေးအတွက် မျှဝေဆောင်ရွက်ပေးနိုင်ရေး အခြေအနေများ၊ ၁၉၉၃ ခုနှစ်တွင် ဆောင်ရွက်ခဲ့သည့် ပြန်လည်လက်ခံရေးလုပ်ငန်းအတွေ့အကြုံများအပေါ် အခြေခံ၍ လက်ရှိအခြေအနေနှင့်ကိုက်ညီအောင် လုပ်ငန်းများ အောင်မြင်ရေးအတွက် အားလုံးပူးပေါင်းဆောင်ရွက်နိုင်ရေးအခြေအနေများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့ သေနတ်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်

**ရန်ကုန် ဇွန် ၂၅**
၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် သေနတ်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် မြန်မာနိုင်ငံသေနတ်ပစ်အားကစားအဖွဲ့ချုပ် အပြည်ပြည်ဆိုင်ရာသေနတ်ပစ်ကွင်း၌ ကျင်းပသည်။

ပြိုင်ပွဲအပြီးတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန အားကစားနှင့်ကာယပညာ(သိပ္ပံ) ရန်ကုန် ကျောင်းအုပ်ကြီး (ညွှန်ကြားရေးမှူး) ဦးစိုးအောင်၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုး၊ တနင်္သာရီတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးမိုးနိုင်၊ မြန်မာနိုင်ငံသေနတ်ပစ်အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်မိုးဝင်းနှင့် မြန်မာနိုင်ငံ သေနတ်ပစ်အားကစားအဖွဲ့ချုပ်မှ အလုပ်အမှုဆောင်များက ၁၀ မီတာ လေပစ္စတို အမျိုးသား၊ အမျိုးသမီး(လူသစ်တန်း)ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများ၊ ၁၀ မီတာ လေရိုင်ဖယ် အမျိုးသား၊ အမျိုးသမီး(လူသစ်တန်း)ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများ၊ ၁၀ မီတာ လေပစ္စတို အမျိုးသား၊ အမျိုးသမီး (အလွတ်တန်း) ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများ၊ ၁၀ မီတာ လေရိုင်ဖယ် အမျိုးသား၊ အမျိုးသမီး (အလွတ်တန်း) ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

**ကြေးမုံ**



**ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်အတွင်း သက်ငယ်မုဒိမ်းမှုများ ပပျောက်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေးရေးနှင့် မှုခင်းကျဆင်းရေး ဟောပြောပွဲကို ဇွန် ၂၂ ရက်က ဒဂုံတောင်မြို့နယ် (၁၀၅)ရပ်ကွက်၌ ပြုလုပ်ရာ ဒဂုံတောင်မြို့မရဲစခန်းမှူး ဒုရဲမှူးမောင်မောင်ဦး အသိပညာပေးဟောပြောစဉ်။** ကြေးမုံ

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ဖလား ယူ-၁၉ မြို့နယ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲဖွင့်ပွဲ ကျင်းပ

**စစ်တွေ ဇွန် ၂၅**
၂၀၁၈ ခုနှစ် ရခိုင်ပြည်နယ် ဝန်ကြီးချုပ်ဖလား ယူ-၁၉ မြို့နယ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ယနေ့ ညနေ ၃ နာရီတွင် စစ်တွေမြို့ ဝေသာလီ အားကစားကွင်း၌ ကျင်းပသည်။

ဖွင့်ပွဲ အခမ်းအနားတွင် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဖုန်းတင့်က အမှာစကားပြောကြားသည်။

ထို့နောက် ဖွင့်ပွဲ ပွဲစဉ်အဖြစ် မြောက်ဦးမြို့နယ်အသင်းနှင့် ပေါက်တောမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပေါက်တောမြို့နယ်အသင်းက မြောက်ဦးမြို့နယ်အသင်းကို လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိသွားကြောင်း သိရသည်။

ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ဖလား ယူ-၁၉ မြို့နယ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲကို ဇွန် ၂၅ ရက်မှ ဇူလိုင် ၄ ရက်ထိ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါဘောလုံးပြိုင်ပွဲသို့ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြကြောင်း သိရသည်။

**နိုင်တင်ထွန်း(ပြန်/ဆက်)**

## အမှတ် ၂ အခြေခံပညာ အထက်တန်းကျောင်းတွင် သတင်းစကား လက်ကမ်းစာစောင်ဖြန့်ဝေ

**တပ်ကုန်း ဇွန် ၂၅**
နေပြည်တော် တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင့်တင့်ခိုင်နှင့် ဝန်ထမ်းများသည် ဇွန် ၂၅ ရက်တွင် အမှတ် ၂ အခြေခံပညာအထက်တန်းကျောင်း၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဘားအံမြို့နယ်တွင် ကားပေါ်မှ သေနတ်ဖြင့် အနီးကပ်ပစ်ခတ်၍ ပြည်သူတစ်ဦးဒဏ်ရာရရှိ

**ဘားအံ ဇွန် ၂၅**
ကရင်ပြည်နယ် ဘားအံမြို့နယ်တွင် ဇွန် ၂၂ ရက်က တရားနာပြန်လာသည့် အမျိုးသားတစ်ဦးအား မော်တော်ယာဉ်ပေါ်မှ သေနတ်ဖြင့် အနီးကပ်ပစ်ခတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၂၂ ရက် နံနက် ၆ နာရီခန့်က ဘားအံမြို့နယ် လက္ခဏကျေးရွာနေ ဦးငွေအောင် ၆၅ နှစ်သည် တစ်ရွာတည်းနေ ဦးအကျော့နှင့်အတူ ဘားအံမြို့နယ် ထောင်ကလပ်ကျေးရွာ အလှူပွဲသို့ သွားရောက်တရားနာခဲ့ပြီး နံနက် ၉ နာရီခန့်က ဦးအကျော့နှင့်အတူ ရွာသို့ပြန်လာစဉ် လက္ခဏကျေးရွာနှင့် ခလောက်ထောင်ကျေးရွာအကြား အမည်းရောင်ယာဉ်တစ်စီးပေါ်မှ သေနတ်သမား၏ အနီးကပ်ပစ်ခတ်ခြင်း ခံခဲ့ရသဖြင့် ဦးငွေအောင်တွင် ယာပခုံး ကျည်ဖောက်ဝင်ဒဏ်ရာ တစ်ချက်၊ ယာလက်မောင်း၌ ကျည်ဖောက်ဝင်ဒဏ်ရာ တစ်ချက်၊ ဦးခေါင်းကျည်ရှပ်မှန်သည့် ဒဏ်ရာတစ်ချက်တို့ ရရှိခဲ့ပြီး အချိန်မီ ဆေးကုသမှုခံယူနိုင်ခဲ့သဖြင့် ဒဏ်ရာအခြေအနေ စိုးရိမ်ဖွယ်ရာမရှိကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်ကို အိန္ဒုနယ်မြေရဲစခန်း၌ အမှုဖွင့်ထားပြီး ပြစ်မှုကျူးလွန်သူအား ဖော်ထုတ်ဖမ်းဆီးရမိရေး မိတ်ဖက်အဖွဲ့များဖြင့် ပူးပေါင်းစုံစမ်းခဲ့ရာ ပြစ်မှုကျူးလွန်ခဲ့သည့် သေနတ်သမားမှာ ဆက်စပ်ဖော်ထုတ်ချက်အရ ဘားအံမြို့နယ် ပေါင်စိန်ကျေးရွာနေ အခ်ိ(ခ)အကျော်ဖြစ်ကြောင်း အတည်ပြုနိုင်ခဲ့သည်။ ဇွန် ၂၃ ရက် မွန်းလွဲ ၁ နာရီခန့်တွင် အိန္ဒုနယ်မြေရဲစခန်းမှူး ရဲအုပ်မင်းအောင်ထွန်း ဦးစီးသည့် ပူးပေါင်းအဖွဲ့များဖြင့် အခ်ိ(ခ)အကျော်၏ နေအိမ်အား ပိတ်ဆို့ဖမ်းဆီးခဲ့ရာ နေအိမ်တွင် မတွေ့ရဘဲ မိသားစုလိုက် ပြောင်းရွှေ့သွားကြောင်း စုံစမ်းသိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူ အခ်ိ(ခ)အကျော်အား ဖမ်းဆီးရမိရေးအတွက် ဆက်လက်စုံစမ်းလျက်ရှိပြီး နီးစပ်ရာ ရဲစခန်းများနှင့် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်ရဲတပ်ဖွဲ့များသို့လည်း ပြစ်မှုကျူးလွန်ပြီး ထွက်ပြေးတိမ်းရှောင်နေသည့် အခ်ိ(ခ)အကျော်၏ ဓာတ်ပုံကိုပေးပို့ကာ ကူညီစုံစမ်းဖမ်းဆီးပေးရန်လည်း အကြောင်းကြားစာများ ပေးပို့ထားကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

# ဘားအံမြို့တွင် တရားခံပြေးတစ်ဦး ဖမ်းဆီးရမိ

**ဘားအံ ဇွန် ၂၅**
ကရင်ပြည်နယ် ဘားအံမြို့တွင် ဇွန် ၂၄ ရက် မွန်းလွဲပိုင်းက အိန္ဒုနယ်မြေရဲစခန်းက လူသတ်မှုဖြင့် လည်းကောင်း၊ ဘားအံမြို့မရဲစခန်းက မူးယစ်ဆေးဝါးအမှုတို့ဖြင့် လည်းကောင်း အလိုရှိနေသည့် တရားခံပြေးတစ်ဦးကို ပူးပေါင်းအဖွဲ့ဖြင့် ပိတ်ဆို့ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဇွန် ၂၄ ရက် မွန်းလွဲ ၁ နာရီခွဲခန့်က ဘားအံခရိုင် မှုခင်းနှိမ်နင်းရေးအဖွဲ့၊ ဘားအံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် လူသတ်မှု၊ မူးယစ်ဆေးဝါးအမှုတို့ဖြင့် အလိုရှိသည့် တရားခံပြေးတစ်ဦး ရောက်ရှိနေကြောင်း သတင်းအရ ဝိုင်းဝန်းပိတ်ဆို့ဖမ်းဆီးခဲ့ရာ တရားခံပြေး ဝေဇင်ထွန်း(ခ)လူခွေး(ခ)ငပိန် အထက(၃)ကျောင်းလမ်းကြား ညောင်ဝိုင်းရပ် အမှတ် ၅ ရပ်ကွက် ဘားအံမြို့နေသူအား ၎င်း၏နေအိမ်တွင် ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

ဖမ်းဆီးရမိခဲ့သည့် ဝေဇင်ထွန်း(ခ)လူခွေး(ခ)ငပိန်မှာ အိန္ဒုနယ်မြေရဲစခန်းက (ပ)၂/၂၀၁၅၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂/ ၃၂၆/၁၁၄/ကျင့် ၅၁၂ (လူသတ်မှု၊ အပြင်းအထန်နာကျင်စေမှု၊ အားပေးကူညီမှု)တို့ဖြင့် လည်းကောင်း၊ ဘားအံမြို့မရဲစခန်းက မယ(ပ) ၁/၂၀၁၅၊မူး/စိတ်ပုဒ်မ ၁၅/၁၉(က)/ကျင့်-၅၁၂ (မူးယစ်ဆေးဝါးသုံးစွဲမှု၊ ဖြန့်ဖြူးရောင်းချမှု)တို့ဖြင့် အလိုရှိနေသည့် တရားခံပြေးတစ်ဦးဖြစ်ပြီး တရားစွဲတင်ပို့နိုင်ရေး စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းသူ**

# အိုးထိမ်းကျေးရွာတွင် သစ်ပင်ပိ၍ အမျိုးသမီးတစ်ဦး သေဆုံး

**သံတွဲ ဇွန် ၂၅**
ရခိုင်ပြည်နယ် ကျိန္တလီမြို့ ဘဝင်ကျေးရွာအုပ်စု အိုးထိမ်းကျေးရွာတွင် သစ်ပင်ခုတ်လှဲရာမှ အမျိုးသမီးတစ်ဦး သစ်ပင်ပိ၍ သေဆုံးမှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျောက်ပါးစပ်ကျေးရွာနေ ဦးသန်းမင်း(ခ)ပူတူးသည် ဇွန် ၂၄ ရက် ညနေ ၃ နာရီခွဲက ဘဝင်ကျေးရွာအုပ်စု အိုးထိမ်းကျေးရွာ ဦးညွန့်ဝင်းခြံတွင်းရှိ တောင်သရက်ပင်ကို လွှစက်ဖြင့် လှဲနေစဉ် သစ်ပင်အောက် လမ်းပေါ်မှ ဖြတ်သွားသူ အိုးထိမ်းကျေးရွာနေ ဒေါ်တင်တင်ရီ (၅၅)နှစ်အပေါ် သစ်ပင်လဲကျပိမိသဖြင့် ဦးခေါင်း ပေါက်ပြဲဒဏ်ရာ၊ ယာလက်ဖျံရိုးကျိုး ဒဏ်ရာများရရှိခဲ့ပြီး နေရာတွင်သေဆုံးခဲ့သည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ သစ်ပင်လှဲသူ ဦးသန်းမင်းအား ကျိန္တလီနယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အစိုးရ-ပုဂ္ဂလိကအကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် ဇွန် ၂၅**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် Sandhi Governance Institute တို့ ပူးပေါင်းကျင်းပသည့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အစိုးရ-ပုဂ္ဂလိက အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်း (Public-Private Partnership-PPP) အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ Park Royal ဟိုတယ်၌ ကျင်းပသည်။

ဦးစွာ Sandhi Governance Institute ဒါရိုက်တာ ဦးခိုင်ဝင်းက "မြန်မာနိုင်ငံမှာ PPP နဲ့ ပတ်သက်တဲ့ မူဘောင်တွေ၊ ဥပဒေတွေ မရှိသေးဘူး ဖြစ်နေတယ်၊ နိုင်ငံတကာအဖွဲ့အစည်းတွေရဲ့ သုံးသပ်ချက်အရ PPP အကောင်အထည်ဖော်ဖို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနတွေမှာ စွမ်းဆောင်ရည်နည်းနေသေးတယ်။ PPP ယူနစ်ကို စနစ်တကျဖွဲ့စည်းထားတာ မရှိသေးဘူး၊ ဒါကြောင့် အလုပ်ရုံဆွေးနွေးပွဲကနေ PPP နဲ့ သက်ဆိုင်တဲ့ စည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေ၊ မူဘောင်တွေ ပေါ်လာမယ်လို့ မျှော်လင့်တယ်၊ အစိုးရရဲ့ PPP စီမံခန့်ခွဲမှု၊ စွမ်းရည်တက်လာဖို့ သက်ဆိုင်ရာဝန်ကြီးဌာနကနေ အထောက်အပံ့ပေးနိုင်မယ့် ဖိလစ်ပိုင်ကလို PPP စင်တာတွေ ပေါ်ပေါက်လာမယ်လို့ မျှော်လင့်တယ်၊ အဲဒီရည်ရွယ်ချက်နဲ့ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရခြင်း ဖြစ်ပါတယ်" ဟု ပြောသည်။

**ပိုပြီးဖွံ့ဖြိုးတိုးတက်မယ်**

ဆက်လက်ပြီး ဦးခိုင်ဝင်းက "နိုင်ငံတော်အစိုးရပိုင်းကလည်း အခုလိုမူဘောင်တွေချမှတ်ပြီး စနစ်တကျပိုပြီးလုပ်နိုင်မယ်ဆိုရင် ထိရောက်တဲ့ PPP စီမံကိန်းတွေ ပေါ်လာမှာဖြစ်ပါတယ်၊ အချိန်တိုအတွင်းမှာ ဖိလစ်ပိုင်နိုင်ငံမှာ ငါးနှစ်၊ ခြောက်နှစ်အတွင်း ၁၅ ဘီလီယံလောက်ရှိတဲ့ PPP စီမံကိန်းတွေ အကောင်အထည်ဖော်နိုင်ခဲ့တယ်၊ နည်းတဲ့ပမာဏ မဟုတ်ဘူး၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုလုပ်တဲ့အခါ မိမိနိုင်ငံရဲ့ GDP ကို အများကြီး အထောက်အပံ့ပေးနိုင်တယ်၊ အလုပ်အကိုင်အခွင့်အလမ်းတွေ အများကြီးပံ့ပိုးနိုင်တယ်၊ လမ်းတံတား၊ လျှပ်စစ်မီးတွေ ကောင်းသွားတဲ့အတွက် ဆက်ပြီးရင်းနှီးမြှုပ်နှံမှုတွေ ဝင်လာမယ်၊ အလုပ်အကိုင်တွေ ပိုပြီးဖန်တီးပေးနိုင်တဲ့အတွက် တိုင်းပြည်စီးပွားရေး ပိုပြီးဖွံ့ဖြိုးတိုးတက်လာမယ်လို့ မျှော်လင့်ပါတယ်"ဟု သုံးသပ်ပြောကြားသည်။



ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကိုကျင်းပရာ ဖိလစ်ပိုင်နိုင်ငံမှ PPP ပညာရှင် Professor Andre Palacios က အစိုးရ-ပုဂ္ဂလိက အကျိုးတူပူးပေါင်းဆောင်ရွက်ရေးအတွက် လိုက်နာရမည့် အခြေခံအချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် Sandhi Governance Institute ဒါရိုက်တာ ဦးခိုင်ဝင်းက မြန်မာနိုင်ငံ၏ အခြေခံအဆောက်အအုံ လိုအပ်ချက်များ၊ ရင်ဆိုင်ရမည့် ပြဿနာများနှင့် အခွင့်အလမ်းများကို ရှင်းလင်းပြောကြားပြီး ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားကြကာ အစုအဖွဲ့လိုက်ဆွေးနွေးကြသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အစိုးရ-ပုဂ္ဂလိက အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း အလုပ်ရုံဆွေးနွေးပွဲကို ပထမအကြိမ်အဖြစ် နေပြည်တော်၌ မေ ၂၄ ရက်က ကျင်းပခဲ့ပြီး ယခုဒုတိယအကြိမ်ကို ရန်ကုန်မြို့၌ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**အကျိုးတူပူးပေါင်း**

အစိုးရ-ပုဂ္ဂလိက အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းသည် ယခင်က အစိုးရတစ်ခုတည်းကသာ လုပ်ကိုင်ခဲ့ပြီး ပုဂ္ဂလိကအား ဝင်ရောက်လုပ်ကိုင်ခွင့်မပြုခဲ့သည့် လျှပ်စစ်ထုတ်လုပ်ရေး၊ လျှပ်စစ်ဖြန့်ဖြူးရေး၊ ရေဖြန့်ဖြူးရေး၊ လမ်း/တံတားတည်ဆောက်ရေးလုပ်ငန်းများ အစရှိသည့် ကြီးမားသည့် အခြေခံအဆောက်အအုံဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများတွင် ပုဂ္ဂလိကကို ရင်းနှီးမြှုပ်နှံခွင့်ပြုပြီး လုပ်ကိုင်ခွင့်ပေးခြင်း၊ နိုင်ငံတော်ပိုင် လျှပ်စစ်ထုတ်လုပ်သည့် ဓာတ်အားပေး စက်ရုံများ၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးသည့် လုပ်ငန်းများ၊ မြို့တော်ရေပေးဝေရေးလုပ်ငန်းများကို ပုဂ္ဂလိကသို့ ရောင်းချခြင်းကို ခေါ်ဆိုခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း-ရီမီသန့်၊ ဓာတ်ပုံ- ဇော်ရဲထွန်း**



## မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အသိပညာပေး ဟောပြော

**ရေတာရှည် ဇွန် ၂၅**

မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲကို ယနေ့မွန်းလွဲ ၂ နာရီက ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့ အမှတ်(၄)ရပ်ကွက်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မောင်မောင်ဦးက တရားဥပဒေစိုးမိုးရေးနှင့်မူခင်းအသိပညာပေး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့(ဥက္ကဋ္ဌ)ဦးခင်မောင်ထွေးက မူးယစ်ဆေးဝါးအန္တရာယ်နှင့် လူငယ်များ၏အနာဂတ်ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်မေဆန်းရည်က အမျိုးသမီးများ အကြမ်းဖက်မှုမှ ကာကွယ်ရေး၊ မူးယစ်ဆေးဝါးကို ဝိုင်းဝန်းတိုက်ဖျက်ပေးခေါင်းစဉ်များဖြင့် အသီးသီးဟောပြောကြပြီး မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ၌ ဆုရရှိကြသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

**ကိုလွင်(ဆွာ)**

## မူးယစ်ဆေးဝါး တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေးဟောပြော

**ယင်းမာပင် ဇွန် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ရဲတပ်ဖွဲ့က ကြီးမှူးကျင်းပသော အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲကို ဇွန်လ တတိယပတ်က ယင်းမာပင်ခရိုင် ပုလဲမြို့နယ် ကြက်ရင်းကျေးရွာ အထက(ခွဲ)ကျောင်း၌ ကျင်းပရာ ယင်းမာပင်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ကျော်အောင်က စိတ်ကိုပြောင်းလဲစေသော မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင် ကာကွယ်ရေး ရှင်းလင်းဟောပြောသည်။ ထို့နောက် ဒုတိယမြို့နယ်မှူး ဒုရဲမှူး သန်းထိုက်၊ စခန်းမှူး ဒုရဲမှူးမြင့်အောင်၊ တိုက်နယ်စခန်းမှူး ရဲအုပ် အောင်နိုင်ဝင်းတို့က သက်ငယ်မုဒိမ်းမှု လျော့နည်းပပျောက်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ သိရှိလိုက်နာစေရေးနှင့် မှုခင်းများ ကြိုတင်ကာကွယ်နိုင်ရေးတို့အတွက် ရှင်းလင်းဆွေးနွေးကြကာ အသိပညာပေး လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးခဲ့ကြသည်။

**မြင့်နိုင်စိုး(ထီးလှိုင်မြေ)**

## လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ် ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲ စမ်းချောင်းမြို့နယ်၌ ကျင်းပ

**ရန်ကုန် ဇွန် ၂၅**

လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ် ခေါင်းစဉ်ဖြင့် ပြုလုပ်သည့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် စမ်းချောင်း (မြောက်) ရပ်ကွက်ရှိ MEC ကိုယ်ပိုင် အထက်တန်းကျောင်း၌ ကျင်းပရာ ကျောင်းသား ကျောင်းသူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် စမ်းချောင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုဘိုဦးက အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်အနောက်ပိုင်းခရိုင် မူးယစ်တပ်ဖွဲ့စု ၄၂ တပ်ဖွဲ့စုမှူး ရဲမှူးသင်းအောင်၊ မူးယစ်နှင့်စိတ်ကျန်းမာရေး အထူးကုဆရာဝန်ကြီး ဒေါက်တာအောင်သော်၊ အလုံမြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးလှဝင်းတို့က မူးယစ်ဆေးဝါး၏ အန္တရာယ်ကြီးမားပုံ၊ မူးယစ်ဆေးဝါးများ လူငယ်ထုအတွင်းသို့ နည်းအမျိုးမျိုးဖြင့် စိမ့်ဝင်စီးဆင်းပျံ့နှံ့နေပုံ၊ မူးယစ်ဆေးဝါးများ၏ ဆိုးကျိုးများ၊ မူးယစ်ဆေးဝါးဆိုင်ရာ ပြစ်မှုနှင့်ပြစ်ဒဏ်များ၊ မူးယစ်ဆေးသုံးစွဲသူတို့၏ သွင်ပြင်လက္ခဏာများအပါအဝင် လူမှုဘဝအခြေအနေ အခက်အခဲများနှင့် ဝမ်းနည်းကြေကွဲဖွယ်ဖြစ်ရပ်များကို ကျောင်းသားကျောင်းသူများ အသိပညာ၊ ဗဟုသုတ ရရှိစေရန် ဟောပြောဆွေးနွေးမှုများ ပြုလုပ်ကြပြီး တက်ရောက်လာကြသူများ၏ မေးမြန်းမှုများအပေါ် ပြန်လည်ဆွေးနွေးဖြေကြားကြသည်။




ယနေ့ စကားဝိုင်းနှင့်ပတ်သက်၍ ရန်ကုန်အနောက်ပိုင်းခရိုင် မူးယစ်တပ်ဖွဲ့စု ၄၂ တပ်ဖွဲ့စုမှူး ရဲမှူး သင်းအောင်က "လူငယ်တွေဆိုတာ ကတော့ နောင်တစ်ခေတ် အနာဂတ်ရဲ့ ခေါင်းဆောင်တွေ ဖြစ်လာမယ့်သူတွေပါ၊ ဒါကြောင့် လူငယ်တွေမှာ မူးယစ်ဆေးဝါးအန္တရာယ်မကျရောက်ဖို့အတွက် အလွန်အရေးကြီးပါတယ်၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး လုပ်တဲ့အခါမှာ အသိပညာပေးလုပ်ငန်းဟာ ပိုပြီးတော့ ထိရောက်မှုရှိတဲ့အတွက် အခုလိုကျောင်းတွေမှာ လာရောက်ပြီး ဟောပြောဆွေးနွေးမှုတွေ လုပ်တာပါ၊ မူးယစ်ဆေးဝါးအန္တရာယ်ဆိုတာကတော့ ကမ္ဘာ့နိုင်ငံတော်တော်များများမှာ ကြုံတွေ့ခံစားနေရတာပါ၊ တစ်နေ့ထက်တစ်နေ့ပိုပြီးတော့ ကြီးထွားပျံ့နှံ့လာနေပါတယ်၊ ဒါကြောင့် ကြိုတင်တားဆီးရေးလုပ်ငန်းတွေမှာ ပြည်သူလူထုကလည်း ပူးပေါင်းပါဝင်ဖို့ လိုအပ်ပါတယ်" ဟု ပြောသည်။

ဒီမိုကရေစီခေတ်တွင် အစိုးရနှင့် ပြည်သူများအကြား ဆွေးနွေးတိုင်ပင်နိုင်ရန်၊ ပြည်သူတို့၏ ဘဝဖြတ်သန်းမှု အကြောင်းကိစ္စများ ဆွေးနွေးပြောကြားနိုင်သော အခွင့်အလမ်းများ ဖော်ဆောင်ပေးရန်၊ လူထု၏ စဉ်းစားတွေးခေါ်မှု မြင့်မားလာစေရန်နှင့် အစုအဖွဲ့အတွင်း ပါဝင်ဆွေးနွေးတတ်သော အလေ့အထကောင်းများ လေ့ကျင့်ပေးရန် ရည်ရွယ်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် MEC ကိုယ်ပိုင် အထက်တန်းကျောင်းတို့ ပူးပေါင်းကာ အဆိုပါ စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

"ဒီပွဲကနေ မူးယစ်ဆေးဝါးဆိုတာ ဘာလဲဆိုတာ သိခဲ့ရတယ်၊ မူးယစ်ဆေးဝါးသုံးစွဲမှုရဲ့ ဆိုးကျိုးတွေကို သိခွင့်ရခဲ့ပါတယ်၊ အခုလိုသိထားတာတွေကိုလည်း သူငယ်ချင်းတွေကို ပြန်လည်ပြောပြသွားမယ်လို့ စိတ်ကူးထားပါတယ်"ဟု အဆိုပါကျောင်းမှ နဝမတန်းကျောင်းသူ မသင်းသဇင်ဗိုလ် က ပြောသည်။

ယနေ့ ကျင်းပသည့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

အလားတူ ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲများကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးတွင် ကျင်းပလျက်ရှိရာ လာရောက်လေ့လာဆွေးနွေးသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ❖ မြန်မာ့ကျောက်မျက်ရတနာမှ

ပယင်းရတနာတွေကိုလည်း ကုန်သည်ကြီးတွေက ကြိုက်နှစ်သက်ပြီး ဝယ်ယူကြတာတွေ့ရပါတယ်။

**နိုင်ငံတကာကို ထိုးဖောက်**

"ကျွန်တော့်ဆိုင်မှာ ကျောက်စိမ်း၊ ကျောက်မျက် အချောထည်တွေ၊ နားကပ်က အစ ဆွဲသီးအဆုံး လက်ဝတ်ရတနာတွေ ပြသရောင်းချနေပါတယ်၊ မိုးကုတ်သဘာဝ ပတ္တမြားနဲ့ နီလာကို ပြည်ပရတနာကုန်သည်တွေ စိတ်ဝင်စားကြတာ တွေ့ရပါတယ်၊ ပတ္တမြားနဲ့ နီလာကိုတော့ အိမ်မှာ အသုံးပြုဖို့အပြင် ပြန်ရောင်းဖို့အတွက်ပါ ကုန်သည်ကြီးတွေ လာဝယ်ကြပါတယ်၊ အရင်ကဆို ကုန်သည်ကြီးတွေက စျေးချိုတာတွေကိုပဲ ဝယ်ယူတတ်ကြပါတယ်၊ အခု ဆိုရင် ဒေါ်လာသောင်းနဲ့ချီတဲ့ ပုံစံမျိုးတွေကို လာလာမေးကြပါတယ်၊ ကျောက်စိမ်း၊ ကျောက်မျက် အချောထည်စျေးကွက်ဖွံ့ဖြိုးလာတယ်လို့လည်း ပြောလို့ရပါတယ်၊ ရန်ကုန်တိုင်းဒေသကြီးမှာ ပြုလုပ်တဲ့ ကျောက်စိမ်း ကျောက်မျက် အချောထည် ရောင်းချပွဲတွေမှာလည်း တော်တော်ရောင်းခဲ့ရပါတယ်၊ ကျောက်စိမ်း၊ ကျောက်မျက် အချောထည်လုပ်ငန်းနဲ့စျေးကွက် ဒီထက်ဖွံ့ဖြိုးလာဖို့ လိုအပ်ချက်တွေတော့ ရှိပါသေးတယ်၊ အချောထည်လုပ်တဲ့လုပ်ငန်းမှာရော၊ လက်ဝတ်ရတနာလုပ်တဲ့ ဒီဇိုင်းပိုင်းတွေမှာပါ တစ်ဖက်နိုင်ငံက လုပ်တာပိုကောင်းပါတယ်၊ ကျောက်တွေကတော့ မြန်မာနိုင်ငံက ကျောက်တွေပါပဲ၊ အချောထည်အပိုင်းမှာ လက်ဝတ်ရတနာ လုပ်တဲ့ စက်နဲ့ နည်းပညာတွေ လိုအပ်ပါတယ်၊ ကျောက်သွေး၊ ကျောက်ဖြတ်လုပ်ငန်း၊ အရောင်တင်လုပ်ငန်းတွေမှာလည်း လိုအပ်ချက်ရှိနေပါသေးတယ်၊ အခု ကျွန်တော်တို့ နိုင်ငံတကာပြပွဲတွေကို သွားရောက်ပြသရောင်းချပြီးတော့ နိုင်ငံတကာကို ထိုးဖောက်နေပါတယ်၊ မြန်မာ့တွင်းထွက် ကျောက်မျက်ရတနာတွေကို နိုင်ငံတကာက ပိုမိုစိတ်ဝင်စားလာအောင် ကမ္ဘာ့စျေးကွက် ရရှိလာအောင် လုပ်ဆောင်နေပါတယ်"ဟု ပြောသည်။

**အချောထည်များ ပြသရောင်းချ**

ယခု (၅၅)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်မျက်ရတနာ သင်တန်းကျောင်း(နေပြည်တော်)မှ သင်တန်းသား သင်တန်းသူများ၏ ကျောက်စိမ်း၊ ကျောက်မျက်၊ ပယင်း ထုတ်ကုန် အချောထည်ပစ္စည်းများ လာရောက်ပြသရောင်းချလျက်ရှိပြီး ငွေကျပ်သိန်း ၁၀၀ တန်ဖိုးခန့် ရောင်းချပြီးဖြစ်ကြောင်း သိရသည်။

ကျောက်မျက်ရတနာသင်တန်းကျောင်း (နေပြည်တော်) ကျောင်းအုပ်ကြီး



ဦးမောင်မောင်ဆန်း

ဦးသောင်းကြည်က "သင်တန်းကျောင်းက ကလေး သုံးဦးနဲ့ ဆရာ တစ်ဦး ပူးပေါင်းပြီး ထုတ်လိုက်တဲ့ ကျောက်ကပ်ပန်းချီကားကို ငွေကျပ် ၃၅ သိန်း ပေးဝယ်သွားပါတယ်၊ အဲဒီနေ့ကဆို တစ်ရက်တည်းနဲ့ တခြား ပန်းချီကားအသေးနဲ့ဆို ငွေကျပ်သိန်း ၄၀ နဲ့ ၉၀၀၀၀ ဖိုး ရောင်းရပါတယ်၊ လုပ်ငန်းရှင်ကြီးတွေကလည်း အားပေးကြသလို ကလေးတွေကလည်း ကြိုးစားကြပါတယ်၊ သင်တန်းကျောင်းကနေ ထုတ်လုပ်တဲ့ ထုတ်ကုန်ပစ္စည်းအမျိုးပေါင်း ၃၅၀ ကျော်ရှိပါတယ်၊ လက်ရာမြောက်တဲ့၊ စျေးကွက်ဝင်တဲ့ ဒီထုတ်ကုန်တွေကို သင်တန်းသား သင်တန်းသူတွေက သင်တန်းကာလ ခုနစ်လပြည့်တဲ့အချိန်မှာ ထုတ်လုပ်နိုင်တာဖြစ်ပါတယ်၊ အခု (၅၅)ကြိမ်မြောက် ပြပွဲမှာဆိုရင် သင်တန်းကျောင်းက ကလေးတွေထုတ်တဲ့ ပစ္စည်းတွေဟာ သိန်း ၁၀၀ ဖိုးနီးပါးလောက် အရောင်းထွက်ခဲ့သလို စျေးကွက်ကိုလည်း ထိုးဖောက်နိုင်ခဲ့ပါတယ်" ဟု ပြောသည်။

**အလုပ်အကိုင်များ ရရှိစေရန်**

ကျောက်မျက်ရတနာသင်တန်းကျောင်း (နေပြည်တော်)ကို ၂၀၁၃ ခုနှစ်တွင် ဖွင့်လှစ်ခဲ့ပြီး သင်တန်းကျောင်း၏ အဓိက ရည်ရွယ်ချက်မှာ အခြေခံလူတန်းစားများ အလုပ်အကိုင် အခွင့်အလမ်းများရရှိစေရန်၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာ အချောထည် လုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန်၊ အချောထည် လုပ်ငန်းများ ထုတ်လုပ်ရောင်းချမှုများမှ ရလာမည့် နိုင်ငံတော်အခွန်ဘဏ္ဍာများ တိုးပွားရရှိစေရန် ရည်ရွယ်ကြောင်း သိရသည်။

ကျောင်းအုပ်ကြီး ဦးသောင်းကြည်က "မျိုးဆက်သစ်လူငယ်တွေ အလုပ်အကိုင် အခွင့်အလမ်းရရှိရေးက အဓိကပါပဲ၊ အနာဂတ်ရည်မှန်းချက်ထဲမှာတော့ ဒီသင်တန်းကျောင်းက ထူးချွန်တဲ့ကလေးတွေကို နိုင်ငံခြားကို ပညာတော်သင်စေလွှတ်ဖို့ပါပါတယ်၊ သင်တန်းသား ၅၀ ကို ရွေးလီ၊ ကြယ်ဝေါင်က နိုင်ငံတကာ ကျောက်စိမ်း၊ ကျောက်မျက် ကောလိပ်ကို ပညာတော်သင် သုံးနှစ်ပို့ခဲ့ပါတယ်၊ အခုဆိုရင် သူတို့ တစ်နှစ်ပြည့်သွားပါပြီ၊ မကြာခင်မှာလည်း ယူနန်ပြည်နယ်ခွဲ ပေါင်ရှန်း တက္ကသိုလ်မှာ အခုသင်တန်းအပတ်စဉ်က ထူးချွန်တဲ့ကလေး ၁၀ ယောက်ကို ပို့မှာဖြစ်ပါတယ်၊ အခုသွားတက်မယ့် ကလေး ၁၀ ယောက်က ကျောက်စိမ်းအချောထည် ထုတ်လုပ်တဲ့ ပညာတွေအပြင် နိုင်ငံခြား ဆက်ဆံရေးဘာသာ၊ ဟိုတယ်နဲ့ခရီးပညာရပ် စတဲ့ပညာရပ် လေး၊ ငါးခုခန့် တွဲဖက်သင်ကြားခွင့်ရမှာဖြစ်ပါတယ်၊ ဒီကလေးတွေက ကျောက်မျက်ပညာရှင်လည်း ဖြစ်သွားမယ်၊ ဟိုတယ်နဲ့ ခရီးပညာရှင်လည်းဖြစ်သွားမယ်။"

**အလုပ်အကိုင် ချက်ချင်းရ**

"နည်းပြလိုအပ်ချက်တွေရှိရင် ထူးချွန်တဲ့ သင်တန်းသားတွေကို ဒီမှာပဲ ဝန်ထမ်းပြန်ခန့်ပေးလိုက်ပါတယ်၊ အလုပ်အကိုင် ချက်ချင်းရသွားတာပေါ့၊ ဒီသင်တန်းက ဆင်းသွားတဲ့ ကလေးတွေက မန္တလေး၊ မြစ်ကြီးနား၊ ဖားကန့်၊ မိုးကုတ် ဒေသတွေမှာ ဒီကသင်ပေးလိုက်တဲ့ ဘာသာရပ်တွေနဲ့ သူတို့ လုပ်ငန်းခွင်မှာ လက်တွေ့အကောင်အထည်ဖော်ပြီး သူတို့ကိုယ်တိုင် ဆိုင်တွေထောင်တယ်၊ အစုအဖွဲ့တွေဖွဲ့ပြီး လုပ်ကိုင်နေတာတွေ တွေ့ခဲ့ရပါတယ်၊ သင်တန်းကျောင်းက သင်ပေးလိုက်တဲ့ ကလေးတွေတင် အလုပ်အကိုင်အခွင့်အလမ်း ရတာမဟုတ်ဘဲနဲ့ အဲဒီကလေးတွေက သူတို့ သူငယ်ချင်းတွေနဲ့ပါ ပြန်လုပ်ရင်းနဲ့ ဆင့်ပွားပညာရပ်တွေ ထပ်ပြီးတော့ ကမ်းလှမ်းနိုင်ခဲ့ပါတယ်၊ အဲဒီအပြင် ကုမ္ပဏီတွေက လိုအပ်ချက်ရှိလာပြီဆိုရင် ချိတ်ဆက်ပြီးတော့ ဒီက ကလေးတွေကို ပို့ဆောင်ပေးတာရှိပါတယ်၊ ကျွန်တော်တို့ ကလေးတွေက လစာ နှစ်သိန်း၊ သုံးသိန်း၊ ငါးသိန်းလောက်ထိ ရပါတယ်၊ ဒီသင်တန်းဆင်းပြီးရင် ကလေးတွေသာ လုပ်ချင်ကိုင်ချင်စိတ်ရှိမယ်ဆိုရင် အလုပ်အကိုင် ချက်ချင်းရရပါမယ်၊ သူတို့ဆင်းတဲ့ ဘာသာရပ်နဲ့ ရတနာနယ်မြေတွေ၊ စျေးကွက်ရှိတဲ့ မြို့တွေမှာ အလုပ်အကိုင်အခွင့်အလမ်း ချက်ချင်းရပါမယ်"ဟု ပြောသည်။



ဦးသောင်းကြည်

ကျောက်မျက်ရတနာသင်တန်းကျောင်း (နေပြည်တော်)တွင် အဓိကဘာသာရပ် ခုနစ်မျိုး သင်ကြားပေးလျက်ရှိပြီး ပူးတွဲ အထောက်အကူပြု ဘာသာရပ်အနေဖြင့် အင်္ဂလိပ်အခြေခံ စကားပြော၊ တရုတ်အခြေခံ စကားပြော၊ ကွန်ပျူတာအခြေခံနှင့် ပန်းချီ ဒီဇိုင်းအခြေခံများကိုပါ သင်ကြားပေးလျက်ရှိကြောင်း၊ သင်တန်းကာလမှာ အခြေခံ လေးလနှင့် အဆင့်မြင့် လေးလ စုစုပေါင်း ရှစ်လဖြစ်ကြောင်း သိရသည်။

**လက်ရာမီ**

ကျောင်းအုပ်ကြီး ဦးသောင်းကြည်က "ကလေးတွေကို သီအိုရီပိုင်းနည်းနည်း၊ လက်တွေ့ပိုင်းများများ သင်ပါတယ်၊ နည်းနည်းသင် များများလုပ် သင်ပေးတဲ့အတွက် ကလေးတွေ ချက်ချင်းတတ်ပါတယ်၊ ပြပွဲမှာရောင်းပေးနေတဲ့ လက်ပန်းထိမ်၊ စက်ပန်းထိမ်ကနေ ထုတ်တဲ့ လက်ဝတ်ရတနာတွေဆိုရင် သူများတွေ သုံး၊ လေးနှစ် လေ့ကျင့်ထားတဲ့ လက်ရာကို ကလေးတွေရဲ့ လက်ရာက သွားမီပါတယ်။"

**သင်ကြားလျက်ရှိ**

"အခုအပတ်စဉ်မှာ အမျိုးသား ၈၉ ဦး၊ အမျိုးသမီး ၆၁ ဦး စုစုပေါင်း ၁၅၀ ကို သင်ကြားပို့ချပေးနေပါတယ်၊ ကွန်ပျူတာပန်းပုသင်တန်းမှာ ၁၉ ဦး၊ လက်ပန်းပုသင်တန်းမှာ ၂၅ ဦး၊ စက်ပန်းထိမ်သင်တန်းမှာ ၂၀၊ လက်ပန်းထိမ်သင်တန်းမှာ ၁၅ ဦး၊ ကျောက်မျက်၊ ပယင်း(အပွင့်သွေး)သင်တန်းမှာ ၂၇ ဦး၊ ကျောက်စိမ်းပုတီး၊ လက်ကောက်သင်တန်းမှာ ၂၆ ဦး၊ ကျောက်ပန်းချီ၊ ဒီဇိုင်းသင်တန်းမှာ ၁၈ ဦး တက်ရောက်သင်ကြားလျက်ရှိပါတယ်၊ သင်ကြားမှု၊ နေထိုင်မှု၊ စားသောက်မှု အားလုံး အခမဲ့ဖြစ်ပါတယ်၊ အခြေခံ လေးလသင်တန်းမှာတော့ ကျွမ်းကျင်လုပ်သားနည်းပြတွေနဲ့ သင်ကြားပါတယ်၊ အဆင့်မြင့် လေးလ သင်တန်းမှာတော့ ကျွမ်းကျင်လုပ်သားနည်းပြတွေ၊ ပြင်ပနည်းပြတွေနဲ့ သင်ကြားပါတယ်၊ ပြင်ပနည်းပြကျတော့ လက်တွေ့ ကျောက်လောကမှာ လုပ်ကိုင်နေကြတဲ့ လုပ်ငန်းရှင်တွေ၊ ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ ပုသိမ် တက္ကသိုလ်တွေက ဘူမိဗေဒပညာရှင်တွေ၊ ပါမောက္ခတွေ၊ ဒေါက်တာတွေ၊ ဝန်ကြီးဌာနက နည်းပြတွေ၊ ဒီဇိုင်းပညာရှင်တွေ လာရောက်သင်ကြားပေးပါတယ်။"

**အဆင့်မြှင့်တင်**

"အခုလောလောဆယ် ဒီသင်တန်းကျောင်းကြီး မှတ်ပုံတင်ခွင့်ရရှိရေး ဆောင်ရွက်နေပါတယ်၊ နောက်တစ်ဆင့် ကောလိပ်အဆင့်မြှင့်တင်နိုင်ဖို့ ဆောင်ရွက်သွားပါမယ်၊ ပြီးရင်တော့ မြန်မာနိုင်ငံ ကျောက်မျက်တက္ကသိုလ်အဆင့်အထိ ဖွင့်လှစ်နိုင်ဖို့ ရည်ရွယ်ပြီး ကြိုးစားနေပါတယ်" ဟု ပြောသည်။

ဇွန် ၂၆ ရက်တွင် ကျောက်စိမ်း အတွဲအမှတ် ၂၃၀၁ မှ ၃၄၅၀ အထိ အတွဲပေါင်း ၁၁၅၀ တွဲကို ဆက်လက်ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်သူထက်(သတင်းစဉ်)**

## ✳ နိုင်ငံတကာမှ

၇၀ ကီလိုတန်း၊ ၇၃ ကီလိုတန်း၊ ၇၈ ကီလိုတန်း၊ ၉၀ ကီလိုတန်းနှင့် ၁၀၀ ကီလိုတန်း အလိုက် ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

ပြိုင်ပွဲတွင် ဆုရကြသော ဂျူဒိုအားကစားမောင်မယ်များကို ဂျူဒိုအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအေးကြည်၊ အဖွဲ့ချုပ်အမှုဆောင် ဦးဦးခိုင်၊ အဖွဲ့ချုပ်အတွင်းရေးမှူး ဒေါ်သီသီရှိန်တို့က ဆုများ အသီးသီးပေးအပ်ကြကြောင်း သိရသည်။

**စောသိန်းဝင်း**



# လယ်ကွင်းအတွင်း ထယ်ထိုးရာမှ ရှေးဟောင်းပစ္စည်းများ တွေ့ရှိ



**အင်းတော် ဇွန် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် နောင်ကွတ်ကျေးရွာ လယ်ကွင်းအတွင်း ထယ်ထိုးရာမှ ရှေးဟောင်းပစ္စည်းများ တွေ့ရှိခဲ့ကြောင်း သိရသည်။

အင်းတော်မြို့နယ် ကုန်းခါးကျေးရွာအုပ်စု နောင်ကွတ်ကျေးရွာအရှေ့ဘက် နောင်ကွတ်-ကျောက်အိုးလမ်းဘေးရှိ ဦးမြင့်အောင်ပိုင်သည့် လယ်ကွင်းအတွင်း၌ ဇွန် ၂၁ ရက် နံနက်ပိုင်းက ၎င်းထယ်ထိုးနေစဉ် ပျူခေတ်ရှေးဟောင်းပစ္စည်းများဟု ယူဆရသော သံဓားရှည်ကြီး သုံးချောင်း၊ သံဓားအသေး ၁၃ ချောင်း၊ မြေအိုးအကောင်းနှစ်လုံး၊ မြေခွက်နှစ်ခွက်၊ လက်ကောက်တစ်ကွင်းနှင့် အိုးခြမ်းပဲ့ ၁၉ ခုတို့ကို တွေ့ရှိခဲ့ကြောင်း သိရသည်။

အဆိုပါရှေးဟောင်းပစ္စည်းများ တွေ့ရှိရာသို့ မော်လူးမြို့ရှိ ရှေးဟောင်းအမွေအနှစ်ထိန်းသိမ်းရေး အတွင်းရေးမှူး ဦးချိတ်နှင့် အဖွဲ့ဝင်များ၊ ကုန်းခါးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးဆန်းထွေးနှင့် ရပ်မိရပ်ဖများ သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**

# ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်ရေးအတွက် ပါဝင်လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်ခြင်း

ထေရဝါဒဗုဒ္ဓဘာသာဝင်တို့၏ ရည်မှန်းတောင့်တရာဖြစ်သော ထာဝရငြိမ်းချမ်းရေးဖြစ်သည့် မြတ်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရေးနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ထာဝရငြိမ်းချမ်းရေးရရှိစေရေးတို့ကို ရည်သန်၍ ပြည်ထောင်စုနယ်မြေ ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်း ထာဝရငြိမ်းချမ်းရေးစေတီတော် ပရိဝုဏ်အတွင်းတွင် ရွှေပါရမီတောရဆရာတော် ဘဒ္ဒန္တဆန္ဒာဓိက၏ မတည်လှူဒါန်းမှု၊ ခုနစ်ရက်သားသမီး အလှူရှင်များ၏ ပေါင်းစုကောင်းမှုဖြင့် ထာဝရငြိမ်းချမ်းရေးစေတီတော်ကြီးကို တည်ထားလျက်ရှိသည်။

ယင်းသို့တည်ထားကိုးကွယ်ရာတွင် ထေရဝါဒသာသနာတော်ဆိုင်ရာ ထုံးတမ်းစဉ်လာ မဟာမင်္ဂလာအခမ်းအနား ကိုးမျိုးနှင့်အညီ ဖြစ်စေရေးအတွက် ထာဝရငြိမ်းချမ်းရေးစေတီတော် ဩဝါဒါစရိယဆရာတော်ကြီးများထံ ဩဝါဒခံယူပြီး ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ မဟာမင်္ဂလာကိုးမျိုးအနက် အနန္တရာယိက မြေသန့် မဟာမင်္ဂလာ၊ ရတနာပန္နက်တော်တင်တွင်းတော်ဝန်းမင်္ဂလာ၊ ရတနာအုတ်မြစ်တော်စီ မဟာမင်္ဂလာတို့ကို သာသနာတော်ဆိုင်ရာ ထုံးတမ်းစဉ်လာများနှင့်အညီ ဆောင်ရွက်ခဲ့ပြီးဖြစ်သောကြောင့် ဇွန် ၁၉ ရက်တွင် သတ္တဌာန မူလဌာပနာတော်သွင်း မဟာမင်္ဂလာကို ကျင်းပခဲ့ပြီး အောက်ဖော်ပြပါ မဟာမင်္ဂလာ ငါးမျိုးကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(က) အလယ်ဌာပနာတော်သွင်း မဟာမင်္ဂလာ
(ခ) ပန်းလည်တိုင်စိုက်ထူခြင်း မဟာမင်္ဂလာ



(ဂ) အထက်ဌာပနာတော်သွင်း မဟာမင်္ဂလာ
(ဃ) ရွှေထီးတော်တင် မဟာမင်္ဂလာ
(င) မြသပိတ်၊ ရွှေကြာသက်န်းတော်ကပ်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ

သို့ဖြစ်ပါ၍ ထာဝရငြိမ်းချမ်းရေးဖြစ်သော မြတ်နိဗ္ဗာန်ချမ်းသာကို မျက်မှောက်မျက်မြင် ရရှိနိုင်စေရန်၊ နိုင်ငံတော်ကြီး ထာဝရငြိမ်းချမ်းရေးရရှိစေရန် ရည်သန်လျက် နိုင်ငံသူနိုင်ငံသားများအနေဖြင့် ထာဝရငြိမ်းချမ်းရေး စေတီတော် တည်ဆောက်ရေးတွင် သဒ္ဓါတတ်အား နည်းများမဆို ကုသိုလ်ပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါ နေရာများသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) ဦးသောင်းဝင်း ညွှန်ကြားရေးမှူး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (ဝန်ကြီးရုံး) ရုံးအမှတ်(၃၁) နေပြည်တော် ဖုန်း-၀၉-၄၂၀၇၀၁၄၆၃၊ ၀၆၇-၃၄၀၆၂၇၆
(ခ) ဦးမောင်မောင်မျိုး ညွှန်ကြားရေးမှူး ထာဝရငြိမ်းချမ်းရေးစေတီတော်ပရိဝုဏ် နေပြည်တော် ဖုန်း-၀၉-၂၁၃၂၁၉၁၊ ၀၆၇-၃၅၅၀၁၈၃
(ဂ) ဦးကြင်ခိုင် ညွှန်ကြားရေးမှူး နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် ကမ္ဘာအေးဘုရားဝင်း ရန်ကုန်မြို့ ဖုန်း-၀၉-၅၁၈၃၄၇၁၊ ၀၁-၆၆၁၂၇၅
(ဃ) ဦးကျော်စိန်ဝင်း ညွှန်ကြားရေးမှူး နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (၆၂)လမ်း မန္တလေးမြို့ ဖုန်း-၀၉-၂၀၀၀၁၀၀၊ ၀၉-၄၃၁၂၅၃၇၃၊ ၀၂-၆၆၁၁၁၃
(င) ဦးရဲအောင်နိုင် စီမံဌာနမှူး ရွှေတိဂုံစေတီတော် ဂေါပက အဖွဲ့ရုံး ရန်ကုန်တိုင်းဒေသကြီး ဖုန်း-၀၉-၃၃၀၅၂၂၅၈
(စ) ဦးထွန်းအောင်ဌေ ရုံးအဖွဲ့မှူး ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ရုံး ရန်ကုန်တိုင်းဒေသကြီး ဖုန်း- ၀၉-၇၃၂၄၄၁၄၇၊ ၀၁-၃၇၁၀၈၉
(ဆ) ဦးကျော်နိုင်ထွန်း ရုံးအဖွဲ့မှူး ဗိုလ်တထောင်စေတီတော်ဂေါပကအဖွဲ့ရုံး ရန်ကုန်တိုင်းဒေသကြီး ဖုန်း-၀၉-၂၅၀၀၀၃၁၈၀၊ ၀၁-၂၉၂၁၆၉
(ဇ) ဦးမြင့်အုန်း ရုံးအဖွဲ့မှူး ကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့ရုံး ရန်ကုန်တိုင်းဒေသကြီး ဖုန်း-၀၉-၂၅၀၆၇၇၂၈၉၊ ၀၁-၆၆၁၀၀၂
(ဈ) ဦးမောင်မောင်ဦး အတွင်းရေးမှူး ဝေဠုဝန်ကျောက်စိမ်းစေတီတော်ဂေါပကအဖွဲ့ရုံး မန္တလေးတိုင်းဒေသကြီး ဖုန်း- ၀၉-၇၇၇၀၃၅၄၉၈
(ည) ဦးချစ်ကိုကို ရုံးအဖွဲ့မှူး ဝေဠုဝန်ကျောက်စိမ်းစေတီတော်ဂေါပကအဖွဲ့ရုံး မန္တလေးတိုင်းဒေသကြီး ဖုန်း-၀၉-၇၉၇၁၃၁၈၇၃
(ဋ) ဦးစိုးလင်း ဥက္ကဋ္ဌ မဟာမုနိဘုရားကြီး ဂေါပကအဖွဲ့ရုံး၊ မန္တလေးတိုင်းဒေသကြီး ဖုန်း-၀၉-၂၀၀၁၇၆၇
(ဌ) ဦးသိန်းထွန်း ရုံးအဖွဲ့မှူး မဟာမုနိဘုရားကြီး ဂေါပကအဖွဲ့ရုံး မန္တလေးတိုင်းဒေသကြီး ဖုန်း-၀၉-၄၄၄၀၄၄၄၇၅
(ဍ) ဦးသိန်းထွန်း ဥက္ကဋ္ဌ မန္တလေးတောင်တော် ဂေါပကအဖွဲ့ရုံး မန္တလေးတိုင်းဒေသကြီး ဖုန်း-၀၉-၂၀၁၂၄၀၂

# ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ပထမဆုံးအကြိမ်ရောင်းချမည့် အိမ်ရာဝယ်ယူခွင့်တန်းစီဇယား မဲနှိုက်ရွေးချယ်



**ရန်ကုန် ဇွန် ၂၅**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးကြပ်ကွပ်ကဲ၍ ရန်ကုန်တိုင်းဒေသကြီးအတွင်း ပထမဆုံးအကြိမ်ရောင်းချမည့် (တန်ဖိုးနည်း၊ တန်ဖိုးသင့်) အိမ်ရာများဝယ်ယူခွင့် တန်းစီဇယား မဲနှိုက်ခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်လမ်းပေါ်ရှိ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။ **(ယာပုံ)**

မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်မီမီတင်က "မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက ဆောက်လုပ်ပြီးခဲ့တဲ့ တန်ဖိုးနည်း၊ တန်ဖိုးသင့် အိမ်ရာတွေကို ရန်ကုန်တိုင်းဒေသကြီးကို လွှဲပေးထားတဲ့ အခန်းတွေရှိပါတယ်၊ အဲဒါတွေကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ပထမဆုံးအကြိမ် မဲနှိုက်ရောင်းချမှာပါ။ ဒီနေ့ကတော့ ရောင်းချနိုင်တဲ့ အခန်းကို လာလျှောက်တဲ့ လျှောက်လွှာရှင် ၆၀၀၀ ကျော်ကို တန်းစီတဲ့ အခမ်းအနားပါ၊ ဒီနေ့ထွက်လာတဲ့ စာရင်းပေါ်မူတည်ပြီး ကာယကံရှင်ကိုယ်တိုင် မဲနှိုက်တဲ့ ပွဲလေးထပ်လုပ်မှာပါ" ဟု ပြောသည်။

အိမ်ရာများ ရောင်းချရန် လျှောက်လွှာများ စတင်ခေါ်ယူစဉ်က အများပြည်သူ၊ နိုင်ငံ့ဝန်ထမ်း၊ ကုမ္ပဏီဝန်ထမ်း၊ အငြိမ်းစားဝန်ထမ်း ဟူ၍ အမျိုးအစား ခွဲခြားခေါ်ယူခဲ့ရာ လျှောက်လွှာပေါင်း ၁၈၀၀၀ ကျော် ရောင်းချခဲ့ရသော်လည်း အမှန်တကယ် လာရောက်လျှောက်ထားသူ ၆၀၀၀ ကျော်သာရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်၊ လူမှုရေးနှင့် စီမံခန့်ခွဲရေးကော်မတီမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်၊ လူမှုရေးနှင့် စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ဦးသာအောင်က "လျှောက်လွှာတွေခေါ်တဲ့အခါမှာ လျှောက်လွှာပေါင်း ၁၈၀၀၀ ရောင်းရပေမယ့် တကယ်တမ်း လျှောက်လွှာလာတင်တော့ ၆၀၀၀ လောက်ပဲတင်တယ်၊ အဲဒီ ၆၀၀၀ ကို ဒီနေ့ တန်းစီဇယား မဲနှိုက်တာဖြစ်ပါတယ်၊ အဲဒီထဲကမှ ၁၀၀၀ ကို မဲနှိုက်ရွေးမယ်၊ တန်းစီဇယား ၁၀၀၀ ထဲမှာမပါသေးတဲ့ လူတွေအတွက် တည်ဆောက်မှုပြီးခါနီး တိုက်ခန်းတွေရှိပါတယ်၊ဒီအတွက် အခု တန်းစီဇယားထဲမှာမပါတဲ့ လူတွေက နောက်ထပ်လျှောက်လွှာ ထပ်တင်စရာမလိုဘဲ ဝယ်ယူခွင့်ရရှိမှာ ဖြစ်ပါတယ်" ဟု ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရက ပထမဆုံးအကြိမ် မဲနှိုက်ရောင်းချမည့် အိမ်ရာများမှာ သဃ်န်းကျွန်း ကြီးပွားရေး အိမ်ရာ၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်ရှိ ယုဇနအိမ်ရာ၊ ကနောင်အိမ်ရာ၊ ဒဂုံမြို့သစ် တောင်ပိုင်းရှိ အင်းဝအိမ်ရာ၊ မြောက်ဥက္ကလာရှိ ရွှေပေါက်ကံ အိမ်ရာ၊ ရွှေပြည်သာမြို့နယ်ရှိ အိမ်ရာ၊ လှိုင်သာယာမြို့နယ်ရှိ ထီးလှိုင်ရှင်နှင့် ရွှေလင်ဗန်းအိမ်ရာ တို့ဖြစ်ကြောင်း သိရသည်။

ယင်းတို့အနက်မှ နိုင်ငံ့ဝန်ထမ်း ၂၅ ရာခိုင်နှုန်း၊ ကုမ္ပဏီဝန်ထမ်း ၂၅ ရာခိုင်နှုန်း၊ အများပြည်သူ ၃၅ ရာခိုင်နှုန်း၊ အငြိမ်းစားဝန်ထမ်း ၁၅ ရာခိုင်နှုန်းကို ဝင်ငွေသုံးသိန်းမှ ငါးသိန်းကြား၊ ငါးသိန်းမှ ၁၂ သိန်းကြား ဝင်ငွေအုပ်စုအလိုက် ဝယ်ယူနိုင်မှု တိုက်ခန်းအမျိုးအစားပေါ် မူတည်ပြီး ရောင်းချမည်ဖြစ်ကြောင်း အိမ်ရာစီမံကိန်းများ ရောင်းချရေးကြီးကြပ်မှုကော်မတီမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်၊ လူမှုရေးနှင့် စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ဦးသာအောင်က "အိမ်ရာအမှန်တကယ်မရှိတဲ့ ပြည်သူတွေလက်ထဲ ရောက်စေချင်တဲ့ ဆန္ဒနဲ့ ကျွန်တော်တို့ ဆောင်ရွက်တာပါ၊ ကော်မတီထဲမှာပါတဲ့ ကော်မတီဝင်တွေအနေနဲ့ နီးစပ်ရာလူတွေကို မထောက်ခံပါနဲ့၊ ကိုယ်တိုင်လည်း အိမ်ရှိသည် ဖြစ်စေ၊ မရှိသည်ဖြစ်စေ မယူကြဘဲ မဲစနစ်နဲ့ မျှမျှတတ လုပ်မှာပါ၊ ဒါမှ ပထမဦးဆုံး ကျွန်တော်တို့ လုပ်တဲ့ ဒီလိုပွဲမျိုးမှာ ပြည်သူတွေ ယုံကြည်မှု အပြည့်အဝရအောင် အစိုးရဘက်က ရိုးသားမှု အပြည့်အဝကို ပြချင်တဲ့အတွက် ဒီလိုဆောင်ရွက်တာပါ" ဟု ပြောသည်။

ယနေ့ တန်းစီဇယားတွင် ပါဝင်သည့် လျှောက်လွှာရှင်များအနက် လိမ်လည်လျှောက်ထားမှုများ စိစစ်တွေ့ရှိပါက အိမ်ရာကြေးပေးသွင်းထားသည့် ငွေတစ်စိတ်တစ်ဒေသကို ဒဏ်ရိုက်သွားမည်ဖြစ်ပြီး တိုက်ခန်းဝယ်ယူခွင့်ကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အိမ်ရာစီမံကိန်းများ ရောင်းချရေး ကြီးကြပ်မှုကော်မတီမှ သိရသည်။

ယနေ့ ပြုလုပ်သည့် တန်းစီဇယား မဲနှိုက်ခြင်းအခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ရောင်းချမည့် အိမ်ရာများ(တန်ဖိုးနည်း၊ တန်ဖိုးသင့်) ဝယ်ယူခွင့် လျှောက်ထားသူများအနက် မိသားစုဝင်ငွေ ကျပ်သုံးသိန်းမှ ငါးသိန်းကြားရှိ အများပြည်သူ ၁၁၃၀၊ နိုင်ငံ့ ဝန်ထမ်း ၇၉၀၊ ကုမ္ပဏီဝန်ထမ်း ၂၁၉ ဦး၊ အငြိမ်းစားဝန်ထမ်း ၂၇၈ ဦးနှင့် မိသားစု ဝင်ငွေ ငါးသိန်းမှ ၁၂ သိန်းကြားရှိ အများပြည်သူ ၁၃၀၅ ဦး၊ နိုင်ငံ့ဝန်ထမ်း ၈၈၆ ဦး၊ ကုမ္ပဏီဝန်ထမ်း ၅၂၂ ဦး၊ အငြိမ်းစားဝန်ထမ်း ၃၉၇ ဦး စုစုပေါင်း ၅၅၂၇ ဦးတို့အား အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများက မဲနှိုက်ရွေးချယ်ပေးခဲ့ကြသည်။

**သတင်း-သီသီမင်း**
**ဓာတ်ပုံ -နေလင်း**

# ကျေးရွာမီးလင်းရေး အိမ်သုံးဆိုလာနှင့် ဆက်စပ်ပစ္စည်း ၁၂၅ လုံး ပေးအပ်လှူဒါန်း

**မင်းကင်း ဇွန် ၂၅**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမခြောက်လပတ် ပြည်ထောင်စုရန်ပုံငွေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ် တောင်တွင်းဒေသရှိ ဝင်ဝကျေးရွာအုပ်စု ပျားကျေးရွာနှင့် ဇနပုဒ်ကျေးရွာများအတွက် အိမ်သုံးဆိုလာနှင့် ဆက်စပ်ပစ္စည်း ၁၂၅ လုံးကို ဇွန် ၂၃ ရက်က ဝင်ဝကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာတာဝန်ခံများထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ချင်းတွင်းသား**

# ခွေးရူးရောဂါကာကွယ်ဆေး လိုက်လံထိုးနှံ

**သံတွဲ ဇွန် ၂၅**

မြန်မာနိုင်ငံ၏ အလှစာမျက်နှာတစ်ခုဖြစ်သည့် ငပလီကမ်းခြေ သန့်ရှင်းသာယာလှပရေး၊ ဒေသခံပြည်သူများနှင့် ကမ္ဘာလှည့်ခရီးသွားများ ခွေးရူးရောဂါ အန္တရာယ်မှ ကင်းဝေးပြီး စိတ်အေးချမ်းသာစွာ နေထိုင်နိုင်ရေးတို့အတွက် သံတွဲခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါက်တာဝင်းစိုးနှင့် ရုံးဝန်ထမ်းများ၊ တိရစ္ဆာန်ကျန်းမာရေးလုပ်သားများက ငပလီကမ်းခြေတစ်လျှောက်နှင့် ငပလီမြို့ပေါ်ရပ်ကွက်များရှိ ပိုင်ရှင်မဲ့နှင့် ပိုင်ရှင်ရှိ ခွေးများအား ခွေးရူးရောဂါကာကွယ်ဆေးအခမဲ့ထိုးနှံခြင်းကို ဇွန် ၂၀ ရက်မှစတင်၍ ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၅ ရက်ထိ ခွေး၊ ကြောင် အကောင်ရေပေါင်း ၅၈၁ ကောင်ကို ကာကွယ်ဆေးထိုးနှံခဲ့သည်။ ကာကွယ်ဆေးထိုးနှံခြင်းကို ဇွန်လကုန်ထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ခရိုင်မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာဝင်းစိုးထံမှ သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**မန်စီ ဇွန် ၂၅**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသောင်းညွန့်နှင့်ဝန်ထမ်းများသည် မန်စီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဒုတိယခြောက်လ ရုံးလုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေကို ရုံးတွင်းစစ်ဆေးပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမခြောက်လအတွင်း မွှမ်းမံရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ဟန်ထက်ကျေးရွာ၊ မံသဲကျေးရွာ ရေပေးရေးလုပ်ငန်းများနှင့် မံသဲကျေးရွာတွင် မြစိမ်းရောင်စီမံကိန်း အတိုးရငွေများဖြင့် ဆောင်ရွက်လျက်ရှိသော ကျေးရွာခန်းမ ပေ ၉၀×၃၀ ဆောက်လုပ်နေမှုကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

# ဥရောပကာကွယ်ရေးတပ်ဖွဲ့ ဖွဲ့စည်းရာတွင် ဗြိတိန်ပါဝင်မည်ဟု ပြင်သစ်ဝန်ကြီးပြော

ပါရီ ဇွန် ၂၅

**ဖွဲ့စည်းနိုင်ရန် အဆိုပြုထားသော ဥရောပကာကွယ်ရေးတပ်ဖွဲ့တွင် ဗြိတိန်နိုင်ငံ ပါဝင်မည်ဖြစ်ကြောင်း ပြင်သစ်ကာကွယ်ရေးဝန်ကြီး ဖလောရင့်စ်ပါလေက ဇွန် ၂၅ ရက်တွင် ပြောကြားလိုက်သည်။**

ဥရောပတိုက်လုံးဆိုင်ရာ စစ်ရေးကြားဝင်ဖြေရှင်းရေးတပ်ဖွဲ့တစ်ဖွဲ့ ထူထောင်နိုင်မည့် အစီအစဉ်တစ်ရပ်နှင့်ပတ်သက်၍ ဥရောပသမဂ္ဂ (အီးယူ) အဖွဲ့ဝင် ကိုးနိုင်ငံမှ တာဝန်ရှိသူများသည် ဇွန် ၂၅ ရက်တွင် တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားကြောင်း ပြင်သစ်ကာကွယ်ရေးဝန်ကြီးက ပြောကြားသည်။

ဥရောပသမဂ္ဂမှ ဗြိတိန်နိုင်ငံ နုတ်ထွက်ပြီးစီးသည့်အခါ သမဂ္ဂအဖွဲ့ဝင်နိုင်ငံများအတွင်း ကာကွယ်ရေးဆက်ဆံမှု ခိုင်မာတိုးတက်မှု ဆက်လက်ဖြစ်ပေါ်စေမည့် နည်းလမ်းတစ်ရပ်အဖြစ် အီးယူကာကွယ်ရေး တပ်ဖွဲ့တစ်ဖွဲ့ကို ထူထောင်ရန် စီစဉ်ခြင်းဖြစ်သည်။

ပြင်သစ်သမ္မတ အီမာနျူယယ်မေခရွန် ကမကထပြုကာ အဆိုတင်သွင်းခဲ့သော ဥရောပကာကွယ်ရေး တပ်ဖွဲ့သည် ဥရောပတိုက်အတွင်း စစ်ရေးပဋိပက္ခဖြစ်ပွားရာ နယ်မြေဒေသများသို့ လျှပ်တစ်ပြက် ဖြန့်ကြက်နိုင်စွမ်းရှိမည့် တပ်ဖွဲ့မျိုးဖြစ်မည်ဟုဆိုသည်။

### လက်မှတ်ရေးထိုးမည်

ပြင်သစ်၊ ဂျာမနီ၊ ဘယ်လ်ဂျီယံ၊ ဗြိတိန်၊ ဒိန်းမတ်၊ နယ်သာလန်၊ အက်စတိုးနီးယား၊ စပိန်နှင့် ပေါ်တူဂီနိုင်ငံတို့မှ ဝန်ကြီးများသည် ဇွန် ၂၅ ရက်တွင် လူဇင်ဘတ်၌ တွေ့ဆုံဆွေးနွေးပြီး အဆိုပါ တပ်ဖွဲ့၌ ပါဝင်ရန် လိုလားမှုရှိပုံကို ဖော်ပြသည့် သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးကြမည်ဖြစ်ကြောင်း ပြင်သစ်ကာကွယ်ရေးဝန်ကြီး ပါလေက လီဖီဂါရိုအမည်ရှိ သတင်းစာသို့ ပြောကြားသည်။

ဥရောပလုံခြုံရေးကို ခြိမ်းခြောက်လာဖွယ်ရှိသည့် စစ်ရေးပဋိပက္ခများနှင့် ပတ်သက်၍ အီးယူနိုင်ငံများအတွင်း ပူးတွဲအစီအစဉ်ရေးဆွဲ၍ ဆောင်ရွက်ရန် ရည်ရွယ်ကြောင်း၊ သဘာဝဘေးအန္တရာယ် ကျရောက်ခြင်း၊ ဒေသခံများအား ဘေးကင်းလုံခြုံရာသို့ ရွှေ့ပြောင်းပေးခြင်း၊



စစ်ရေးပဋိပက္ခ ကူးစက်ပျံ့နှံ့မှု မရှိလာစေရေးအတွက် ကြားဝင်ဆောင်ရွက်ခြင်း စသည့် လုပ်ငန်းများတွင် အဆိုပါတပ်ဖွဲ့က ပါဝင်လှုပ်ရှားသွားမည်ဖြစ်ကြောင်း ဝန်ကြီးပါလေက ပြောကြားသည်။

ဥရောပကာကွယ်ရေးတပ်ဖွဲ့သည် အီးယူ၏ ကာကွယ်ရေးပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက် မူဘောင်အတွင်းမှ ဖွဲ့စည်းသည့် တပ်ဖွဲ့မဟုတ်ဘဲ သီးခြားထူထောင်မည့် တပ်ဖွဲ့ဖြစ်ခြင်းကြောင့် အီးယူမှ ဗြိတိန်နုတ်ထွက်သည့်တိုင်အောင် အသစ်ဖွဲ့စည်းမည့် တပ်ဖွဲ့တွင် ပါဝင်ခွင့်ရှိရန် လမ်းဖွင့်ပေးထားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ **အေအက်ဖ်ပီ**



## စင်ကာပူ ထိပ်သီး ဆွေးနွေးပွဲအတွက် စင်ကာပူဒေါ်လာ ၁၆ ဒသမ ၃ သန်း ကျခံသုံးစွဲခဲ့ရ

**စင်ကာပူ ဇွန် ၂၅**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်တို့၏ သမိုင်းဝင် ထိပ်သီးဆွေးနွေးပွဲအတွက် စင်ကာပူအစိုးရအဖွဲ့က ကျခံသုံးစွဲရသည့် အမှန်တကယ် ကုန်ကျစရိတ်မှာ စင်ကာပူဒေါ်လာ ၁၆ ဒသမ ၃ သန်းရှိကြောင်း၊ ယင်းမှာ ကနဦး ကြိုတင်ခန့်မှန်းခဲ့သည့် စရိတ်စကဖြစ်သော စင်ကာပူဒေါ်လာ သန်း ၂၀ နှင့် နှိုင်းယှဉ်လျှင် ပိုမိုလျော့နည်းကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ထိပ်သီးဆွေးနွေးပွဲအတွက် ဖော်ပြပါ အမှန်တကယ်ကုန်ကျစရိတ်၏ အများစုကို လုံခြုံရေးအတွက် ကျခံသုံးစွဲရခြင်းဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

### ကြိုတင်ခန့်မှန်း

ထိပ်သီးဆွေးနွေးပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်းအတွက် စင်ကာပူဒေါ်လာ သန်း ၂၀အထိ ကျခံသုံးစွဲရလိမ့်မည်ဟု ဝန်ကြီးချုပ်လီရှန်လွန်းက ကြိုတင်ခန့်မှန်းခဲ့သည်။ ထိပ်သီး ဆွေးနွေးပွဲကို လက်ခံကျင်းပပေးခြင်းသည် မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံတကာ ငြိမ်းချမ်းရေးအတွက် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ဝန်ကြီးချုပ်လီက ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ။**

## နိုင်ဂျီးရီးယားအလယ်ပိုင်းတွင် မျိုးနွယ်စုများအကြား အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ၈၆ ဦး သေဆုံး

**ဂျို့စ် (နိုင်ဂျီးရီးယား) ဇွန် ၂၅**

နိုင်ဂျီးရီးယားနိုင်ငံအလယ်ပိုင်းရှိ တည်ငြိမ်မှုမရှိသော ဒေသတစ်ခု၌ လယ်ယာစိုက်ပျိုးရေး လုပ်ကိုင်သည့် လူမှုအသိုက်အဝန်းနှင့် ရေကြည်ရာမြက်နုရာသို့ ရွှေ့ပြောင်းကျက်စားကာ နေထိုင်သည့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သည့် အသိုက်အဝန်းတို့အကြား အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားခဲ့ခြင်းကြောင့် လူ ၈၆ ဦး သေဆုံးခဲ့ရကြောင်း အေအက်ဖ်ပီ သတင်းတွင် ဖော်ပြသည်။

ကုန်းမြင့်ဒေသပြည်နယ် ဘာရီကင်ယာဒီဒေသတွင် အကြမ်းဖက်တိုက်ခိုက်မှုများ ပျံ့နှံ့ဖြစ်ပွားခဲ့ပြီးနောက် ရက်အနည်းငယ်အကြာတွင် အဆိုပါရုပ်အလောင်းများကို ရှာဖွေတွေ့ရှိရခြင်း ဖြစ်သည်။ ယင်းဒေသရှိ ဘီယွန်မျိုးနွယ်စုဝင် လယ်သမားများနှင့် ဖူလာနီမျိုးနွယ်စုဝင် မွေးမြူရေးသမားများ ဇွန် ၂၂ ရက်တွင် အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သည်။

### ရှာဖွေတွေ့ရှိ

အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်ပွားပြီး ဇွန် ၂၄ ရက်တွင် တာဝန်ရှိသူများက ဘီယွန်မျိုးနွယ်စုဝင်များ၏ ကျေးရွာများ၌ ရှာဖွေမှု ပြုလုပ်ရာ ရုပ်အလောင်း ၈၆ လောင်းကို ရှာဖွေတွေ့ရှိရကြောင်း ပြည်နယ်ရဲတပ်ဖွဲ့ ရဲမင်းကြီး အန်ဒေအဒီးက ပြောကြားသည်။

ယင်းကျေးရွာများတွင် လူနေအိမ်အလုံး ၅၀ ခန့်မှာ လုံးလုံးလျားလျား ဖြိုဖျက်ခြင်းခံရပြီး ထိခိုက်ဒဏ်ရာရသူ ခြောက်ဦးရှိကြောင်း၊ သေဆုံးသွားသူများ၏ ရုပ်အလောင်းများကို ၎င်းတို့၏ မိသားစုဝင်များထံ လွှဲပြောင်းပေးခဲ့ကြောင်း ပြည်နယ်ရဲမင်းကြီးက သတင်းထောက်များအား ပြောကြားသည်။

နယ်မြေပိုင်ဆိုင်မှုနှင့် သယံဇာတအရင်းအမြစ်များအတွက် ကာလရှည်ကြာစွာဖြစ်ပွားနေသည့် ပဋိပက္ခကြောင့် ယခုကဲ့သို့ လူအများသေဆုံးရမှုများသည် လာမည့်နှစ်အတွင်း ရွေးကောက်ပွဲများ ကျင်းပရန် နီးကပ်လာချိန်တွင် သမ္မတမူဟာမက်ဒူ ဘူဟာရီအား ဖိအားပေးမှု ဖြစ်ပေါ်စေသည်။

နိုင်ဂျီးရီးယားနိုင်ငံ၌ ဆယ်စုနှစ်အတန်ကြာကာလအတွင်း အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ထောင်ပေါင်းများစွာသော လူများသေဆုံးခဲ့ရသည့် အကြမ်းဖက်တိုက်ခိုက်မှုများသည် နိုင်ဂျီးရီးယားနိုင်ငံအတွက် အကြီးမားဆုံးလုံခြုံရေးကိစ္စဖြစ်လာကြောင်း ခွဲခြမ်းစိတ်ဖြာသူများက ယုံကြည်ကြသည်။ **အေအက်ဖ်ပီ။**

## တရုတ်နိုင်ငံတောင်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူ ၂၂၀၀၀၀ ကျော် ဘေးဒုက္ခရောက်

ကူမင်း ဇွန် ၂၅

**တရုတ်နိုင်ငံ တောင်ပိုင်းတွင် ရက်ပေါင်းများစွာ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများကြောင့် လူ ၂၂၀၀၀၀ ကျော် ဘေးဒုက္ခရောက်နေကြောင်း ဒေသဆိုင်ရာ တာဝန်ရှိသူများက ပြောကြားသည်။**

ယူနန်ပြည်နယ်တွင် သောကြာနေ့မှ စတင်ပြီး တနင်္လာနေ့ ညနေပိုင်းအထိ သည်းထန်စွာ ရွာသွန်းခဲ့သဖြင့် လူပေါင်း ၉၈၀၀၀ ခန့်ကို ဘေးဒုက္ခရောက်စေခဲ့သည်ဟု ဒေသဆိုင်ရာ တာဝန်ရှိသူများက ပြောကြားသည်။



လူ ၁၃၁ ဦးကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ကယ်တင်ထားပြီး ကောက်ပဲသီးနှံ စိုက်ခင်း ဟက်တာ ၃၈၈၀ ကျော်နှင့် လူနေအိမ် ၂၀၀ နီးပါး ပျက်စီးဆုံးရှုံးခဲ့ရသည်။

ကွမ်ရှီးကျန်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွင်လည်း လွန်ခဲ့သည့် ဗုဒ္ဓဟူးနေ့ကတည်းက မိုးအဆက်မပြတ် သည်းထန်စွာ ရွာသွန်းခဲ့ကာ တနင်္လာနေ့ညနေပိုင်းတွင် လူပေါင်း ၁၂၄၀၀၀ ကျော် ဘေးဒုက္ခရောက်ခဲ့ပြီး လူပေါင်း ၂၀၀၀ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။ ကောက်ပဲသီးနှံ စိုက်ခင်း ဟက်တာ ၅၆၃၀ ခန့်နှင့် လူနေအိမ် ၁၀၀၀ ခန့် ပျက်စီးခဲ့ရသည်။

အင်္ဂါနေ့အထိ မိုးသည်းထန်စွာ ရွာသွန်း နိုင်ဖွယ်ရှိသည်ဟု ဒေသဆိုင်ရာ မိုးလေဝသ ဌာနက ထုတ်ပြန်ကြေညာထားသည်။ **ဆင်ဟွာ**

## ကမ္ဘာ့ဖလားအားကစားသတင်းများ

# ၁၆ သင်းအဆင့်သို့ အုပ်စုပထမဖြင့် ဥရုဂွေးအသင်း တက်ရောက်

ဥရုဂွေးအသင်းသည် အုပ်စု(A)၏ အုပ်စုအဆင့် နောက်ဆုံးပွဲစဉ်ဖြစ်သည့် အိမ်ရှင်ရုရှားအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ်တွင် သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိကာ ၁၆ သင်းအဆင့်သို့ အုပ်စုပထမနေရာဖြင့် တက်လှမ်းသွားခဲ့ပြီဖြစ်သည်။

ဥရုဂွေးအသင်းနှင့် ရုရှားအသင်းတို့၏ ပွဲစဉ်တွင် ဥရုဂွေးအသင်းသည် ၄-၃-၁-၂ ပုံစံကိုလည်းကောင်း၊ ရုရှားအသင်းသည် ၄-၂-၃-၁ ပုံစံကိုလည်းကောင်း အသုံးပြုကာ အုပ်စုပထမနေရာဖြင့် နောက်တစ်ဆင့်တက်လှမ်းနိုင်ရေး ပြင်ဆင်ခဲ့ကြသော်လည်း ဥရုဂွေးအသင်း၏ မဟာဗျူဟာကသာ အသာစီးရယူနိုင်ခဲ့ခြင်းဖြစ်သည်။

ယင်းပွဲစဉ်တွင် ဥရုဂွေးအသင်းအတွက် သွင်းဂိုးများကို ပွဲကစားချိန် ၁၀ မိနစ်တွင် တိုက်စစ်မှူး ဆွာရတ်ဇ်ကလည်းကောင်း၊ ပွဲကစားချိန် ၂၃ မိနစ်တွင် ရုရှားကစားသမား ချယ်ရီရှက်ဗ်က ကိုယ့်ဂိုးကိုယ်ပြန်သွင်းမိသလိုဖြစ်ခဲ့ရာမှ လည်းကောင်း၊ ပွဲကစားချိန် မိနစ် ၉၀ တွင် တိုက်စစ်မှူး ကာဗာနီက လည်းကောင်း ဂိုးများရရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်တွင် အိမ်ရှင်ရုရှားကစားသမား ဆမိုလ်နီကော့ဗ်မှာ ပွဲကစားချိန် ၃၆ မိနစ်တွင် နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခံခဲ့ရသည်။

ဥရုဂွေးအသင်းသည် ယခုပွဲစဉ်ကစားအပြီးတွင် ရမှတ် ကိုးမှတ်ရရှိခဲ့ကာ အုပ်စုပထမနေရာဖြင့် နောက်တစ်ဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့ပြီး အိမ်ရှင်ရုရှားအသင်းမှာ ရမှတ်ခြောက်မှတ်ဖြင့် ၁၆ သင်းအဆင့်သို့ အုပ်စုဒုတိယနေရာဖြင့် တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်သည်။

အုပ်စု(A)၏ အခြားသောပွဲစဉ်တစ်ပွဲဖြစ်သည့် ဆော်ဒီအာရေဗျအသင်းနှင့် အီဂျစ်အသင်းတို့၏ ပွဲစဉ်တွင် ဆော်ဒီအာရေဗျအသင်းက အီဂျစ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ယင်းပွဲစဉ်မှ ဆော်ဒီအာရေဗျအသင်းနှင့် အီဂျစ်အသင်းတို့မှာ ဂုဏ်သိက္ခာပိုင်းအရသာ ယှဉ်ပြိုင်ကစားရခြင်းဖြစ်ပြီး ယခုပွဲစဉ်မကစားမီကပင် နောက်တစ်ဆင့်အတွက် မျှော်လင့်ချက်မဲ့ခဲ့ရသည့် အသင်းများဖြစ်သည်။

ယင်းပွဲစဉ်တွင် အီဂျစ်အသင်းသည် ပွဲကစားချိန် ၂၂ မိနစ်တွင် ရရှိခဲ့သည့် ဆာလာ၏ သွင်းဂိုးဖြင့် ဦးဆောင်ဂိုးရရှိခဲ့ပြီး ဆော်ဒီအာရေဗျအသင်းမှာ ပွဲစားချိန် ၄၅ မိနစ်နှင့် နာကျင်အချိန်ပိုတွင် သွင်းယူခဲ့သည့် သွင်းဂိုးနှစ်ဂိုးဖြင့် အီဂျစ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ယင်းပွဲစဉ်တွင် ဆော်ဒီအာရေဗျမှာ ၄၁ မိနစ်တွင် ရရှိခဲ့သည့် ပင်နယ်တီလွဲခဲ့ရသည်။

ဥရုဂွေးအသင်းသည် လက်ရှိတွင် ၁၆ သင်းအဆင့်သို့ တက်လှမ်းသွားခဲ့ပြီဖြစ်သောကြောင့် အုပ်စု(B)မှ အုပ်စုအဆင့်ဒုတိယနေရာဖြင့် နောက်တစ်ဆင့်တက်လှမ်းလာမည့် အသင်းနှင့် ကစားရမည်ဖြစ်ပြီး အိမ်ရှင်ရုရှားအသင်းသည် အုပ်စု(A)မှ အုပ်စုဒုတိယနေရာဖြင့် နောက်တစ်ဆင့်တက်လာခဲ့ခြင်းကြောင့် အုပ်စု(B)မှ အုပ်စု ပထမနေရာဖြင့် နောက်တစ်ဆင့်တက်လာမည့်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

# နောက်အဆင့်အတွက် အာဂျင်တီးနား ရုန်းကန်လာမယ့် အုပ်စုအဆင့် နောက်ဆုံးပွဲစဉ်များ

**ယနေ့ ကစားမယ့် ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့အုပ်စုအဆင့်ပွဲစဉ်တွေကတော့ နောက်ဆုံးပွဲစဉ်တွေကို ရောက်ရှိလို့လာခဲ့ပါပြီ။ ဒီညမှာ ကစားမယ့်ပွဲစဉ်တွေထဲမှာ နောက်တစ်ဆင့်အတွက် မျှော်လင့်ချက်မဲ့နေတဲ့ ဩစတြေးလျနဲ့ ပီရူးပွဲစဉ်၊ အုပ်စုမှာ ထိပ်ဆုံးက ဦးဆောင်နေတဲ့ ဒိန်းမတ်နဲ့ ပြင်သစ်ပွဲစဉ်၊ နောက်တစ်ဆင့်အတွက်သေချာသွားပြီဖြစ်တဲ့ ခရိုအေးရှားပွဲစဉ်နဲ့ နောက်တစ်ဆင့်တက်ဖို့ရုန်းကန်ရဦးမယ့် အာဂျင်တီးနားတို့ရဲ့ ပွဲစဉ်တွေပါဝင်နေပါတယ်။**

### ဩစတြေးလျ-ပီရူး ည ၈း၃၀ နာရီ၊ ၂၆-၆-၂၀၁၈

ဩစတြေးလျအသင်းဟာ နှစ်ပွဲကစားအပြီးမှာ ပြင်သစ်အသင်းကို ရှုံးနိမ့်ခဲ့တယ်ဆိုပေမယ့် ဒိန်းမတ်အသင်းနဲ့ ပွဲစဉ်မှာတော့ တစ်ဖက်တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်အောင် ကစားထားနိုင်ခဲ့တာမို့ တစ်မှတ်ရရှိထားပါတယ်။ ပီရူးအသင်းကတော့ ဒိန်းမတ်အသင်းကိုရော၊ ပြင်သစ်အသင်းကိုရော ရှုံးနိမ့်ခဲ့တာကြောင့် အုပ်စုအဆင့်နဲ့တင် ကမ္ဘာ့ဖလားကနေ ထွက်ခွာသွားရမှာဖြစ်ပါတယ်။ လက်ရှိအုပ်စုမှာ ပြင်သစ်နဲ့ ဒိန်းမတ်တို့က အုပ်စုကို ဦးဆောင်နေပြီး ဩစတြေးလျကလည်း နောက်တစ်ဆင့်အတွက် မျှော်လင့်ချက်မရှိသလောက်ဖြစ်နေပါပြီ။ ဩစတြေးလျနဲ့ ပီရူးတို့ရဲ့ ခြေစွမ်းကို ယှဉ်ကြည့်မယ်ဆိုရင် ဩစတြေးလျရဲ့ခြေစွမ်းက ပိုသာနေတာကြောင့် ဒီပွဲစဉ်မှာ ဩစတြေးလျကပဲ အနိုင်ရလဒ်တစ်ခုကို ဆောင်ကြဉ်းသွားဖို့ ရှိနေပါတယ်။

### ဒိန်းမတ်-ပြင်သစ် ည ၈း၃၀ နာရီ၊ ၂၆-၆-၂၀၁၈

ပြင်သစ်အသင်းကတော့ နောက်တစ်ဆင့်တက်ဖို့ သေချာခဲ့ပါပြီ။ ဒိန်းမတ်အသင်းကတော့ လက်ရှိမှာ ရမှတ်လေးမှတ်ပဲရထားတာကြောင့် ပြင်သစ်အသင်းကို သရေခံကစားနိုင်ရင်တောင် နောက်တစ်ဆင့်တက်ဖို့အခွင့်အလမ်းရသွားမှာပါ။ ပြင်သစ်အသင်းကလည်း မက်ပီ၊ ဂရစ်ဇ်မန်း၊ ပေါ့ဘာတို့လို ကစားသမားတွေရှိနေတာကြောင့် ဒိန်းမတ်အသင်းအတွက် သရေခံကစားဖို့တောင်မလွယ်ကူတဲ့အနေအထားပါ။ ဒိန်းမတ်ရဲ့ခြေစွမ်းကိုကြည့်မယ်ဆိုရင် နှစ်ပွဲကစားအပြီး လေးမှတ်ရထားတယ်ဆိုပေမယ့် ပီရူးကို အနိုင်ရရှိခဲ့ပြီး ဩစတြေးလျအသင်းကိုတော့ သရေရလဒ်သာ ထွက်ပေါ်အောင်ကစားထားနိုင်ခဲ့ပါတယ်။ ဒါကြောင့် ဒိန်းမတ်နဲ့ ပြင်သစ် ထိပ်တိုက်တွေ့ဆုံနေတဲ့ အုပ်စုအဆင့်နောက်ဆုံးပွဲစဉ်မှာ ပြင်သစ်အသင်းကပဲ အသာစီးရယူသွားမှာပါ။

### အိုက်စလန်-ခရိုအေးရှား နံနက် ၀၀း၃၀ နာရီ၊ ၂၇-၆-၂၀၁၈

ဒီနေ့ညပိုင်းကစားမယ့်ပွဲတွေထဲမှာ နောက်တစ်ဆင့်တက်ဖို့ သေချာထားတဲ့ ခရိုအေးရှားအသင်းရဲ့ခြေစွမ်းကိုလည်း မြင်တွေ့ရမှာပါ။ ခရိုအေးရှားအသင်းဟာ နာမည်ကြီးအာဂျင်တီးနားအသင်းကိုတောင် သုံးဂိုးပြတ်နိုင်ပွဲရရှိထားတဲ့အသင်းဖြစ်ပါတယ်။ အိုက်စလန်ကလည်း အာဂျင်တီးနားအသင်းကို သရေတစ်မှတ်ရအောင်ကစားထားနိုင်တဲ့အသင်းလည်း ဖြစ်ပါတယ်။ ဒီအုပ်စုမှာ နောက်တစ်ဆင့်တက်ဖို့အတွက် ခရိုအေးရှားအသင်းအပြင် နိုင်ဂျီးရီးယားအသင်းသည်လည်း အခွင့်အရေးတစ်ရပ်ပိုင်ဆိုင်နေပြီး ဒီညပိုင်းမှာ နိုင်ဂျီးရီးယားအသင်းက အာဂျင်တီးနားကို သရေရလဒ်ထွက်ပေါ်အောင်ကစားနိုင်မှ နောက်တစ်ဆင့်အတွက် မျှော်လင့်ချက်ရှိမှာပါ။ အိုက်စလန်ကတော့ ခရိုအေးရှားနဲ့ ထိပ်တိုက်တွေ့နေတာကြောင့် ခရိုအေးရှားက သက်ညှာမှသာ နိုင်ပွဲရပြီး နောက်တစ်ဆင့်တက်မှာဖြစ်လို့ ခရိုအေးရှားကပဲ နိုင်ပွဲတစ်ပွဲရယူသွားဖို့ရှိနေပါတယ်။

### နိုင်ဂျီးရီးယား-အာဂျင်တီးနား နံနက် ၀၀း၃၀ နာရီ၊ ၂၇-၆-၂၀၁၈

ဒီပွဲစဉ်က ပရိသတ်စိတ်ဝင်စားမှုအမြင့်ဆုံးပွဲစဉ်ဆိုလည်း မှားမယ်မဟုတ်ပါဘူး။ နိုင်ဂျီးရီးယားအသင်းက ရမှတ်သုံးမှတ်ရရှိထားတယ်ဆိုပေမယ့် အာဂျင်တီးနားအသင်းက ဂိုးပြတ်နိုင်ပွဲရရှိခဲ့မယ်ဆိုရင် အုပ်စုအဆင့်ကနေ ကမ္ဘာ့ဖလားကို နှုတ်ဆက်သွားရကိန်းရှိပါတယ်။ အာဂျင်တီးနားကတော့ သူတို့ရဲ့ဂုဏ်သိက္ခာအရ နိုင်ဂျီးရီးယားကို ဂိုးပြတ်အနိုင်ရရှိခဲ့မယ်ဆိုရင် နောက်တစ်ဆင့်အတွက် မျှော်လင့်ချက်ရှိမှာပါ။ ဒါပေမယ့် နိုင်ဂျီးရီးယားက အာဂျင်တီးနားကို သရေခံကစားမယ်ဆိုရင်တော့ နိုင်ဂျီးရီးယားက နောက်တစ်ဆင့်တက်ဖို့ အခွင့်သာသွားမှာပါ။ ဒါကြောင့် ဒီပွဲစဉ်ဟာ ပြိုင်ဆိုင်မှုပြင်းထန်လာဖို့ရှိပြီး မက်ဆီအဆုံးသတ်ပိုင်းသေချာခဲ့မယ်ဆိုရင်တော့ အာဂျင်တီးနားအတွက် မျှော်လင့်ချက်ဆက်လက်ရှင်သန်နိုင်မှာဖြစ်ပါတယ်။




# ကိုလံဘီယာအသင်းက ပိုလန်အသင်းကို သုံးဂိုးပြတ်အနိုင်ရ

ပိုလန်အသင်းနှင့် ကိုလံဘီယာအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့် ကမ္ဘာ့ဖလားအုပ်စုအဆင့် ဒုတိယပွဲစဉ်တွင် ကိုလံဘီယာအသင်းက ပိုလန်အသင်းကို သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

ပိုလန်အသင်းသည် တိုက်စစ်မှူး လီဝန်ဒိုစကီးကို အထောင်ထားကာ ၃-၄-၃ ပုံစံဖြင့် ပွဲထွက်လာခဲ့ပြီး ကိုလံဘီယာအသင်းမှာမူ ဖယ်ကာအို၊ ကွာဒရာဒို၊ ဂျိမ်းစ်ရိုဒရီဂွက်ဇ် စသည့်ကစားသမားများကို အဓိကထားကာ ၄-၂-၃-၁ ပုံစံဖြင့် ပွဲထွက်လာခဲ့ပြီး ကိုလံဘီယာအသင်းက ပွဲကစားချိန် မိနစ် ၄၀ တွင် ယယ်ရီမီနာ၏ သွင်းဂိုးဖြင့် ဦးဆောင်ဂိုးစတင်ရရှိခဲ့သည်။

ထို့နောက် ကိုလံဘီယာအသင်းသည် ဒုတိယပိုင်းပွဲကစားချိန် မိနစ် ၇၀ တွင် ဖယ်ကာအိုကလည်းကောင်း၊ ပွဲကစားချိန် ၇၅ မိနစ်တွင် ကွာဒရာဒိုကလည်းကောင်း ဂိုးများသွင်းယူပေးခဲ့ခြင်းကြောင့် ကိုလံဘီယာအသင်းက ပိုလန်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ကိုလံဘီယာအသင်းပါဝင်နေသည့် အုပ်စု(H)တွင် ဂျပန်အသင်းနှင့် ဆီနီဂေါအသင်းတို့သည် ရမှတ်လေးမှတ်စီဖြင့် အုပ်စုကို ဦးဆောင်နေပြီး ကိုလံဘီယာအသင်းမှာမူ ရမှတ်သုံးမှတ်ဖြင့် အုပ်စုတတိယနေရာတွင်ရပ်တည်လျက်ရှိသည်။ ထို့ကြောင့် အသင်းသုံးသင်းမှာ နောက်တစ်ဆင့်တက်ရန်အတွက် ရုန်းကန်ရဦးမည်ဖြစ်ပြီး အုပ်စုအဆင့်နောက်ဆုံးပွဲစဉ်တွင်လည်း ကိုလံဘီယာအသင်းမှာ ဆီနီဂေါအသင်းနှင့် တွေ့ဆုံနေသည်။ ဂျပန်အသင်းမှာမူ ရမှတ်တစ်မှတ်မှမရရှိသေးသည့် ပိုလန်အသင်းနှင့် ထိပ်တိုက်တွေ့ဆုံနေသည်။

ထို့ကြောင့် ဂျပန်အသင်းက ပိုလန်အသင်းကို အနိုင်ရရှိခဲ့မည်ဆိုပါက ဂျပန်အသင်းမှာ နောက်တစ်ဆင့်အတွက် အခွင့်အရေးရရှိသွားမည်ဖြစ်ပြီး ဆီနီဂေါအသင်းနှင့် ကိုလံဘီယာအသင်းတို့ထဲက တစ်သင်းမှာ နောက်တစ်ဆင့်တက်လှမ်းလာဖို့ရှိနေသည်။ အဆိုပါ အုပ်စုအဆင့်နောက်ဆုံးပွဲစဉ်များကို ဇွန် ၂၈ ရက်တွင် ကစားမည်ဖြစ်ကြောင်း သိရသည်။

ငွေကြယ် - ရေးသားသည်

## FIFA WORLD CUP RUSSIA 2018 ကမ္ဘာ့ဖလားပွဲစဉ်များ

| | | | | |
|---|---|---|---|---|
| ဩစတြေးလျ | Vs | ပီရူး | ဇွန် ၂၆ ရက် | ည ၈း၃၀ |
| ဒိန်းမတ် | Vs | ပြင်သစ် | ဇွန် ၂၆ ရက် | ည ၈း၃၀ |
| အိုက်စလန် | Vs | ခရိုအေးရှား | ဇွန် ၂၇ ရက် | နံနက် ၀၀း၃၀ |
| နိုင်ဂျီးရီးယား | Vs | အာဂျင်တီးနား | ဇွန် ၂၇ ရက် | နံနက် ၀၀း၃၀ |

## FIFA WORLD CUP RUSSIA 2018 ကမ္ဘာ့ဖလားပွဲပြီးရလဒ်များ

| | | | | |
|---|---|---|---|---|
| ပိုလန် | ၀ | - | ၃ | ကိုလံဘီယာ |
| ဆော်ဒီအာရေဗျ | ၂ | - | ၁ | အီဂျစ် |
| ဥရုဂွေး | ၃ | - | ၀ | ရုရှား |

# ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရှိ လိုဏ်ဂူတစ်ခုအတွင်း လူငယ် ၁၃ ဦး ဝင်ရောက်သွားပြီး ပြန်လည်ထွက်မလာ၍ ကယ်ဆယ်ရေးအဖွဲ့များဖြင့် ဆက်လက်ရှာဖွေမှုများ ဆောင်ရွက်လျက်ရှိ

**တာချီလိတ် ဇွန် ၂၅**

မြန်မာ-ထိုင်း နှစ်နိုင်ငံနယ်စပ် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရှိ ထမ့်လုံခွန်နမ့် ရေထွက်အနီးရှိ လိုဏ်ဂူအတွင်း ဇွန် ၂၃ ရက် မွန်းလွဲပိုင်းက ဝင်ရောက်သွားသည့် လူငယ် ၁၃ ဦးမှာ ပြန်လည်ထွက်လာခြင်းမရှိသဖြင့် ယင်းနေ့ ညပိုင်းက စတင်၍ ကယ်ဆယ်ရေးအဖွဲ့များက ကြိုးပမ်းရှာဖွေလျက်ရှိကြောင်း သိရသည်။



အဆိုပါဂူထဲသို့ ဝင်ရောက်သည့် လူငယ်များမှာ မယ်ဆိုင်မြို့ရှိ ကျောင်းပေါင်းစုံမှ ဘောလုံးအားကစားသမား ကျောင်းသား ၁၂ ဦးနှင့် နည်းပြတစ်ဦး စုစုပေါင်း ၁၃ ဦးဖြစ်ရာ ဆိုင်ကယ်တစ်စီးနှင့် စက်ဘီးများအား ပန်းခြံတာဝန်ရှိသူက သတိထားမိပြီး တာဝန်ရှိသူများထံ ဆက်သွယ်ပေးမှုကြောင့် သိရှိကာ စတင်ရှာဖွေနေခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ လိုဏ်ဂူမှာ ခန့်မှန်းခြေအားဖြင့် ငါးမိုင်ဝန်းကျင် ရှည်လျားသည်။ ဇွန်လမှ အောက်တိုဘာလအထိ မိုးရာသီအတွင်း ရေအမြင့်ပေ ငါးမီတာ (၁၆ ဒသမ ၅ ပေ)အထိရှိရာ လိုဏ်ဂူအတွင်း ချောင်းရေကြီးပြီး ရေစီးသန်နေမှုကြောင့် ရှာဖွေကယ်ဆယ်ရေး အခက်အခဲနှင့် ကြုံနေရကြောင်း၊ ထိုင်းနိုင်ငံ မယ်ဆိုင်ကယ်ဆယ်ရေးအဖွဲ့၊ ရဲတပ်ဖွဲ့၊ တပ်မတော်နှင့် မီးသတ်တပ်ဖွဲ့စသည့် ကယ်ဆယ်ရေးအဖွဲ့များက ကြိုးစားရှာဖွေနေကြဆဲဖြစ်ကြောင်း တာချီလိတ်ခရိုင် အုပ်ချုပ်ရေးမှူးရုံးမှ မြန်မာ-ထိုင်း ဆက်ဆံရေးတာဝန်ခံ ဦးထွန်း(မယ်ဆိုင်)က ပြောကြားကြောင်း သိရသည်။

ယင်းဂူထဲသို့ ဝင်ရောက်သွားသည့် ၁၃ ဦးတွင် အသက်(၁၁)နှစ်မှ (၂၅)နှစ် အရွယ်အတွင်းသာရှိပြီး ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများအား ချင်းရိုင်းခရိုင်အုပ်ချုပ်ရေးမှူး၊ ချင်းရိုင်း ခရိုင်ရဲတပ်ဖွဲ့မှူးတို့က ကြီးကြပ်ကာ ချင်းမိုင်၊ ချင်းရိုင်းနှင့် မယ်ဆိုင်မြို့တို့ရှိ ကျွမ်းကျင်ကယ်ဆယ်ရေးအဖွဲ့များဖြင့် ရှာဖွေနေသည့်အပြင် ဇွန် ၂၅ ရက် နံနက် ၂ နာရီက ထိုင်းနိုင်ငံ တော်ဝင်ရေတပ်မှ အထူးအဖွဲ့များရောက်ရှိ၍ ဆက်လက်ကြိုးစားရှာဖွေနေကြောင်း သိရသည်။

**သတင်း- ဝေယံလင်း(မြန်/ဆက်)**

**ဓာတ်ပုံ- kaokrai.com**

## မြန်မာ့ရုပ်မြင်သံကြား

**၂၆-၆-၂၀၁၈ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၀၀ | Breakfast News |
| ၇း၃၅ | “ပျော်ရွှင်စွာဆင်ကာန္တဲ ဝေရောစနကျောက်စိမ်းစေတီတော်ဘုရားပွဲ” |
| ၈း၃၅ | “လူငယ်နှင့်မူးယစ်ဆေးဝါးကဏ္ဍ” (လူငယ်များကပြောသော လူငယ်စကားများ)(အပိုင်း-၃) |
| ၈း၄၅ | ဥပဒေရေးရာအဖြာဖြာ “တာဝန်နှင့်လူ” (ဝေဖြိုးဟိန်း၊ နေသစ်ခန့်၊ ဦးစံပေါ၊ ခင်ဖြူဖြူသန့်၊ အိအိသဲ၊ ဒေါ်အမာကြည်၊ ဒေါ်မို့မို့သိန်း) (ဒါရိုက်တာ-ဝေဠု(ဝသန်)) |
| ၉း၂၀ | ရာဇဝင်ထဲကသမိုင်းအနုပညာ “ပန်းဆယ်မျိုး”(ပန်းတဉ်းလုပ်ငန်း) |
| ၉း၃၅ | မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ် |
| ၁၁း၂၀ | မျက်မှောက်ရေးရာသုံးသပ်စရာ |
| ၁၂း၂၀ | နိုင်ငံခြားဇာတ်လမ်းတွဲ “မဟာကာလီ”(အပိုင်း-၁၉) |
| ၁၄း၂၀ | Yes or No Talk Show |
| ၁၅း၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ “မကြွေတဲ့နှင်းဆီ” (အပိုင်း-၄၈) |

**ညပိုင်း**

| | |
|---|---|
| ၁၆း၂၅ | YTN (Science) “ပန်းများ၏ဆွဲဆောင်မှုနည်းပညာ” |
| ၁၇း၁၀ | “(၅၅)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ” |
| ၁၇း၃၀ | မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း |
| ၁၈း၂၀ | Football Magazine |
| ၁၈း၃၅ | ကြယ်ပွင့်များရဲ့ရင်ခုန်သံ (ဒါရိုက်တာ-ဂျိုး) |
| ၁၉း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ “မဟာကာလီ” (အပိုင်း-၂၀) |
| ၁၉း၅၅ | “CHOICE” (အပိုင်း-၇၃) |
| ၂၀း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၀း၃၅ | “မူပိုင်ခွင့်အကြောင်း သိကောင်းစရာ” (ဒေသထွက်ကုန်များကို အကာအကွယ်ပေးသည့် မူပိုင်ခွင့်အကြောင်း သိကောင်းစရာများ)(အပိုင်း-၁) - အနုပညာခန်းရိပ်သာ “အဆိုတော်မောင်သိန်းဝင်းနှင့် တွေ့ဆုံခြင်း” - နိုင်ငံခြားဇာတ်လမ်းတွဲ “မျဉ်းဖြောင့်တစ်ကြောင်းရဲ့ မှတ်တမ်း”(အပိုင်း-၂၈) -“ဟိုးဘက်အိမ်ကမီးထိန်ထိန်” (အပိုင်း-၁)(ဇော်ဦး၊ဇင်ဝိုင်း၊နေယံ၊ မေသဥ္ဇာဦး၊ ခင်မို့မို့အေး၊ သဥ္ဇာမြင့်မိုရ်) (ဒါရိုက်တာ-အောင်သြဘာ) |
| ၁၂း၀၀ | ၂၀၁၈ ခုနှစ်၊ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (Iceland Vs Croatia) အစီအစဉ်ပြီး၏။ |

# ဖမ်းမိသော ပင်လယ်လိပ်အား ပြန်လွှတ်ပေး



**ရေး ဇွန် ၂၅**

ရေးမြို့နယ် လမိုင်းမြို့ သပြေရွာတွင်နေထိုင်သော ရေလုပ်သားတစ်ဦးသည် ဇွန် ၂၃ ရက် နံနက်ပိုင်းက ကမ်းဝိုင်းသောင်ဆွဲပိုက်ဖြင့် ငါးဖမ်းစဉ် အရှေ့ညာရေယက်၍ အတွင်းအနားစွန်း၌ စတီးပြားအမှတ်အသားတံဆိပ် ရိုက်နှိပ်ထားသော အလေးချိန် ၁ ဒသမ ၀၄ ပိဿာခန့်ရှိ ပြင်သာလိပ်(ခေါ်) Cheloniamydas ပင်လယ်လိပ်တစ်ကောင်အား ဖမ်းမိခဲ့ရာ ငါးအဝယ်ဒိုင်လုပ်ကိုင်သူ ဦးကျော်ဆန်းကတစ်ဆင့် ရေးမြို့နယ် ငါးဦးစီးရုံးသို့ အကြောင်းကြားခဲ့သဖြင့် ဝန်ထမ်းများက အဆိုပါပင်လယ်လိပ်တွင်ပါရှိသော အချက်အလက်မှတ်တမ်းများကိုရယူပြီး ညနေပိုင်းတွင် ပင်လယ်ပြင်ထဲသို့ပြန်လည်လွှတ်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(မြန်/ဆက်)**

# YBS-20 ယာဉ်မောင်း တရားလိုက စွပ်စွဲခံရသူတို့အပေါ် ပြန်လည်ကျေအေး၍ အမှုကိုရုပ်သိမ်း

**ရန်ကုန် ဇွန် ၂၅**

YBS-20 ယာဉ်ပိုင်ရှင် ဦးကျော်နေဝင်းနှင့် ဦးဖွဲနေဝင်းတို့ နှစ်ဦးအား YBS-20 ယာဉ်မောင်း ဦးအောင်မြတ်က လှိုင်သာယာမြို့နယ် တရားရုံးသို့ ရာဇသတ်ကြီးပုဒ်မ ၂၉၄၊ ပုဒ်မ ၃၂၃ တို့ဖြင့် ဆဲဆိုထိခိုက် နာကျင်စေ၍ ဦးတိုက်လျှောက်ထားမှုမှ စွပ်စွဲခံရသူတို့အပေါ် ပြန်လည်ကျေအေး ရုပ်သိမ်းကြောင်း ယာဉ်မောင်းကိုယ်တိုင် လျှောက်ထားလာသဖြင့် ယနေ့နံနက် ၁၀ နာရီ ရုံးချိန်းတွင် နှစ်ဖက်ကြားနာကာ အမှုအားရုပ်သိမ်းပြီး စွပ်စွဲခံရသူတို့ကို အမှုမှလွှတ်ကြောင်း အမိန့်ချမှတ်ခဲ့ခြင်းဖြစ်သည်ဟု အဆိုပါ တရားရုံးမှ သိရသည်။

လှိုင်သာယာမြို့နယ် တရားရုံး သတင်းနှင့် ပြန်ကြားရေးအရာရှိ မြို့နယ်တရားသူကြီး ဦးကျော်သူမိုးက “ဒီကနေ့ရုံးချိန်းမှာ တရားလိုယာဉ်မောင်း ဦးအောင်မြတ်နဲ့ စွပ်စွဲခံရသူတို့နှစ်ဦး ရုံးရှေ့ရောက်ပါတယ်၊ ဥပဒေအရာရှိက အမှုကိုရုပ်သိမ်းလိုကြောင်း တင်ပြလာတဲ့အတွက် ရုံးထိုင်တရားသူကြီးက ရုပ်သိမ်း သင့်၊ မသင့် နှစ်ဖက်လျှောက်လဲချက်ကို ကြားနာပြီး ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၉၄ အရ ရုပ်သိမ်းခွင့်ပြုခဲ့ကာ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၉၄(က)အရ စွပ်စွဲခံရသူတို့အပေါ် စွဲချက်မတင်မီ လွှတ်လိုက်ကြောင်း အမိန့်ချမှတ်ခဲ့တာပါ”ဟု ပြောသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# ရေပူစစ်ဆေးရေးအဖွဲ့က တရားမဝင်ကုန်စည်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၂၅**

ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်စဉ် ဇွန် ၂၄ ရက်က ခရီးသည်တင်ယာဉ် နှစ်စီးနှင့် TOYOTA WISH ယာဉ်ငယ်တစ်စီးတို့ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် HUAWEI Y6 HandSet အလုံး ၅၀၊ HUWAEI Y3 HandSet အလုံး ၅၀ အပါအဝင် ဖုန်းနှင့်ဆက်စပ်ပစ္စည်း၊ လူသုံးကုန်ပစ္စည်း စုစုပေါင်း ပစ္စည်းရှစ်မျိုး(ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀ ဒသမ ၆၃၆ သန်းခန့်) စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းရမိခဲ့သည်။

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဇွန် ၂၄ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၁၆၃ စီး၊ သွင်းကုန် ၉၇၄ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၉ စီး၊ သွင်းကုန် ၁၄၈ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၄ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု သုံးမှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀ ဒသမ ၆၃၆ သန်းခန့်)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ငါးမှု (ခန့်မှန်းတန်ဖိုးငွေ ကျပ် ၇ ဒသမ ၉၄၈ သန်းခန့်) စုစုပေါင်းတားဆီးမှု ရှစ်မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၈ ဒသမ ၅၈၄ သန်းခန့်) သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပျဉ်းမနားမြို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၂၅**

နေပြည်တော် ပျဉ်းမနားမြို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များနှင့် ပျဉ်းမနားမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်တို့သည် ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက် ယန္တရားနယ်မြေ စက်သုံးဆီရောင်းဝယ်ရေးဆိုင်ရှေ့ ယန္တရားနယ်မြေအတွင်းဝင်သည့် မြေသားလမ်း၌ မူးယစ်ဆေးဝါး အရောင်းအဝယ်ပြုလုပ်ကြောင်း သတင်းအရ စောင့်ဆိုင်းဖမ်းဆီးရာ ရဲကျော်သူ(၂၈)နှစ်၏ ပုဆိုးခါးပုံစအတွင်းမှ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၊ အလေးချိန် ၂၀ ဂရမ်ပါ အထုပ်တစ်ထုပ်၊ ၂၁ယ/----- Dream ဆိုင်ကယ်တစ်စီး၊ ဆင်းကတ်ပါ ZXET တံဆိပ် အစိမ်းရောင် လက်ကိုင်ဖုန်းတစ်လုံး၊ ငွေကျပ် ၆၀၀၀ တို့အား သိမ်းဆည်းရမိသည်။

ဖမ်းဆီးရမိသူ ရဲကျော်သူအား စစ်ဆေးရာ ယင်းဆေးပြားများကို ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက် ယန္တရားနယ်မြေ အမှတ်(၁၇/၁၉၇) ပျဉ်းမနားမြို့နေ ဇော်ဇော်စိုး(ခ)မောင်ဇော်(၃၈)နှစ်က တစ်ပြားလျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် သွားရောက်ပို့ခိုင်းကြောင်း ထွက်ဆိုသဖြင့် ဇော်ဇော်စိုး(ခ)မောင်ဇော်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်း၏နေအိမ်နောက်ဘက်ကားပစ္စည်းများထားသည့် ဂိုဒေါင်အတွင်း စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀ ပါ တစ်ထုပ် စုစုပေါင်း ဆေးပြား ၃၁၆၀ စုစုပေါင်းအလေးချိန် ၃၁၆ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ ပါ ရှစ်ထုပ် စုစုပေါင်းဆေးပြား ၁၆၀၀၊ အလေးချိန် ၁၆၀ ဂရမ်ခန့်ကိုလည်းကောင်း၊ ၎င်းဝတ်ဆင်ထားသော အင်္ကျီအိတ်ကပ်အတွင်းမှ အဖြူရောင် လက်ကိုင်ဖုန်း တစ်လုံး၊ ဆင်းကတ်ပါနှင့် ပိုက်ဆံအိတ်အတွင်းမှ ငွေကျပ် ၃၅၁၀၀ တို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

အမှုမှ ဇော်ဇော်စိုးနှင့် ရဲကျော်သူတို့အား ပျဉ်းမနားမြို့မရဲစခန်းမှ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကိုကိုရှုပ(နေပြည်တော်)**

# တာချီလိတ်မြို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၂၅**

မူးယစ်တပ်ဖွဲ့စု(၃၀)တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၂၄ ရက် ညနေ ၅ နာရီက တာချီလိတ်မြို့အထွက် လွယ်တော်ခမ်း ပူးပေါင်းစစ်ဆေးရေးစခန်းတွင် ဇင်ကိုကိုလတ်(ခ)ဝိုင်းချစ် မောင်းနှင်ပြီး ဖြိုးဝေထွန်း(ခ)ဖိုးခွား လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀ နှင့် ဖြိုးဝေထွန်း(ခ)ဖိုးခွားထံမှ လက်ကိုင်ဖုန်း တစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်**

# လူငယ်ဘဝတိုးတက်ဖို့ မူးယစ်အန္တရာယ်ကာကွယ်စို့

မေတ္တာမိုးနှင်း(ပဲခူး)



ဤလောကကမ္ဘာကြီးတွင် လူ့ဘဝရလာကတည်းက 'ယနေ့လူငယ်၊ နောင်ဝယ်လူကြီး' ဟူသောစကားပုံအတိုင်းပင်။ လူငယ်ဘဝမှသည် လူကြီးဘဝသို့ အသွင်ပြောင်းလဲလာကြခြင်းဖြစ်သည်။ သို့သော် ရုပ်သွင်ပြင်ပြောင်းလဲကြသော်လည်း စိတ်ထားတို့သည် အနည်းငယ်သာပြောင်းလဲကြ၏။ ငယ်ကတည်းက အကျင့်စရိုက်သည် လူကြီးတစ်ယောက်ဖြစ်လာသည့်တိုင် ပါလာခဲ့ခြင်းဖြစ်သည်။ ထိုသို့ဆိုလျှင်လူငယ်၏ ဘဝသည် အရေးကြီးဆုံးဖြစ်ပေ၏။ လူငယ်ဟူသည်အသက်အရွယ် ငယ်ရွယ်ကြသလိုစိတ်ထားနုနယ်သူများလည်းဖြစ်သည်။ ရွှံ့စေးကဲ့သို့လည်းကောင်း၊ ဖော့ဖယောင်းကဲ့သို့လည်းကောင်း ပျော့ပျောင်းသောစိတ်များရှိကြ၏။ လိုသလိုပုံသွင်းယူ၍ရပေသည်။ 'အတုမြင်အတတ်သင်' တတ်သောအရွယ်လည်းဖြစ်သည်။ ကောင်းသောအပြုအမူ၊ အလုပ်အကိုင်တို့ကို အတုယူလျှင် လူတော်လူကောင်းများဖြစ်လာနိုင်သလို မကောင်းသောအပြုအမူ၊ အလုပ်အကိုင်တို့ကို အတုယူမိလျှင်လည်း လူတော်လူကောင်းဖြစ်မလာနိုင်ချေ။ လူဆိုးလူသွမ်းများအဖြစ်သာ ရပ်တည်နေကြရပေမည်။ ထို့ကြောင့် လူငယ်တို့ဘဝအတွက် ကောင်းသော အမူအကျင့်၊ အလုပ်အကိုင်တို့ကိုသာ အတုယူတတ်ရန် အလွန်ပင်အရေးကြီးပေသည်။

**သမိုင်းပေးတာဝန်တစ်ရပ်ပင်ဖြစ်**

လူငယ်ဟူသည် ရှေးလူကြီးများ၏ အမွေကို ဆက်ခံရမည့်သူများလည်းဖြစ်ပေသည်။ တစ်နည်းအားဖြင့်ဆိုသော် တိုင်းပြည်၏ အနာဂတ်သားသမီးကောင်းများအဖြစ် ရပ်တည်ကြရမည့်သူများဖြစ်သည်။ လူငယ်တို့၏ စွမ်းပကားဖြင့် တိုင်းပြည်ကို တစ်ခေတ်ပြီးတစ်ခေတ်၊ တစ်နှစ်ပြီးတစ်နှစ် တိုးတက်ဖွံ့ဖြိုးအောင်ဆောင်ရွက်ကြရမည်မှာ သမိုင်းပေးတာဝန်တစ်ရပ်ပင်ဖြစ်၏။ လူငယ်တစ်ဦးချင်းအနေဖြင့် စွမ်းဆောင်၍ မရသော်လည်း လူငယ်အများစု၏ စုပေါင်းအင်အားဖြင့် ဆောင်ရွက်ကြရမည်မဟုတ်ပါလော။ စည်းလုံးညီညွတ်မှုသာမက ကျန်းမာကြံ့ခိုင်မှုသည်လည်း တိုင်းပြည် တည်ဆောက်ရာတွင် အရေးကြီးသောအခန်းကဏ္ဍအဖြစ်ပါဝင်ပေသည်။ ကျန်းမာကြံ့ခိုင်မှုရှိမှသာ ကျရာအခန်းကဏ္ဍ၌ အုတ်တစ်ချပ်၊ သဲတစ်ပွင့်ပမာ တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်နိုင်မည်ဖြစ်ပေသည်။ လူငယ်များအတွက် ကျန်းမာရေး အန္တရာယ်ဖြစ်စေသောအကြောင်းများမှာ ကွမ်းယာ၊ ဆေးလိပ်၊ ဘီယာ၊ အရက်မှစ၍ အမြင့်မားဆုံးမူးယစ်ဆေးဝါးများလည်း ပါဝင်ပေသည်။ ထိုအန္တရာယ်များကို အတတ်နိုင်ဆုံး တားဆီးနိုင်မှတော်ရာကျပေလိမ့်မည်။

လူတို့သည် သမိုင်းကြောင်းအရ 'ရေကြည်ရာ မြက်နုရာ' ကိုလှည့်လည်သွားလာရင်း တူရာတူရာအုပ်စုဖွဲ့နေထိုင်ကြရခြင်းဖြစ်သည်။ ထို့ကြောင့် 'လူဆိုသည်မှာ တစ်ဦးတစ်ယောက်တည်း ခွဲထွက်မနေပါ' ဟူသော ဆိုရိုးတေးသီချင်းပင်ရှိခဲ့လေ၏။ လူ့ဘောင်အဖွဲ့အစည်းတွင် လူတို့သည်အစုအဝေး၊အဖွဲ့အစည်းတို့ဖြင့် နေထိုင်ကြရသည်။ ထိုအခါတစ်ဦးနှင့်တစ်ဦး ပေါင်းသင်းဆက်ဆံရေးမှာအရေးပါလာတော့သည်။ ပေါင်းသင်းဆက်ဆံရေးအရ အပေါင်းအသင်း သူငယ်ချင်းများပါလာတော့၏။ ထိုအပေါင်းအသင်းသူငယ်ချင်းဟူသည် အမျိုးအစားနှစ်မျိုးကွဲထွက်လာတော့သည်။ ကောင်းသောအပေါင်းအသင်းနှင့် မကောင်းသောအပေါင်းအသင်းပင်ဖြစ်သည်။ ကောင်းသော အပေါင်းအသင်းနှင့်တွေ့သည့်လူငယ်တို့မှာ ဘဝတိုးတက်အောင်မြင်မှုရှိသော်လည်း မကောင်းသောအပေါင်းအသင်းနှင့်ကြုံရသောသူများသည်ဘဝတိုးတက်မှုမှာ အဟန့်အတားများ ဖြစ်စေ၏။ လူငယ်တို့အတွက် ကောင်းသောအပေါင်းအသင်းကို ရွေးချယ်ပေါင်းသင်းရန်လည်း လိုအပ်ပေသည်။

**အုတ်တစ်ချပ်၊ သဲတစ်ပွင့်ပမာ ပါဝင်နိုင်**

ယနေ့နိုင်ငံ့တာဝန်ထမ်းဆောင်နေကြသော ပုဂ္ဂိုလ်တို့သည် ယခင်ကလူငယ်များပင်ဖြစ်ကြသည်။ ကောင်းမွန်သော အမူအကျင့်၊ အလုပ်အကိုင်တို့ကြောင့် တိုင်းပြည်တည်ဆောက်ရေးလုပ်ငန်းများတွင် အုတ်တစ်ချပ်၊ သဲတစ်ပွင့်ပမာ ပါဝင်နိုင်ခဲ့ကြခြင်းဖြစ်သည်။ လူငယ်ဟူသည် စူးစမ်းလိုသောစိတ်ရှိသည်။ ထိုစိတ်၏

> “'တံလျှပ်ကိုရေထင် ရွှေသမင် အလိုက်မှား'သည့်အလားဖြစ်နေကြသည်။ စူးစမ်းချင်သောစိတ်သည် အမှားဘက်သို့ အများဆုံးဦးဆောင်နေတော့၏…”

နောက်တွင် လက်တွေ့စမ်းသပ်လိုမှုက ကပ်ပါလာပြန်၏။ ထိုသို့ စူးစမ်းရာတွင် ကောင်းသောအတတ်ကိုတတ်ရန် ခက်ခဲသော်လည်း မကောင်းသော အတတ်ပညာအားသင်ယူရာ၌ တတ်မြောက်ရန်လွယ်ကူကြသည်။ လိမ္မာရန်ခက်ခဲသည်။ မိုက်မဲရန်လွယ်ကူသည်မဟုတ်ပါလား။ လူငယ်တို့ ပထမဦးဆုံးတတ်မြောက်သော အန္တရာယ်မှာ ကွမ်းစားခြင်းပင်ဖြစ်သည်။ လူငယ်ဖြစ်သည့်အလျောက် မူးဝေသည့် ဒဏ်ကိုခံစားနိုင်မည်မဟုတ်။ ကွမ်းယာအား အချိုအဆိမ့်စားမည်။ အဆင်ပြေနေလိမ့်မည်။ ထိုမှတစ်ဆင့် ဆေးရွက်ကြီးထည့်စားမည်။ ထို့နောက် ဆေးပေါင်းဟူသော မူးယစ်စေသည့်နှပ်ဆေးမျိုးဖြင့် စားလာကြတော့သည်။ ဤသည်က မူးယစ်အန္တရာယ်၏ အစပင်တည်း။

**ဒုတိယခြေလှမ်းများပင်ဖြစ်**

လူငယ်ဟူသည် ပျော်ရွှင်စွာ နေထိုင်တတ်ကြသည်။ အပျော်အပါးမက်သည်။ အုပ်စုဖွဲ့၍ နေထိုင်ခြင်းကိုပိုမိုနှစ်သက်ကြ၏။ ထိုအခါ စမ်းသပ်ခြင်းနည်းပညာကိုအသုံးချကြသည်။ မိမိတို့ကိုယ်တိုင် သားကောင်ဖြစ်သွားမည်ကို မတွေးကြတော့ချေ။ ကွမ်းတံတွေးတဗျစ်ဗျစ်နှင့် စကားပြောရသည်ကိုပင် ဂုဏ်ယူသလိုလို လုပ်နေတတ်ကြသည်။ တချို့လူငယ်များက စီးကရက်ကိုလက်ကြားညှပ် ဟန်ပါပါသောက်ပြကာ စတိုင်ထုတ်တတ်ကြ၏။ တချို့ကမူ နှုတ်ခမ်းလွှာမှ စီးကရက်အငွေ့ကို မှုတ်ထုတ်ရင်း စီးမျောနေရသည်ကိုပင် ရုပ်ရှင်မင်းသားအိုက်တင် ပြည့်သလိုရှိုးထုတ်တတ်ကြသည်။ ထိုအချိန်မျိုးတွင် စီးကရက်ငွေ့အားရှူရှိုက်၍ နှာခေါင်းဝမှ ပြန်လည်ထုတ်ပြနိုင်သူသည် ဆရာကြီးတစ်ပါးအလားပင်။ သားကောင်ဘဝမှာ စတင်ပျော်မွေ့နေမိသည်ကို လူငယ်များသတိမရတော့ပေ။ 'တလွဲဆံပင်ကောင်း' တတ်သောသူတို့၏ အမူအကျင့်၌ သာယာနေတော့သည်။ မူးယစ်ဆေးဝါးအန္တရာယ်သို့ ဝင်ရောက်သည့် ဒုတိယခြေလှမ်းများပင်ဖြစ်သည်။

ကွမ်း၊ ဆေးလိပ်မှစ၍ ရှုတတအရသာရှိသည့်အချိုရည်၊ ထိုမှတစ်ဆင့်ဝိုင်၊ အရက်၊ ဘီယာစသည်ဖြင့် သောက်သုံးလာကြတော့သည်။ အမှန်တကယ် 'စားကောင်းသောက်ကောင်း' ဖြစ်သည်ကိုသာ စိတ်စွဲနေကြသည်။ လေတဖြူးဖြူးမှာ အူမြူးလာသည်ကို နှစ်သက်နေကြ၏။ 'တန်ဆေး လွန်ဘေး'ဖြစ်သည်ကို ထည့်မတွက်ကြချေ။ အသက်ကြီးသူ၊ ရွယ်တူ၊ ငယ်သူ မခွဲခြားဘဲ စိတ်ထင်ရာ ကစဉ့်ကလျားပြောရသည်ကို သဘောကျနေတော့သည်။ ထိုမှတစ်ဆင့် စိတ်ကြွရူးသွပ်ဆေးများဖြစ်သည့် ဆေးခြောက်၊ ဘိန်းဖြူတို့ကိုသုံးစွဲကြတော့၏။ ဘိန်းဖြူကို ဆေးလိပ်ထဲထည့်၍ ရှူရှိုက်သာမက ဆေးထိုးအပ်ဖြင့် အကြောထဲထိုးသွင်း အသုံးပြုကြသည်။ ဆေးစွဲသွားသည့်အခါ ဆေးထိုးအပ်ပင် မစောင့်ဆိုင်းတော့ချေ။ သွေးကြောကို ဘရိတ်ဓားနှင့်လှီး၍ ဆေးမှုန့်ကို သွေးကြောထဲတိုက်ရိုက်ထည့်သွင်းအသုံးပြုတော့သည်။ ဆိုးကျိုးက ပြောဖွယ်ရာမရှိတော့ချေ။အသက်အန္တရာယ်ကိုပါ ထိခိုက်တော့သည်။ ဆေးစွဲသူတစ်ဦးရှိလျှင် မိဘဆွေမျိုးကိုလည်း အန္တရာယ်ဖြစ်စေပြန်သည်။ ဆေးဝယ်ရန်လိုအပ်သောငွေကြေးမလုံလောက်သည့်အခါ အဘယ်အရာကိုမျှ မမြင်နိုင်တော့ချေ။ ရာဇဝတ်မှုများကိုပါ ကျူးလွန်လာကြတော့သည်။ ထို့ကြောင့် ဘိန်းဖြူ၏ ဆိုးကျိုးကို 'ငွေကိုယူသည်၊ ရွှေကိုယူသည်၊ ပြီးတော့လူကိုယူသည်'ဟုပင် ပြောစမှတ်ပြုကြခြင်းပင်။

**ဆိုးကျိုးများကိုဖြစ်ပေါ်စေ**

ယခုအခါ မြန်မာနိုင်ငံသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံအဖြစ်ရပ်တည်စပြုလာပြီဖြစ်သည်။ ခေတ်မီလာသည်နှင့်အမျှ ခေတ်မီဆေးဝါးများစွာလည်း ဝယ်ယူရရှိနေပြီဖြစ်သည်။ ခေတ်မီခြင်းသည် ကောင်းမွန်၏။ သို့သော် တလွဲခေတ်မီခြင်းများက ဆိုးကျိုးများကိုဖြစ်ပေါ်စေခြင်းပင်။ ယခုဆိုလျှင် လူငယ်ထုအတွင်းသို့ ဝင်ရောက်လာသော ခေတ်မီဆေးဝါးတစ်မျိုးမှာ (WY) ဟုခေါ်သော စိတ်ကြွရူးသွပ်ဆေးပြားဖြစ်သည်။ (WY)ဆေးပြားသည် ဘာမီတွန်အရွယ်အစားထက် အနည်းငယ်သေးငယ်ပြီး အရောင်မှာ ပန်းရောင်ရင့်၊ တချို့မှာ အစိမ်းရောင်၊ အဖြူရောင်တို့ဖြစ်သည်။ ထိုဆေးပြားကို ရေသန့်ဘူးခွံ သို့မဟုတ် စီးကရက်ဘူးတွင်ပါသော ခဲပြားပေါ်တင်ကာ မီးခြစ်ဖြင့်မီးရှို့၍ အငွေ့ကို ရှူခြင်းဖြစ်သည်။ ငွေကြေးမတတ်နိုင်သူ၊ ချို့တဲ့သူများက ဈေးပေါပေါနှင့်ရရှိသော အိမ်သုံးကော်အား မီးရှို့ကာ ကော်ရှူကြသည်ကို တွေ့ရှိရ၏။ အဆိုပါ စိတ်ကြွဆေးကို သုံးခြင်းအားဖြင့် စိတ်ကြွလာပြီး မျက်လုံးသူငယ်အိမ် ပိုမိုကျယ်လာကာ ယခင်ထက်ပိုမို သွက်လက်လှုပ်ရှားစေသည်။ ချွေးစေးများထွက်ပြီး အစာမစားချင်၊ အိပ်မပျော်၊ ကယောင်ချောက်ချားဖြစ်ကာ တွေ့ရာလူကိုရန်လုပ်ခြင်းဖြင့် ရာဇဝတ်မှုကျူးလွန်တော့သည်။ တချို့က မြင်းဆေးဟုပင်ခေါ်ကြသေးသည်။ အလွန်အကျွံသုံးစွဲလျှင် မိမိကိုယ်မိမိသေကြောင်းကြံခြင်း၊ ရူးသွပ်ခြင်းတို့ကိုဖြစ်စေ၏။ မူးယစ်ဆေး၏အန္တရာယ်ကကြောက်မက်ဖွယ်တည်း။

**ဆုတ်ယုတ်ခြင်းသို့သာဦးတည်**

မူးယစ်ဆေးဝါးအန္တရာယ်သည် လူငယ်ထုအတွက်ဖြစ်ရိုးဖြစ်စဉ်ပမာဖြစ်ပေါ်လျက်ရှိသည်။ 'တံလျှပ်ကိုရေထင် ရွှေသမင်အလိုက်မှား'သည့်အလား ဖြစ်နေကြသည်။ စူးစမ်းချင်သောစိတ်သည် အမှားဘက်သို့ အများဆုံးဦးဆောင်နေတော့၏။ လူငယ်တို့ဘဝသည် တိုးတက်ရန်မရှိဘဲ ဆုတ်ယုတ်ခြင်းသို့သာဦးတည်နေသည်။

အထက်တွင်ဖော်ပြခဲ့သော လူငယ်တို့၏ စိတ်သဘောထားနှင့်နှိုင်း၍ တင်ပြရမည်ဆိုလျှင် မိဘများတွင် တာဝန်ရှိသည်။ နုနယ်သော လူငယ်တို့၏စိတ်ကို ပုံသွင်းကောင်းရန် ကြိုးစားရမည်။ အတန်းပညာကို တတ်နိုင်သလောက်သင်ကြားပေးရမည်။ အားလပ်သည့်အချိန်တွင် အပိုဝင်ငွေဖြန့်းတီးခွင့်ပြုမည့်အစား စာအုပ်၊ စာစောင်များကိုဗဟုသုတရစေရန်ဖတ်သည့် အလေ့အကျင့် ပြုလုပ်ပေးကြရ မည်။ ယခုခေတ်သည် ပွင့်လင်းမြင်သာသောခေတ်ဖြစ်သည်။ စာအုပ်၊ စာစောင်များတွင် မူးယစ်ဆေးဝါးနှင့်သက်ဆိုင်သောအသိပညာပေးစာမှုများ၊ မူးယစ်ဆေးဝါး၏ ဆိုးကျိုးများ၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့်ရရှိလာသော ပြစ်ဒဏ်များကို တွေ့ကြရပေမည်။ သို့မှသာ အရှက်အကြောက်ရှိသင့်သလောက်ရှိ၍ မိမိအသိစိတ်နှင့် ထိန်းချုပ်နိုင်မည်မဟုတ်ပါလား။ မိဘများဘက်မှ သားသမီးလူငယ်များအပေါ် ဤသို့ တတ်နိုင်သမျှ ဖြည့်ဆည်းပေးနိုင်ခြင်းသည် မူးယစ်ဆေးဝါးအန္တရာယ်ကို ကြိုတင်ကာကွယ်ခြင်းပင်ဖြစ်သည်။

စာမျက်နှာ ၁၈ သို့

# မြောက်ယမားပင်မမြောင်းမကြီးတစ်လျှောက်တွင် ရေဆိုးထုတ်အဆောက်အအုံများ တိုးချဲ့တည်ဆောက်သွားမည်



**မုံရွာ ဇွန် ၂၅**
စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်အတွင်းရှိ မြောက်ယမားဆည်၏ မူလမြောင်းမကြီးအား ကမ္ဘာ့ဘဏ်ချေးငွေ ၆ ဒသမ ၄ ဘီလီယံဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အထိ သုံးနှစ်အတွင်း အပြီးတည်ဆောက်ပြုပြင်သွားမည်ဖြစ်ပြီး ၎င်းမြောင်းမကြီးတစ်လျှောက်တွင် မူလရေဆိုးထုတ်အဆောက်အအုံ ၁၂ ခုရှိပြီး အသစ် ၁၁ ခု တပ်မံ တည်ဆောက်ပေးသွားမည်ဖြစ်ရာ စုစုပေါင်း ၂၃ ခုအား ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်သည်။ ယခုအခါတွင် စီမံကိန်း၏ ၃၃ ရာခိုင်နှုန်းပြီးစီးသွားပြီဖြစ်ကြောင်း ခရိုင်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

"မိုးရွာတော့ မြောင်းအပြင်ဘက်ကို ကျလာတဲ့ရေက မြောင်းပေါင်တွေနဲ့ခံပြီးတော့ ရေတွေစုနေတယ်၊ မြောင်းမကြီးဘေး ဘယ်၊ ညာမှာရှိတဲ့ ချောင်းတွေ တစ်လျှောက်ကို အလွယ်တကူ စီးဆင်းသွားအောင်လို့ အပေါက်တွေဖောက်ပေးတာ၊ စိုက်ပျိုးရေးလုပ်ငန်းက ပိုလျှံရေတွေကို စွန့်ထုတ်တယ်၊ မိုးရေလောက်တော့ မများဘူး၊ အဓိကအနေနဲ့ မိုးများတဲ့ အချိန်မှာ ရေတွေစုနေတာကိုပြောတာပါ၊ ရေဆိုးထုတ်အပေါက်တွေ လိုသလောက် မလုပ်နိုင်ရင် မိုးရာသီမှာ မြောင်းမကြီးအနီးက လယ်မြေတွေမှာ ရေနစ်မြုပ်မှုတွေဖြစ်နိုင်ပါတယ်၊ ရေဆိုးထုတ် အပေါက်တွေ ဖောက်သလို ရေစီးဆင်းမှုကောင်းဖို့အတွက်လည်း ချောင်းတွေကို ချဲ့တာကိုလည်း လုပ်ဆောင်ပေးသွားမှာပါ"ဟု ခရိုင်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးနိုင်က ပြောသည်။

မြောက်ယမားဆည် မြောင်းမကြီး တစ်လျှောက်တွင် ရေဆိုးထုတ်အဆောက်အအုံများအဖြစ် လက်ရှိ သုံးပေပတ်လည် ရေဆိုးထုတ်ပေါက် ၁၃ ခုကို ခြောက်ပေခွဲအကျယ် ရေဆိုးထုတ်အပေါက်များအဖြစ်ချဲ့ထွင်ခြင်း၊ ရေဆိုးထုတ်ရန် လိုအပ်နေသေးသော အခြားနေရာ ၁၀ ခုတွင်လည်း ခြောက်ပေခွဲအကျယ် ရေဆိုးထုတ်အပေါက် ၁၀ခု အား တိုးချဲ့ဖောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**



ရန်ကုန်မြို့ သယ်န်းကျွန်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး ကိုကိုဦး ဇွန်လတတိယပတ်က လေးထောင့်ကန်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ရပ်ကွက်နေပြည်သူများအား သက်ငယ်မုဒိမ်းမှုမဖြစ်စေရေး အသိပညာပေး ဟောပြောဆွေးနွေးစဉ်။ **ကြေးမုံ**

# မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေးဟောပြော၊ ဉာဏ်စမ်းဖြေဆိုပြိုင်ပွဲ ဆုချီးမြှင့်

**အောင်မြေသာစံ ဇွန် ၂၅**
မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (မန္တလေးတိုင်းဒေသကြီး)နှင့် အခြေခံပညာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူးရုံးတို့ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အကြို မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး ဟောပြောပွဲနှင့် ဉာဏ်စမ်းဖြေဆိုပွဲကို ဇွန် ၂၅ ရက် နံနက် ၉ နာရီက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အမှတ် ၁၁ အခြေခံပညာအထက်တန်းကျောင်း ရွှေပြည်စိုးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (မန္တလေးတိုင်းဒေသကြီး) ဥက္ကဋ္ဌ ရဲမှူးကြီး(ငြိမ်း)ဦးချစ်စိန်က အဖွင့်အမှာစကား ပြောကြားပြီး အဖွဲ့ဝင်ဒုတိယရဲမှူးကြီး (ငြိမ်း) ဦးခင်အောင်က မူးယစ်ဆေးဝါး အန္တရာယ်အသိပညာပေးဟောပြောသည်။ ထို့နောက် အဖွဲ့ဝင် မြို့နယ် ပညာရေးမှူး(ငြိမ်း)ဦးသန်းညိုက ဆေးလိပ်နှင့် ကွမ်း အန္တရာယ်အကြောင်းသိကောင်းစရာများ၊ တွဲဖက်အတွင်းရေးမှူးဒေါက်တာတင်ထွန်းမော်က မူးယစ်ဆေးနှင့် ခုခံအားကျဆင်းမှုရောဂါများအကြောင်း၊ အတွင်းရေးမှူး ဒေါက်တာမောင်မောင်က လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာများ အသိပညာပေးဟောပြောသည်။

ဆက်လက်၍ မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေး ဉာဏ်စမ်းပြိုင်ပွဲကျင်းပပြီး ဆုရရှိသူများအား အတွင်းရေးမှူး ဒေါက်တာမောင်မောင်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းမှ ထုတ်ဝေသော တံလျှပ်ပညာပေးစာစောင်များအား MANA ပြန်ကြားရေးတာဝန်ခံ ဦးမိုးသန့်ကျော်က ကျောင်းစာကြည့်တိုက်သို့ ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီး ဒေါက်တာသန်းထိုက်စိုးက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

# ကျွန်းလှု၌ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်

**ကျွန်းလှု ဇွန် ၂၅**
ရေစီးရေလာကောင်းမွန်ပြီးနေအိမ်များနှင့်လမ်းများပေါ် ရေဝပ်ခြင်းမှ ကာကွယ်ရန် စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှုမြို့တွင်းလမ်းဘေးရေမြောင်းများကို တူးဖော်လျက်ရှိသည်။

ကျွန်းလှုမြို့ ရပ်ကွက်များရှိ လမ်းဘေးရေမြောင်းများမှာတိမ်ကောနေပြီး အမှိုက်၊ ဒိုက်များ ပိတ်ဆို့ခြင်းကြောင့် ရေစီးရေလာကောင်းမွန်ခြင်း မရှိကြောင်း၊ မိုးရာသီတွင်နေအိမ်အချို့နှင့် လမ်းများပေါ် ရေဝပ်ကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့သည့်စက်ယန္တရားဖြင့် ရေမြောင်းတူးဖော်ခြင်းလုပ်ငန်းအလွယ်တကူဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်တင်က ပြောကြားသည်။

ရေမြောင်းတူးဖော်ခြင်းလုပ်ငန်းကို လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီများနှင့် တာဝန်ရှိသူတို့က ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှု)**

# မိတ္ထီလာမြို့နယ် တည်ပင်ကုန်းကျေးရွာအခြေခံပညာ အထက်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်

**မိတ္ထီလာ ဇွန် ၂၅**
မိတ္ထီလာမြို့နယ် အလည်ရွာကျေးရွာအုပ်စု တည်ပင်ကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲ အခမ်းအနားကို ဇွန် ၂၅ ရက် နံနက် ၉ နာရီက အဆိုပါကျေးရွာတွင် ကျင်းပကြောင်း သိရသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်သင်း၊ ခရိုင်ပညာရေးမှူး ဒေါက်တာကျော်လွင်၊ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဝင် ဦးမောင်မောင်ကြည်၊ တာဝန်ခံမြို့နယ်ပညာရေးမှူး ဒေါ်ဥမ္မာမြင့်နှင့် ကျောင်းအကျိုးဆောင် ဦးခင်မောင်တင့်တို့က အမှာစကားပြောကြားသည်။

တည်ပင်ကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းသို့ တည်ပင်ကုန်းကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၅၄၉ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**



# စွန်ရဲအင်းသို့လာရောက်လည်ပတ်သူနည်းပါးလာသော်လည်း အလှဓာတ်ပုံရိုက်ကူးသူများပြား

**ကျောက်ဆည် ဇွန် ၂၅**
၂၀၁၆ခုနှစ်ဇွန်လမှစကာ နာမည်ကြီးလာပြီး လူအများအပန်းဖြေသွားလာသည့်နေရာ တစ်ခုဖြစ်လာသည့် ကျောက်ဆည်ဒေသမှ စွန်ရဲအင်းသို့ ယခုအခါ လာရောက်လည်ပတ်သူနည်းပါးလျက်ရှိသည်။အပျော်လာရောက် လည်ပတ်သူနည်းပါးလာသော်လည်း အနယ်နယ်အရပ်ရပ်မှ အလှဓာတ်ပုံ ရိုက်ကူးသူများမှာ လာရောက်ရိုက်ကူးမှုများပြား နေဆဲဖြစ်ကြောင်း သိရသည်။

စွန်ရဲအင်းမှာ ယခင်ကဒေသခံများ တံငါလုပ်ငန်းလုပ်ကိုင်ရာအင်း၊ ကြာပန်းခူးကာ ကြာဝတ်ဆံထုတ်ယူကာ ရောင်းချရသည့် အင်းပင်ဖြစ်သည်။ မူလကမန္တလေးမြို့ရှိ ဓာတ်ပုံအသင်းများက စွန်ရဲအင်းအလှဓာတ်ပုံပြိုင်ပွဲများပြုလုပ်ခဲ့သည့် အင်းပင်ဖြစ်သည်။ မူလက လှေငယ်ငါးစင်းခန့်သာရှိရာမှ ဧည့်သည်အလာများသည့်အတွက် လှေအစင်း၁၀၀ ခန့်အထိ ဝန်ဆောင်မှု ပေးခဲ့ဖူးသော အင်းပင်ဖြစ်သည်။ ၂၀၁၆-၂၀၁၇တွင်စွန်ရဲအင်းရောက်သူတိုင်းအတွက် မဖြစ်မနေယူဆောင်ငှားရမ်းသည့်အရာမှာ မြန်မာ့ရိုးရာပုသိမ်ထီးကလေးများ ပင်ဖြစ်သည်။ ကြာပန်းအလှ ပုသိမ်ထီးနှင့် လှေပေါ်လိုက်ပါသွားသည့် အလှသည်ပေါ်ပြူလာအဖြစ်ဆုံးသော ဖက်ရှင်များအဖြစ် နာမည်ကြီးခဲ့ဖူးသည်။

လူအများ လာရောက်လည်ပတ်မှုများလာကာ ကြာပန်းခူးယူမှုများခြင်းကြောင့် မူလကလောက်မလှခြင်း၊ အင်းအတွင်းလှေစီးကာ အလှဓာတ်ပုံရိုက်ကူးခြင်းတစ်ခုတည်းအတွက် သီးသန့်လာရောက်လည်ပတ်ရခြင်း၊ အခြားတွဲဖက်လည်ပတ်စရာ ပျော်ရွှင်စရာ ကစားကွင်းများမရှိခြင်းနှင့် ၇ မိုင် ကဲ့သို့သော အပန်းဖြေနေရာများ ပေါ်ပေါက်လာခြင်းတို့ကြောင့် စွန်ရဲအင်းမှာ လာရောက်လည်ပတ်သူနည်းပါးသွားခြင်းဖြစ်ကြောင်းဒေသခံတစ်ဦးက ပြောသည်။

**နွေနဒီ(မြစ်ငယ်)**

# ရေဘေးသင့် သမအသင်းသားများအား ပံ့ပိုးငွေများလှူဒါန်း

**ပွင့်ဖြူ ဇွန် ၂၅**
မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် သမဝါယမဦးစီးဌာနက ရေဘေးသင့် သမဝါယမအသင်းသားများအား ပံ့ပိုးငွေများ ပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို ဇွန် ၂၅ ရက် မွန်းလွဲ ၂ နာရီက ပွင့်ဖြူမြို့နယ် ရွှေလှေကျေးရွာအုပ်စု ရိုးကုန်းကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်သမဝါယမဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန်းစန်းဝင်းက ရေဘေးသင့်ပြည်သူများအား ပံ့ပိုးငွေပေးအပ်ရခြင်း၏ ရည်ရွယ်ချက်နှင့် ပံ့ပိုးပစ္စည်း ထောက်ပံ့ပေးမှုအခြေအနေများကို ရှင်းလင်းဆွေးနွေး ပြောကြားခဲ့သည်။

ဆက်လက်၍ တာဝန်ရှိတို့က ပွင့်ဖြူမြို့နယ် ရွှေလှေကျေးရွာအုပ်စု ရိုးကုန်းကျေးရွာတွင် ယခုလ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး မုန်းချောင်းရေတိုက်စားမှုကြောင့် မုန်းချောင်းကမ်းပါးပြိုကျ၍ လူနေအိမ်များ ပြောင်းရွှေ့ရသည့် စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်းသား ၃၄ ဦး၊ လယ်ယာလုပ်သား သမဝါယမအသင်းသား ၂၁ ဦး၊ စုစုပေါင်း သမဝါယမအသင်းသား ၅၅ ဦးတို့အား အသင်းသားတစ်ဦးလျှင် ထောက်ပံ့ငွေကျပ် နှစ်သောင်း၊ ဆီငါးဆယ်သား၊ ခေါက်ဆွဲခြောက်များကို အသင်းသားများအား ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

# ကော့သောင်းမြို့တွင် သဘာဝဘေးအန္တရာယ် မြေပြင်ရှာဖွေကယ်ဆယ်ရေးသရုပ်ပြလေ့ကျင့်



**ကော့သောင်း ဇွန် ၂၅**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင်အတွင်း သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားလာပါက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ထိရောက်လျင်မြန်စွာ ဆောင်ရွက်နိုင်ရေးအတွက် ဇွန် ၂၅ ရက် နံနက် ၈ နာရီက ကော့သောင်းမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတွင် သဘာဝဘေးအန္တရာယ် မြေပြင်ရှာဖွေကယ်ဆယ်ရေး သရုပ်ပြလေ့ကျင့်မှုများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

သရုပ်ပြလေ့ကျင့်ရာတွင် ကော့သောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ကျန်းမာရေးဌာန၊ ပညာရေးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရှာဖွေကယ်ဆယ်ရေးယာဉ်နှင့် လူနာတင်ယာဉ်များဖြင့် အမှတ် ၂ အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း သရုပ်ပြလေ့ကျင့်ခြင်းဖြစ်သည်။

သဘာဝဘေးအန္တရာယ်များဖြစ်သည့် ငလျင်ဘေး၊ မုန်တိုင်းဘေးများဖြစ်ပေါ်လာပါက အချိန်နှင့်တစ်ပြေးညီ သတင်းအချက်အလက်များရယူပေးပို့ခြင်း၊ ပျက်စီးပြိုကျနေသည့် အဆောက်အအုံအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခြင်း၊ အထပ်မြင့်အဆောက်အအုံများပေါ်မှ အန္တရာယ်ကင်းရှင်းစွာ အရေးပေါ်ကယ်ဆယ်ခြင်းများ၊ ဘေးအန္တရာယ်ကင်းရှင်းရာသို့ လျင်မြန်စွာ ရွှေ့ပြောင်းခြင်း၊ သစ်ပင်ပိလူနာအား သစ်ပင်ကို လွှစက်ဖြင့်ဖြတ်၍ ကယ်ဆယ်ခြင်း၊ ရှေးဦးပြုစုခြင်း၊ ဆေးရုံသို့ပို့ဆောင်ခြင်းစသည့် မြေပြင်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ကော့သောင်းခရိုင်မီးသတ်ဦးစီးဌာန သန္ဒေမီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျောင်းသားကျောင်းသူများဖြင့် မီးငြိမ်းသတ်ယာဉ်၊ ရှာဖွေကယ်ဆယ်ရေးယာဉ်၊ မြို့နယ် ကြက်ခြေနီတပ်ဖွဲ့မှ လူနာတင်ယာဉ်တို့ဖြင့် ဇာတ်တိုက်လေ့ကျင့်ခဲ့ကြကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

## ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုးစီမံကိန်း ဝါးအနုစိတ်လက်မှုပညာ သင်တန်းဖွင့်

**လှိုင်ကော် ဇွန် ၂၅**

ဝါးအနုစိတ် လက်မှုပညာသင်တန်းအမှတ်စဉ် ၄/၂၀၁၈ ဖွင့်ပွဲအခမ်းအနားကို ဇွန် ၂၅ ရက် နံနက် ၉ နာရီခွဲက ကယားပြည်နယ် လှိုင်ကော်မြို့ ပန်ကန်းကျေးရွာအုပ်စု ဒေါဆန်းဘွန်းကျေးရွာရှိ လူငယ်ရိပ်သာ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးကျော်သူအောင်က အဖွင့်အမှာစကားပြောကြားရာတွင် "ကယားပြည်နယ်မှာ အရင်ကတည်းက ဝါးကို အိမ်အသုံးအဆောင်ပစ္စည်းအဖြစ် ပြုလုပ်အသုံးပြုပါတယ်၊ ဝါးနဲ့ အခင်း၊ အကာ၊ ခြံစည်းရိုးနဲ့ အိမ်အသုံးအဆောင်ပစ္စည်းတွေ အသုံးပြုတယ်။ ဒါကြောင့် ဝါးဟာ အင်မတန်မှ တန်ဖိုးရှိတယ်။ ဝါးအနုစိတ်လက်မှုပညာကို ဒေါဆန်းဘွန်းကျေးရွာမှာ ဖွင့်လှစ်သင်ကြားပေးတာကတော့ ဒီကျေးရွာမှာ ကယန်း(ပဒေါင်) တိုင်းရင်းသားတွေ အများစုနေထိုင်ကြပြီး နိုင်ငံခြားသားတွေက ကယန်း(ပဒေါင်) တိုင်းရင်းသားတွေရဲ့ လူနေမှုဓလေ့စရိုက်နဲ့ အသုံးအဆောင်ပစ္စည်းတွေကို စိတ်ဝင်တစား လာရောက်လေ့လာတာကိုတွေ့ရတယ်။ ဒါ့ကြောင့် မိမိတို့ရဲ့ ရိုးရာအသုံးအဆောင်ပစ္စည်းတွေကို ဝါးအနုစိတ်လက်မှုပညာကို အသုံးချပြီး တီထွင်ဆန်းသစ်ပြီး လက်ရာသေသပ်ကောင်းမွန်တဲ့ ရိုးရာပစ္စည်းတွေကို ထုတ်လုပ်နိုင်ဖို့ ဒီသင်တန်းကို ဖွင့်လှစ်ရတာ ဖြစ်တယ်" ဟု ပြောကြားသည်။

အဆိုပါသင်တန်းသို့ ဒေါဆန်းဘွန်းကျေးရွာမှ သင်တန်းသား ၂၀ တက်ရောက်ကြပြီး သင်တန်းနည်းပြတစ်ဦးဖြင့် ဇွန် ၂၅ ရက်မှ ဇူလိုင် ၂၄ရက်ထိ သင်တန်းကာလ တစ်လ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုစိုး(လှိုင်ကော်)**

## အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အကြိုဟောပြောပွဲနှင့် ပြပွဲကျင်းပ

**နေပြည်တော် ဇွန် ၂၅**

ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မူးယစ်ဆေးဝါးဆိုးကျိုးအန္တရာယ် အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ အခမ်းအနားကို နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ် ၂၂ အခြေခံပညာ အထက်တန်းကျောင်း၌ ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် တက်ရောက်လာကြသော ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများအား နေပြည်တော် မူးယစ်တပ်ဖွဲ့စု ၁၀၁ မှ ဒုရဲအုပ်အောင်ဖြိုးဝေနှင့် ဇမ္ဗူသီရိမြို့နယ်ရဲတပ်ဖွဲ့မှ ရဲအုပ်စောမြတို့က မူးယစ်ဆေးဝါးနှင့် ပတ်သက်ပြီး စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာ ဆိုးကျိုးများ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်ကို ကြိုတင်တားဆီးကာကွယ်နိုင်ရေးအတွက် အသိပညာပေးဟောပြောကြသည်။ ထို့နောက် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ခင်းကျင်းပြသထားသော မူးယစ်ဆေးဝါးအသိပညာပေး နံရံကပ်ဘုတ်များနှင့် စာအုပ်စာပေများကို ကြည့်ရှုလေ့လာကြသည်။



အခမ်းအနားသို့ ဇမ္ဗူသီရိမြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးငြိမ်းနှင့် မြို့နယ်အဆင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး ဇမ္ဗူသီရိမြို့နယ် ပြန်/ဆက်ဝန်ထမ်းများက အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် "သတင်းစကား" လက်ကမ်းစာစောင်များကို ကျောင်းသား ကျောင်းသူများအား အခမဲ့ဖြန့်ဝေပေးသည်။ **သန့်မောင်(ပြန်/ဆက်)**

## နေကြာပန်းမှရရှိသော ဆေးဖက်ဝင်ပျားရည်များအား နိုင်ငံခြားသို့ တင်ပို့ရောင်းချ

**မင်းဘူး ဇွန် ၂၅**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးဒေသအတွင်းရှိ ကန်ရေ၊ ဆင်ခေါင်း၊ ကုန်းသာနှင့် အနီးပတ်ဝန်းကျင်ဒေသများတွင် နေကြာစိုက်ခင်းများမှာ ဖူးပွင့်ချိန်သို့ ရောက်ရှိလာပြီဖြစ်သဖြင့် နေကြာပန်းများ၏ အဖူး၊ အပွင့်တို့မှ အဓိကထုတ်လုပ်သော ပျားရည်ကို တရုတ်၊ ကိုရီးယား နိုင်ငံတို့မှ ဝယ်ယူနေသောကြောင့် ပျားရည်ထုတ်လုပ်သူများ ဝင်ငွေကောင်းနေကြောင်း ပျားရည် ထုတ်လုပ်သူများထံမှ သိရသည်။

ယခုကာလတွင် ပျားမွေးမြူရေးနှင့် ပျားရည်ထုတ်လုပ်မှုကို နေရာအနှံ့အပြားတွင် စီးပွားရေးလုပ်ငန်းတစ်ခုအနေဖြင့် လုပ်ကိုင်လာကြပြီး ပျားမွေးမြူရေးဌာနမှလည်း ဌာနများခွဲ၍ ပျားမွေးမြူရေးနှင့် ပျားရည်ထုတ်လုပ်မှုကို နည်းစနစ်မှန်စွာဖြင့် မွေးမြူကာ အထွက်နှုန်းကောင်းစေရန် ကွင်းဆင်းဆောင်ရွက်လျက် ရှိကြောင်း သိရသည်။ မင်းဘူးမြို့နယ်မှ ထွက်ရှိသည့် ပျားရည်များကို တရုတ်နှင့် ကိုရီးယားနိုင်ငံများသို့ တင်ပို့ရောင်းချနေကြောင်း မကွေးမြို့ သဖန်းဆိပ်ကျေးရွာမှ ပျားရည်ထုတ်လုပ်ရောင်းချသူတစ်ဦးထံမှ သိရသည်။

ပျားရည်ပုလင်းကြီးတစ်ပုလင်းလျှင် ငွေကျပ် ၃၀၀၀ ပေါက်ဈေးရှိပြီး ကုမ္ပဏီများကို ပျားရည်တစ်ပိဿာလျှင် ငွေကျပ် ၃၆၀၀ ဈေးဖြင့် ရောင်းချကြောင်းသိရသည်။ မင်းဘူးဒေသအတွင်းတွင် မင်းဘူး၊ စကု၊ လယ်ကိုင်း၊ ပွင့်ဖြူဒေသတို့၌ ပျားရည်ထုတ်လုပ်ရောင်းချသော အဖွဲ့ပေါင်း ၃၀ ခန့်ရှိပြီး ကုမ္ပဏီမှ ပျားရည်ထွက်ရှိသော ဒေသများသို့ ကိုယ်တိုင် ဆင်း၍ ဝယ်ယူသဖြင့်ပျားရည် ထုတ်လုပ်ရောင်းချသူများ အဆင်ပြေ ဝင်ငွေကောင်းနေ ကြကြောင်း သိရသည်။

**မေသူလွင်(မကွေး-ကိုယ်ပွား)**



**အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ကျောင်းသား ကျောင်းသူများအား မူးယစ်ဆေးဝါးအန္တရာယ်ကို သိရှိရန်နှင့် မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ဆိုးကျိုးများ မဖြစ်ပေါ်စေရန်အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မူးယစ်အန္တရာယ်ကို ကျယ်ပြန့်စွာသိရှိနိုင်ရေး အသိပညာပေးခြင်းကို ဇွန် ၂၅ ရက်က ချောင်းဆုံအထက၌ ပြုလုပ်ခဲ့ပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများအား လက်ကမ်းစာစောင်များ ဖြန့်ဝေပေးစဉ်။** မြို့နယ်(ပြန်/ဆက်)



## စိမ်းစားပင်ကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဇွန် ၂၅**

နေပြည်တော် ဥတ္တရခရိုင် ဇေယျာသီရိမြို့နယ် မအူတောကျေးရွာအုပ်စု စိမ်းစားပင်ကျေးရွာ အောင်မြေဘုံရတနာ ဘုန်းတော်ကြီးကျောင်းတွင် ဇေယျာသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ "ကျေးလက်ဒေသ ဖွံ့ဖြိုးရေး" ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ယမန်နေ့မွန်းလွဲပိုင်းက ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဆွေ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစောရွှေမောင်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တင်မြင့်ခိုင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကံဝင်းနှင့် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဌာနမှ ဦးစီးအရာရှိ ဦးစောသတော၊ မြို့နယ်ဆည်မြောင်းမှ ဦးစီးအရာရှိ ဦးအောင်အောင်စိုးတို့က ဦးဆောင်ကာ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ၊ ကျေးလက်လမ်းတံတားများ အဆင့်မြှင့်တင်ပေးနိုင်ရေး၊ လယ်ယာမြေပုံစံ ၇ နှင့် ပတ်သက်သည့် ကိစ္စရပ်များ၊ စိုက်ပျိုးရေးဆိုင်ရာကိစ္စရပ်များ၊ ပညာရေးနှင့် ပုံစံ ၆၆ ပြုလုပ်ပေးမှုဆိုင်ရာ ကိစ္စရပ်များအပြင်ကျေးရွာအတွင်း ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လိုအပ်ချက်များကို ကဏ္ဍအလိုက်ဆွေးနွေးကြသည်။

**မြို့နယ်(ပြန်/ဆက်)**

# မူးယစ်ဆေးဝါးအန္တရာယ် လူသားတိုင်းက ကာကွယ်

ရွှေတိုင်လွင်



ယနေ့လူသားက ကမ္ဘာကြီးကို စိုးမိုးခြိမ်းခြောက်လျက်ရှိသောအရာ၊ ကမ္ဘာ့နိုင်ငံတိုင်းအတွက် တုန်လှုပ်ချောက်ချားစရာကောင်းသောအရာသည် မူးယစ်ဆေးဝါးများပင်ဖြစ်ပါသည်။ ယင်းမူးယစ်ဆေးဝါးကို အလွန်အမင်းသုံးစွဲသူတို့သည် လူ့ဘဝသက်တမ်းပြည့်မီအောင် မနေနိုင်ကြဘဲ အသက်ဆုံးရှုံးကြရပါသည်။

လူသားတို့၏ကျန်းမာရေးအတွက် ဆေးဝါးအဖြစ်တချို့ဆေးများသည် အသုံးတည့်သော်လည်း အလွဲသုံးစွဲမှုများကြောင့် လူသား ကောင်းကျိုးမဖြစ်တော့ဘဲ လူသားများအတွက် ဆိုးကျိုးများ ဖြစ်လာခဲ့ရပါလေသည်။

ကမ္ဘာ့နိုင်ငံ အသီးသီးမှာလည်း တလွဲဖန်တီးကာ မူးယစ်ဆေးဝါး အလွဲသုံးစွဲမှု၊ ရောင်းဝယ်ဖြန့်ဖြူးမှု၊ ဆေးသုံးစွဲသူဟူ၍ သတင်းများထဲတွင် မကြာခဏ ဖတ်ရှုလေ့လာတွေ့ရှိကြရပါပေမည်။

မူးယစ်ဆေးဝါးဆိုသည်မှာ ဘိန်း၊ ဘိန်းစိမ်း၊ ဘိန်းဖြူ ဟီရိုးအင်း၊ မက်သဒင်း၊ ဖန်ဆီဒိုင်း၊ ယနေ့ ခေတ်စားနေသော စိတ်ကြွရူးသွပ်ဆေးပြား၊ အိုက်စ် စသည်တို့သည် လူသားတို့၏ အလွဲသုံးစွဲမှုများ၊ စီးပွားဖြစ်ရောင်းဝယ်ကြသူတို့ကြောင့် ကမ္ဘာကြီးကိုခြိမ်းခြောက်လျက်ရှိ၏။

> တစ်မျိုးသားလုံး ကျန်းမာသန်စွမ်း၊ အသိပညာဖွံ့ဖြိုးတိုးတက်ရေးနှင့် မူးယစ်ဆေးဝါး အလွဲသုံးစားရောင်းဝယ် ဖောက်ကားမှု မဖြစ်ပွားရေးအတွက် တစ်မျိုးသားလုံးက ဝိုင်းဝန်းတိုက်ဖျက်ကြဖို့ လိုအပ်သလို ဥပဒေပိုင်းအနေဖြင့်လည်း နောက်မလုပ်ရဲအောင် ကျောသား၊ ရင်သား မခွဲခြားဘဲ ထိထိရောက်ရောက် အရေးယူဆောင်ရွက် ...

ကိုလိုနီစနစ်ဆိုး၏ ဆိုးမွေလက်ကျန်မူးယစ်ဆေးဝါးအန္တရာယ်သည် ယနေ့တိုင်ကြီးထွားလျက် ရှိနေရခြင်းသည် မြန်မာနိုင်ငံ၏ ကာလကြာရှည်စွာဖြစ်ပွားလျက်ရှိခဲ့သော ပြည်တွင်းသောင်းကျန်းမှု၊ ပြည်တွင်းစစ်များကလည်း ယင်းမူးယစ်စေတတ်သောဆေးဝါးများပေါ်အခြေခံလျက်ရှိသည်ကို ဥပဒေပညာရှင်တချို့၏ ဆွေးနွေးချက်များကို လေ့လာသုံးသပ်တွေ့ရှိရပါသည်။

ယနေ့ဆိုလျှင် ယင်းမူးယစ်ဆေးဝါးအလွဲသုံးစား၊ ရောင်းဝယ်ဖြန့်ဖြူးမှုတိုက်ဖျက်ရေးအဖွဲ့များကို မြန်မာနိုင်ငံတွင် ကျယ်ကျယ်ပြန့်ပြန့်ဖွဲ့စည်းကာ ဆန့်ကျင်တိုက်ဖျက်ရေး၊ တားဆီးကာကွယ်ရေး၊ ဆေးသုံးစွဲသူလူငယ်များအား ဆေးဖြတ်ပေးခြင်း၊ ပြန်လည်ပြုပြင်ပျိုးထောင်ကာ လမ်းမှန်သို့ ပို့ဆောင်ခြင်း အစရှိသည်တို့ကို ကြိုးပမ်းဆောင်ရွက်လျက်ရှိနေပါသည်။

**အစဉ်အလာများရှိ**

ယခုမှ မူးယစ်ဆေးဝါးတားဆီးကာကွယ် တိုက်ဖျက်ရေးကို မြန်မာနိုင်ငံ၌ ဆောင်ရွက်ခဲ့သည်မဟုတ်၊ ရှေးမြန်မာမင်းများလက်ထက်ဖြစ်သည့် ပဒုံမင်း၊ မင်းတုန်းမင်းတရားကြီးလက်ထက်နှင့် မင်းတုန်းမင်းတရားကြီး၏လွှတ်တော်များကတည်းက မူးယစ်ဆေးဝါးသုံးစွဲသူတို့အား အပြစ်ဒဏ်များ ပေးအပ်ခဲ့သည့် အစဉ်အလာများရှိခဲ့သည်။ ပဒုံမင်းတရားကြီးသည် ထိုမူးယစ်ဆေးသုံးစွဲသူတို့အား သေဒဏ်အထိ အမိန့်စီရင်ခဲ့ဖူးကြောင်း သာဓကများကိုလည်း လေ့လာတွေ့ရှိကြရပါပေမည်။

ယခုမြန်မာနိုင်ငံ၏ မူးယစ်ဆေးသုံးစွဲမှုဥပဒေသစ်တစ်ရပ်ကို မကြာခင်က အဆိုပြုထားသည်မှာ မူးယစ်ဆေးသုံးစွဲသူကို ဥပဒေအရ အရေးယူအပြစ်ပေးခြင်းမရှိဘဲ ပြန်လည်ပြုပြင်ထူထောင်ရေး ပညာပေးခြင်း၊ ဆေးဖြတ်ပေးခြင်းတို့ကို ဆောင်ရွက်ရန် ဥပဒေပြုထားကြောင်း၊ ရောင်းဝယ် ဖောက်ကားသူတို့အား အပြစ်ပေး အရေးယူသွားမည်ဖြစ်ကြောင်း လေ့လာသိရှိခဲ့ရလေ၏။

**ကြိမ်ဖန်များစွာသုံးစွဲ**

စာရေးသူနှင့် ဥပဒေပညာရှင်အချို့တွေ့ဆုံကာ ဤကိစ္စကိုဆွေးနွေးကြရာ မူးယစ်ဆေးသုံးစွဲသူတို့သည် ပထမအကြိမ်မှာ ဆေးဖြတ်ပေးခြင်းဆောင်ရွက်ပေးခဲ့သော်လည်း အကယ်၍ ဒုတိယအကြိမ်ထပ်မံသုံးစွဲလျှင် မည်သို့ဆောင်ရွက်မည်နည်း၊ သို့မဟုတ် တတိယအကြိမ်စသည်ဖြင့် ကြိမ်ဖန်များစွာသုံးစွဲကာ ခဏခဏ ဤနေရာကိုရောက်လာလျှင်လည်း မည်သို့ပြုလုပ်မည်နည်း။ ဆေးဝယ်ယူသည့်နေရာ (ရောင်းဝယ်ဖောက်ကားသူ)၊ မူးယစ်ဆေးဝါးသိုလှောင်ထားရှိသူတို့ကို ထိထိရောက်ရောက် ဆောင်ရွက်ဖို့ လိုပေမည်။ တချို့မူးယစ်ဆေးဝါးသုံးစွဲသူသာသိပြီး ရောင်းသူပျောက်နေတာမျိုးတွေလည်း မြန်မာပြည်မှာ အများကြီးဖြစ်နေကြောင်းကိုလည်း ဆွေးနွေးသိရှိရသည်။

**သေဒဏ်အပြစ်ပေး**

မြန်မာနှင့်အိမ်နီးချင်းနိုင်ငံတချို့တွင် မူးယစ်ဆေးဝါးသုံးစွဲသူ၊ ရောင်းဝယ်ဖောက်ကားသူတို့အား သေဒဏ်အပြစ်ပေးသည်များကိုလည်း လေ့လာသိရှိရပါသည်။

တစ်မျိုးသားလုံး ကျန်းမာသန်စွမ်း၊ အသိပညာဖွံ့ဖြိုးတိုးတက်ရေးနှင့် မူးယစ်ဆေးဝါး အလွဲသုံးစားရောင်းဝယ်ဖောက်ကားမှု မဖြစ်ပွားရေးအတွက် တစ်မျိုးသားလုံးက ဝိုင်းဝန်းတိုက်ဖျက်ကြဖို့ လိုအပ်သည်။ ဥပဒေပိုင်းအနေဖြင့်လည်း နောက်မလုပ်ရဲအောင် ကျောသား၊ ရင်သား မခွဲခြားဘဲ ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည်ဆိုလျှင် ယနေ့တွေ့ကြုံနေရသော မူးယစ်ဆေးစွဲသူ လုံးဝပျောက်သွားရုံမက မြန်မာတစ်မျိုးသားလုံး၏ ဘဝရှင်သန်မှုသည် ဘေးကင်းသာယာသော လူ့ဘောင်ဘဝကို ရရှိနိုင်ပေမည်။ လူသားဂုဏ်သိက္ခာမြင့်မားရေးအတွက် တစ်မျိုးသားလုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်သွားကြပြီး အစိုးရကလည်း ဖမ်းဆီးအရေးယူ အပြစ်ပေးခြင်းကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားကြမည်ဆိုပါလျှင် ကိုလိုနီအမွေဆိုးလက်ကျန်များ ကင်းရှင်းသွားပေလိမ့်မည်ဟု မြော်တွေးလျက် တစ်မျိုးသားလုံးအနေဖြင့် မူးယစ်ဆေးဝါးအန္တရာယ် ဝိုင်းဝန်းတိုက်ဖျက်ကြပါစို့ဟူ၍ ရေးသားတင်ပြလိုက်ရပါတော့သတည်း။ ။

---

## လူငယ်ဘဝတိုးတက်ဖို့မူးယစ်အန္တရာယ်ကာကွယ်စို့ ...

စာမျက်နှာ ၁၅မှ

သို့မှသာ လူတော်လူကောင်းလေးများဖြစ်၍ လူငယ်တို့ဘဝ တိုးတက်ကောင်းမွန်ပေမည်။

စာသင်ကျောင်းသည် လူငယ်များ၏ နားခိုဆည်းပူးရာနေရာတစ်ခုပင်ဖြစ်သည်။ ဆရာ ဆရာမများအနေဖြင့် ကျောင်းသား ကျောင်းသူလူငယ်များ၏ ကာယအား၊ ဉာဏအားတိုးပွားရန် ဆောင်ရွက်ပေးရမည့် တာဝန်ရှိပေသည်။ ဉာဏအား တိုးပွားရန်အတွက် အသိပညာပေးပုံပြင်များပြောပြကာ သွန်သင်ဆုံးမကြရမည်။ မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ အသိပညာပေးဟောပြောပွဲများကို အလျဉ်းသင့်သလို ဆောင်ရွက်ပေးရမည်။ ကျောင်းသားလူငယ်များ ဆေးလိပ်၊ ကွမ်းယာ မသုံးစွဲမိစေရန် စောင့်ကြပ်ကြည့်ရှုရမည်။ မိမိကျောင်းတွင်း၏ စည်းကမ်းသည် တင်းကျပ်သင့်သလောက် တင်းကျပ်မှသာလျှင် လူငယ်တို့အတွက် အဟန့်အတားဖြစ်စေမည်မဟုတ်ပါလော။ ကာယအားဖွံ့ဖြိုးရန်အတွက် အားကစားနည်းတချို့ကို တွဲဖက်သင်ကြားပေးသင့်သည်။ ထိုအခါ ဆေးလိပ်၊ ဆေးဝါးများယွင်းသုံးစွဲထားသူ၏ ချို့ယွင်းချက်က ပေါ်လာပေလိမ့်မည်။ အားကစား ပြုလုပ်သည့်အခါ အသက် ရှူနှုန်းမမှန်ခြင်း၊ သာမန်ထက်ပို၍ မောပန်းခြင်းတို့ကိုတွေ့ရမည်။ ဤအချက်ကို ဥပမာပြု၍ မူးယစ်ဆေးဝါးနှင့် သက်ဆိုင်သောအရာတစ်ခုကိုသုံးစွဲမိလျှင် ကျန်းမာရေးချို့ယွင်းချက်ဖြစ်မည်ကို ဆုံးမသွန်သင်ရန် အခွင့်အလမ်းတွေ့လာပေလိမ့်မည်။ လက်တွေ့စမ်းသပ်လိုသော လူငယ်များအတွက် လက်တွေ့ဆန်သောသာဓကဖြင့်ဟန့်တားနိုင်ခြင်းပင်မဟုတ်ပါလား။ သို့မှသာ လူငယ်များအနေဖြင့် ဆင်ခြင်နိုင်သောအသိတရားများရရှိကာ မူးယစ်အန္တရာယ်ဘေးမှ ကင်းလွတ်ပေလိမ့်မည်။

မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးတွင် ပတ်ဝန်းကျင်သည်လည်း အရေးကြီးပေ၏။ မိမိဆွေမျိုးသားချင်းမဟုတ်ဟုဆိုကာ လျစ်လျူမရှုသင့်ပေ။ ယခုအခါ ပြည်သူအများစုသည် ကိုယ့်အလုပ်ကိုယ်လုပ်၊ ကိုယ့်ထမင်းကိုယ်စားဟု သတ်မှတ်ချက်ထားပြီး အမြင်မတော်သည်များကိုလည်း ရှောင်ဖယ်ထွက်နေတတ်ကြသည်။ လူကြီးသူမများအနေဖြင့် ပြောသင့်လျှင် ပြောပြပါ။ တစ်ဦးတစ်ယောက် အသိတရားရသွားပြီဆိုလျှင် တစ်ယောက်မှစ၍ ရာထောင်ချီအကျိုးသက်ရောက်မည်မှာ မလွဲဧကန်ပင်။

ယခုအခါ ကျန်းမာရေးဝန်ထမ်းများသည် စာသင်ကျောင်းများ၊ မြို့နယ်ရပ်ကွက်၊ ကျေးရွာများတွင် မူးယစ်ဆေးဝါးနှင့် ပတ်သက်၍ အသိပညာပေးခြင်း၊ ဟောပြောပွဲများပြုလုပ်ခြင်းတို့ကို အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိပေသည်။ ရပ်မိရပ်ဖများအနေဖြင့် ပူးပေါင်းပါဝင်ကြရမည်။ လူငယ်တို့ကလည်း မိမိပတ်ဝန်းကျင်၊ မိမိအပေါင်းအသင်းမှတစ်ဆင့် အသိပညာများ၊ ဗဟုသုတများကို ဖြန့်ဝေလျက် မူးယစ်ဆေးဝါးကာကွယ်တားဆီးရေးလုပ်ငန်းတွင် ပါဝင်လုပ်ဆောင်ကြရမည်။ သို့မှသာ လူငယ်တို့၏ ပျက်စီးဆုံးရှုံးမှုအရေးမှ အချိန်မီကာကွယ်နိုင်ပြီး လူငယ်တို့ဘဝ တိုးတက်ပေလိမ့်မည်။

ယခုခေတ်တွင် လူငယ်တို့သည် ‘ပိုးဖလံမျိုး၊ မီးကိုတိုး၊ ကိုယ်ကျိုးနည်းသည့်’ပမာဆိုသည့်အတိုင်း ဒေးကလပ်၊ နိုက်ကလပ်နှင့် ပျော်ပွဲရွှင်ပွဲများတွင် မူးယစ်ဆေး၊ စိတ်ကြွရူးသွပ်ဆေးများကို တွင်တွင်ကျယ်ကျယ်အသုံးပြုနေကြသည်။ ယနေ့ မြန်မာနိုင်ငံတွင်ဖြစ်ပေါ်နေသောရာဇဝတ်မှုများ၌ လူငယ်တို့ပါဝင်ကျူးလွန်မှုမှာ ၇၀ ရာခိုင်နှုန်းခန့်ရှိ နေပေသည်။ လူ့စွမ်းအားအရင်းအမြစ်ဖြစ်သည့် လူငယ်များ ပျက်စီးဆုံးရှုံးရသည်မှာ အနာဂတ်နိုင်ငံတော်အတွက် နှမြောတသစရာပင်။ ယနေ့လူငယ်အင်အားနှင့် လူကြီးအင်အားနှိုင်းယှဉ်လျှင် လူငယ်အင်အားထုမှာ များပြားလှပေသည်။ မူးယစ်ဆေးဝါးသုံးစွဲခြင်းသည် လူငယ်တစ်ဦးမှစ၍ အများစုဖြစ်လာနိုင်သည်။ ထိုမှတစ်ဆင့်တစ်မျိုးသားလုံးအထိ ပျက်စီးဆုံးရှုံးနိုင်ပေသည်။ ထို့ကြောင့် မူးယစ်ဆေးဝါးဆန့်ကျင်ရေး၊ ကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် လူငယ်များမှအစ လူကြီးများပါမကျန် ဌာနဆိုင်ရာအသီးသီးမှ လိုအပ်သလို အားဖြည့်ပါဝင်ဆောင်ရွက်ကြရပေမည်။

လူငယ်တို့ကလည်း အမျိုးသားရေးတာဝန်သိစိတ်ဖြင့် မူးယစ်ဆေးဝါးကိုရှောင်ရှားကြရမည်။ အမျိုးသားထုတစ်ရပ်လုံးအတွက် အနာဂတ်သားကောင်းရတနာများဖြစ်အောင် ကြိုးစားကြရပေမည်။ မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်နိုင်မှသာ လူငယ်တို့ဘဝဖွံ့ဖြိုးတိုးတက်ပြီး အနာဂတ်နိုင်ငံတော်သစ်ကို ကောင်းမွန်စွာတည်ဆောက်နိုင်မည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပေသည်။ ။



## ဝင်ငွေအကောင်းဆုံးသောရုပ်ရှင် Jurassic World: Fallen Kingdom

ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း မြောက်အမေရိကမှာ ရုံတင်ပြသခဲ့ကြတဲ့ ရုပ်ရှင်တွေအနက် စိတ်ကူးယဉ်သိပ္ပံဇာတ်လမ်းတွဲအမျိုးအစား "Jurassic World: Fallen Kingdom"က ဝင်ငွေအကောင်းဆုံးဖြစ်ခဲ့ကြောင်း မေးအွန်လိုင်းဒေ့ါကွန်းမှာ ရေးသားဖော်ပြခဲ့တာ တွေ့ရပါတယ်။

ဇွန် ၂၂ ရက်က စတင်ရုံတင်ခဲ့တဲ့ "Jurassic World: Fallen Kingdom" ဟာ အဖွင့်သီတင်းပတ်အကုန်မှာတော့ ဝင်ငွေ အမေရိကန်ဒေါ်လာသန်း ၁၅၀ ခန့် ရရှိခဲ့တာဖြစ်ပါတယ်။ ဒိုင်နိုဆောတွေနဲ့ လူသားတွေအကြားက တိုက်ပွဲတွေကို ဇာတ်လမ်းဆင်ထားတဲ့ သည်းထိတ်ရင်ဖို ဇာတ်လမ်းမျိုးဖြစ်တဲ့ "Jurassic World" ဇာတ်လမ်းတွဲတွေရဲ့ နောက်ဆုံးထုတ်လွှင့်ပြသခဲ့တဲ့ ယင်းရုပ်ရှင်ဟာ အဖွင့်သီတင်းပတ်မှာ အပြိုင်ပြသခဲ့ကြတဲ့ ရုပ်ရှင်တွေရဲ့ဝင်ငွေကို ကျော်လွန်ကာ နံပါတ်တစ်နေရာမှာ ရပ်တည်နိုင်ခဲ့ပေမယ့် ၂၀၁၅ ခုနှစ်အတွင်း ပြသခဲ့တဲ့ "Jurassic World" ရုပ်ရှင်ရဲ့ အဖွင့်သီတင်းပတ်ဝင်ငွေကိုတော့ မယှဉ်နိုင်ခဲ့ပါဘူး။ ယင်းရုပ်ရှင်ဟာ တစ်ပတ်အတွင်းဝင်ငွေ အမေရိကန်ဒေါ်လာ ၂၀၈ ဒသမ ၈ သန်း ရရှိခဲ့ပြီး ဝင်ငွေအကောင်းဆုံးအဖြစ် စံချိန်တင်ထားခဲ့တာဖြစ်တယ်လို့ သိရပါတယ်။ ဒိုင်နိုဆောရုပ်ရှင်တွေရဲ့ စတုတ္ထနဲ့ ပဉ္စမမြောက်ရုပ်ရှင်နှစ်ကားဟာ ယူနီဗာဆယ်ရုပ်ရှင်ထုတ်လုပ်ရေးရဲ့ ပြည်တွင်းမှာ ဝင်ငွေအကောင်းဆုံးရရှိခဲ့တဲ့ ရုပ်ရှင်တွေလည်း ဖြစ်ကြပါတယ်။

ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း နံပါတ်တစ်နေရာကို ရယူနိုင်ခဲ့တဲ့ "Incredibles 2" ရုပ်ရှင်ဟာ ဒီသီတင်းပတ်မှာတော့ နံပါတ်နှစ်နေရာကို ဆင်းသွားခဲ့ပြီ ဖြစ်ပါတယ်။ ရုပ်သံဖန်တီးမှုရုပ်ရှင်ဖြစ်တဲ့ "Incredibles 2" ကတော့ မြောက်အမေရိကားမှာ ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း ဝင်ငွေ အမေရိကန်ဒေါ်လာ ၈၀ ဒသမ ၉ သန်း ရရှိခဲ့တာဖြစ်ပါတယ်။

တတိယနေရာမှာတော့ တစ်ပတ်အတွင်းဝင်ငွေ အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၇ သန်း ရရှိခဲ့တဲ့ "Ocean's 8" က ရပ်တည်နေပါတယ်။ နာမည်ကျော်အမျိုးသမီးသရုပ်ဆောင် ရှစ်ဦး ဦးဆောင်ပါဝင်ထားတဲ့ ယင်းရုပ်ရှင်ဟာလည်း စတင်ပြသခဲ့တဲ့ သီတင်းပတ်မှ လက်ရှိအချိန်အထိ ဝင်ငွေအကောင်းဆုံးသော ရုပ်ရှင် ၁၀ ကားစာရင်းမှာ အမြဲပါဝင်နေတာဖြစ်ပါတယ်။

## Radio Disney Music Awards မှာ ဆုအများဆုံးရရှိခဲ့တဲ့ BTS

တောင်ကိုရီးယားအမျိုးသားတေးဂီတအဖွဲ့ "BTS" ဟာ အမေရိကန်တေးဂီတထူးချွန်ဆုပေးပွဲတစ်ပွဲဖြစ်တဲ့ "2018 Radio Disney Music Awards" ဆုပေးပွဲရဲ့ ဆန်ခါတင်စာရင်းမှာ ဆုအရေအတွက် အများဆုံးလျာထားခံခဲ့ရတာဖြစ်ပြီး ဆုရသူများစာရင်းကို ထုတ်ပြန်ကြေညာခဲ့ချိန်မှာလည်း "BTS"က ဆုအရေအတွက် အများဆုံးရရှိခဲ့တာဖြစ်တယ်လို့ အောကေပေ့ါပ်ဒေ့ါကွန်းမှာ ရေးသားဖော်ပြခဲ့ပါတယ်။



အဆိုပါတေးဂီတအဖွဲ့ဟာ အကောင်းဆုံးပေ့ါပ်တေးဂီတအဖွဲ့၊ "Mic Drop (remix)" တေးသီချင်းနဲ့ အကောင်းဆုံးအကတေးသီချင်း၊ အဖွဲ့ရဲ့ အလွန်ကိုအောင်မြင်ခဲ့တဲ့ တေးသီချင်း "DNA"နဲ့ အကောင်းဆုံးတေးသီချင်းဆုတွေကို လျာထားခံခဲ့ရပြီး အဖွဲ့ရဲ့ ပရိသတ်တွေဖြစ်ကြတဲ့ "ARMYs" အဖွဲ့ကိုလည်း အကောင်းဆုံးပရိသတ်ဆုအတွက် ဆန်ခါတင်စာရင်းဝင်ခဲ့ပါတယ်။ ဒါကြောင့် ဆုပေးပွဲမှာ ဆုအရေအတွက် အများဆုံးဆန်ခါတင်စာရင်းဝင်ခဲ့ကြတဲ့ တေးဂီတအဖွဲ့ဖြစ်ခဲ့ပြီး လျာထားဆုတွေအားလုံး သိမ်းပိုက်နိုင်ခဲ့တာကြောင့် ဆုအများဆုံးရရှိခဲ့တဲ့ တေးသံရှင်တွေလည်း ဖြစ်လာခဲ့ပါတယ်။



## ရှင်ဟွန်ဂျွန်ရဲ့ ဒုတိယမြောက်သားလေး မွေးဖွား

တောင်ကိုရီးယားရဲ့ နာမည်ကျော်မင်းသားတစ်ဦးဖြစ်တဲ့ ရှင်ဟွန်ဂျွန်ဟာ လတ်တလောမှာတော့ ဒုတိယမြောက်သားလေးကို မျက်နှာမြင်ခွင့်ရခဲ့ပြီဖြစ်ပါတယ်။ သားနှစ်ယောက်ရဲ့ဖခင်ဖြစ်လာခဲ့ပြီဖြစ်တဲ့ ရှင်ဟွန်ဂျွန်က ဒုတိယမြောက်သားလေး မွေးဖွားခဲ့ပြီဖြစ်ကြောင်း သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်ကနေတစ်ဆင့် ဖော်ပြခဲ့တာဖြစ်တယ်လို့ အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ဇွန် ၂၄ ရက်မှာ ရှင်ဟွန်ဂျွန်ရဲ့ သားလေးကို မွေးဖွားခဲ့တာဖြစ်ပါတယ်။ သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ သားလေးကိုချီထားတဲ့ သူ့ရဲ့ဓာတ်ပုံကို ဖော်ပြခဲ့ရာမှာတော့ သားလေးမျက်နှာကို တစ်ခြမ်းလောက်သာ ဖော်ပြခဲ့ပြီး အောက်မှာတော့ အမှတ်တရစာသားတွေကို ရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။

ဒ့ါအပြင် မင်းသားက ဇနီးဖြစ်သူကိုလည်း သားလေးမွေးဖွားပေးခဲ့တဲ့အတွက် ကျေးဇူးတင်ကြောင်း ထည့်သွင်းရေးသားဖော်ပြခဲ့ပါတယ်။ သူ့အနေနဲ့ အနာဂတ်မှာ ပိုမိုကောင်းမွန်သူတစ်ဦးဖြစ်အောင် ကြိုးစားသွားမှာဖြစ်ကြောင်းလည်း ရေးသားဖော်ပြခဲ့ပါတယ်။

အေးပြည့်-ရေးသားသည်

## လက်ထပ်လိုက်ပြီဖြစ်တဲ့ ကစ်ထ်ဟာရင်တန်နဲ့ ရို့စ်လက်စလီ

HBO ရုပ်သံလိုင်းရဲ့ အောင်မြင်တဲ့ ဇာတ်လမ်းတွဲတစ်ခုဖြစ်တဲ့ "Game of Thrones"မှာ တွဲဖက်ပါဝင်ခဲ့ကြရင်း ဖူးစာဆုံခဲ့ကြတဲ့ ကြယ်ပွင့်စုံတွဲ မင်းသား ကစ်ထ်ဟာရင်တန်နဲ့ မင်းသမီး ရို့စ်လက်စလီတို့ဟာ လတ်တလောမှာ လက်ထပ်လိုက်ပြီဖြစ်ပါတယ်။ သူတို့ရဲ့မင်္ဂလာအခမ်းအနားကို "Game of Thrones" ဇာတ်လမ်းတွဲမှာ တွဲဖက်ပါဝင်ခဲ့ကြတဲ့ သရုပ်ဆောင်များစွာ တက်ရောက်ခဲ့တာကို တွေ့ရကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။



ဇွန် ၂၅ ရက်မှာ ဖော်ပြခဲ့တဲ့သတင်းအရ "Game of Thrones" စုံတွဲဟာ ဇွန် ၂၃ ရက်က စကော့တလန်မှာ မင်္ဂလာပွဲကျင်းပခဲ့တာဖြစ်တယ်လို့ သိရပါတယ်။ အဆိုပါအခမ်းအနားမှာ ကစ်ထ်ဟာရင်တန်ဟာ အနက်ရောင်ကုတ်နဲ့ အညိုရောင်အစင်းတွေပါတဲ့ စတိုင်ဘောင်းဘီရှည်ကို တွဲဖက်ဝတ်ဆင်ခဲ့ပြီး သတို့သမီးကတော့ သတို့သမီးဝတ်စုံဂါဝန်ရှည်ကြီးနဲ့ ပန်းသရဖူကို တွဲဖက်ဝတ်ဆင်ခဲ့တာကိုလည်း တွေ့ရပါတယ်။

ဒီမင်္ဂလာပွဲကို "Game of Thrones" မှာ အတူတွဲဖက်ပါဝင်ခဲ့ကြတဲ့ သရုပ်ဆောင်တွေများစွာ တက်ရောက်ခဲ့ကြပါတယ်။ ဒီထဲမှာ အဓိကဇာတ်ဆောင်မင်းသမီးတွေဖြစ်ကြတဲ့ မက်စီဝီလီယမ်၊ ဆိုဖီယာတာနာတို့လည်း အတူတက်ရောက်လာတာကို တွေ့ရပါတယ်။ ဒ့ါအပြင် အီမီလာကလာ့ခ်ကီ၊ ပီတာဒင့်ခ်လက်ဂျ်တို့လည်း တက်ရောက်ခဲ့တယ်လို့ သိရပါတယ်။

မင်္ဂလာအခမ်းအနားပြီးနောက် ဘုရားကျောင်းထဲက ထွက်လာတဲ့ မင်္ဂလာမောင်နှံကို မိတ်ဆွေသူငယ်ချင်းတွေက အပြင်မှာ တန်းစီစောင့်ဆိုင်းနေကြပြီး ရောင်စုံစက္ကူလေးတွေကို အပေါ်မှ ကြဲပက်ပေးခဲ့ကြတာကိုလည်း တွေ့ရပါတယ်။

ကစ်ထ်ဟာရင်တန်နဲ့ ရို့စ်လက်စလီတို့ဟာ ပြီးခဲ့တဲ့ ၂၀၁၂ ခုနှစ်အတွင်း စတင်တွေ့ဆုံခဲ့ကြသူတွေပါ။ ပြီးခဲ့တဲ့ နှစ်အတွင်းမှာတော့ စေ့စပ်လိုက်ပြီဖြစ်ကြောင်း တရားဝင်ထုတ်ဖော်ပြောကြားခဲ့တာ ဖြစ်ပါတယ်။ ယခင်က ကစ်ထ်ဟာရင်တန်က သူ့ရဲ့ "Game of Thrones" နဲ့ ပတ်သက်ပြီး အကောင်းဆုံးအမှတ်တရမှာ အိုက်စ်လန်းက ရိုက်ကွင်းတစ်ခုမှာ ရို့စ်လက်စလီနဲ့ တွေ့ဆုံခဲ့ရခြင်းဖြစ်တယ်လို့ ပြောကြားခဲ့ဖူးပါတယ်။



မင်္ဂလာပွဲ တက်ရောက်လာတဲ့ ဆိုဖီယာတာနာ(ဝဲ)နှင့် မက်ဆီဝီလီယမ်(ယာ)တို့ကို တွေ့ရစဉ်။

# အဆိပ်ချခြင်းနှင့် ဘက်ထရီရှော့တိုက်ငါးဖမ်းခြင်း ပပျောက်စေရန် စစ်ကိုင်းဒေသ၌ ဖော်ဆောင်

**စစ်ကိုင်း ဇွန် ၂၅**
စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ငါးသယံဇာတ ထိန်းသိမ်းရေး ငါးမျိုးပြုန်းတီးမှုမရှိစေရန် တရားမဝင်ငါးဖမ်းဆီးမှုများဖြစ်သော အဆိပ်ချ ငါးဖမ်းခြင်း၊ ဘက်ထရီရှော့တိုက်ငါးဖမ်းခြင်းများ ပပျောက်စေရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ကြီးကြပ်မှုဖြင့် ခရိုင်နှင့် မြို့နယ်ငါးလုပ်ငန်း ဦးစီးဌာနများ၌ စီမံချက်များရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စီမံကိန်းဆောင်ရွက်**

"တည်ဆဲ ငါးလုပ်ငန်းဥပဒေတွေ ဒါမှမဟုတ် ခေတ်နဲ့အညီ ပြုပြင်ရေးဆွဲထားတဲ့ ငါးလုပ်ငန်းဆိုင်ရာ ဥပဒေတွေကို နိုင်ငံတကာ ပြဋ္ဌာန်းချက်တွေနဲ့အညီ လိုက်လျောညီထွေရှိစေဖို့ ဆောင်ရွက်နေပါတယ်။ ဒါ့အပြင် ငါးလုပ်ငန်းဆိုင်ရာ စာရင်းအင်းအချက်အလက်တွေကို ဆက်စပ်ပြီး ဝန်ကြီးဌာနတွေရဲ့ သတ်မှတ်အညွှန်းကိန်း ပုံစံတွေနဲ့အညီ ပြုစုဆောင်ရွက်နေပါတယ်။ ဒါ့အပြင် ပြည်တွင်းပြည်ပ အဖွဲ့အစည်းတွေ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနရဲ့မူဝါဒတွေနဲ့ ကိုက်ညီတဲ့ စီမံကိန်းလုပ်ငန်းတွေကို ရေးဆွဲဆောင်ရွက်ဖို့ရှိပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန တာဝန်ရှိသူက ပြောသည်။

၂၀၁၈ ခုနှစ် နှစ်စမှ မေလကုန်အထိ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အင်းအိုင်ခွန်၊ တင်ဒါခွန်၊ ငါးဖမ်းကိရိယာခွန်၊ သားဖောက်လိုင်စင်ခွန်နှင့် ဝယ်စုလိုင်စင်ခွန် စသည့် လုပ်ငန်းများမှစုစုပေါင်းငွေကျပ် ၈၈၆ ဒသမ ၇၆၁၂၅ သန်း ကောက်ခံရရှိထားပြီး ပြီးခဲ့သည့် ၂၀၁၇-၂၀၁၈ ခုနှစ် တစ်နှစ်တာကာလအတွင်း အခွန်အရပ်ရပ်ကောက်ခံရရှိမှုမှာ ငွေကျပ် ၁၂၆၃ ဒသမ ၇၃၂၀၉၅ သန်း ရရှိခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။



**ထိရောက်စွာ အရေးယူသင့်**

"ဧရာဝတီမြစ် လင်းပိုင်ထိန်းသိမ်းရေးနယ်မြေထဲမှာ ဘက်ထရီရှော့တိုက်ငါးဖမ်းတာမျိုးတွေကို ပြင်းပြင်းထန်ထန် အရေးယူသင့်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၄ ခုနှစ်က ဘက်ထရီရှော့တိုက်လို့ ဧရာဝတီလင်းပိုင် သေဆုံးခဲ့ဖူးပါတယ်"ဟု ဧရာဝတီလင်းပိုင် ထိန်းသိမ်းရေးတွင် ပါဝင်ဆောင်ရွက်နေသူ ရေလုပ်သားတစ်ဦးက ပြောသည်။

မွေးမြူရေးငါး၊ အင်းငါး၊ ဘုံငါးစသည့် စီမံကိန်းငါးထုတ်လုပ်မှုကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၁၈-၂၀၁၉ ခုနှစ်အတွက် ပိဿာထောင်ပေါင်း ၂၂၂၇၁ လျာထားသတ်မှတ်ထားရာ ၂၀၁၈ ခုနှစ် ဧပြီ ၁ ရက်မှ မေ ၃၁ရက်အထိ တစ်လတာကာလအတွင်း စီမံကိန်းငါးပိဿာ ထောင်ပေါင်း ၄၃၀ ဒသမ ၅၀ ထုတ်လုပ်ခဲ့ကြောင်း သိရသည်။

ငါးမျိုးပြုန်းတီးမှုမရှိစေရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီး ရေဦးငါးလုပ်ငန်းစခန်း၊ ရွှေဘိုငါးလုပ်ငန်းစခန်းနှင့် အင်ကြင်းကုန်းငါးလုပ်ငန်းစခန်းတို့မှ ၂၀၁၈ခုနှစ် ဧပြီ ၁ ရက်မှ မေ ၃၁ ရက်အတွင်း ငါးသားပေါက်ကောင်ရေ ငါးသိန်း ထုတ်လုပ်ခဲ့ပြီး ငါးကောင်ရေ နှစ်သိန်းကို ဖြန့်ဖြူးရောင်းချကာ ငါးကောင်ရေ သုံးသိန်းကို ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## ပျဉ်းမနားမြို့နယ်၌ စာသင်ကျောင်းဆောင်သစ် ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဇွန် ၂၅**
နေပြည်တော် ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လူထုဗဟိုပြုစီမံကိန်း (ဒုတိယစက်ဝန်း) တွင် ပါဝင်သည့် ကင်းပွန်တန်းကျေးရွာအုပ်စု သစ်စိမ့်ပင်ကျေးရွာတွင် စာသင်ကျောင်းဆောင်သစ် ဖွင့်ပွဲနှင့် ကျေးရွာလူထုစစ်ဆေးပွဲ အခမ်းအနားကို ဇွန် ၂၄ နံနက် ၉ နာရီက အမှတ် (၁၂၃) အခြေခံပညာမူလတန်းကျောင်း (သစ်စိမ့်ပင်)၌ ကျင်းပရာ စာသင်ကျောင်းဆောင်သစ်ကို ပျဉ်းမနားမြို့နယ် ဒုတိယပညာရေးမှူး ဦးစိုးသန်းထံ လွှဲပြောင်းပေးအပ်သည်။

**ပူးပေါင်းပါဝင်**

အဆိုပါ စာသင်ကျောင်းဆောင်သစ်ကို လူထုဗဟိုပြုစီမံကိန်းမှ ငွေကျပ်သိန်း ၂၃၀ ကျော်နှင့် ကျေးရွာပြည်သူများမှ ထည့်ဝင်လှူဒါန်းငွေကျပ် သုံးသိန်းကျော်၊ စုစုပေါင်းငွေကျပ်သိန်း ၂၃၀ ကျော်ဖြင့် အလျားပေ ၆၀၊ အနံ ပေ ၃၀ နှင့် အမြင့် ၁၂ ပေရှိပြီး လူထုဗဟိုပြုစီမံကိန်းနှင့် ကျေးရွာနေပြည်သူများ ပူးပေါင်းပါဝင်မှုတို့ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ရှင်းလင်းဆွေးနွေး**

ဆက်လက်၍ ကျေးရွာလူထုစစ်ဆေးပွဲကို ကျင်းပရာ ကင်ပွန်းတန်းကျေးရွာအုပ်စု စီမံကိန်းအထောက်အကူပြုကော်မတီဥက္ကဋ္ဌက အုပ်စုကော်မတီခွဲများအကြောင်းကို ရှင်းလင်းပြောကြားပြီး ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြဆွေးနွေးကြကြောင်း သိရသည်။

**စိုးမိုး(ပြန်/ဆက်)**

## အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့အထိမ်းအမှတ် ပိုက်ကျော်ခြင်းဖိတ်ခေါ်ပြိုင်ပွဲကျင်းပ




**နေပြည်တော် ဇွန် ၂၅**
အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ပိုက်ကျော်ခြင်းဖိတ်ခေါ်ပြိုင်ပွဲကို ဇွန် ၂၅ ရက် နံနက် ၈ နာရီက ဝဏ္ဏသိဒ္ဓိ TC-1 ပိုက်ကျော်ခြင်း လေ့ကျင့်ရေးရုံ၌ ကျင်းပသည်။

ပြိုင်ပွဲဝင်အသင်းများအဖြစ် နှစ်ယောက်တွဲ အမျိုးသားအလွတ်တန်းပြိုင်ပွဲတွင် အသင်းခြောက်သင်းဖြင့်လည်းကောင်း၊ သုံးယောက်တွဲ အမျိုးသမီး အလွတ်တန်းပြိုင်ပွဲတွင် အသင်းခြောက်သင်းဖြင့်လည်းကောင်း၊ လူသစ်တန်း အမျိုးသား သုံးယောက်တွဲပြိုင်ပွဲတွင် အသင်း ခြောက်သင်းဖြင့်လည်းကောင်း ဇွန် ၂၅ ရက်မှ ၂၇ ရက်အထိ ကျင်းပလျက်ရှိကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဦး၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးနှင့် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ လာရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မောင်မောင်ဇော်**

## ဝန်းသိုမြို့နယ်၌ ရွာအဝင်ချောင်းကူးတံတားဖွင့်လှစ်

**ဝန်းသို ဇွန် ၂၅**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဝန်းသိုမြို့နယ် ဇီးဖြူကုန်းကျေးရွာ၌ ရွာအဝင်ချောင်းကူးတံတားဖွင့်ပွဲကို ဇွန် ၂၄ ရက် နံနက် ၁၁ နာရီက ကျင်းပသည်။

အဆိုပါ ကျေးရွာအဝင် ချောင်းကူးတံတားမှာ အလျားပေ ၁၂၀၊ အနံ ၁၂ ပေနှင့် အမြင့် ၁၄ ပေရှိ ကျောက်ရိုးစီ သစ်သားတံတားအမျိုးအစားဖြစ်ပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းပံ့ပိုးငွေကျပ် သိန်း ၁၀၀ နှင့် ပြည်သူလူထု လုပ်အား၊ ပစ္စည်းတန်ဖိုးငွေကျပ် ၁၈၆ သိန်း စုစုပေါင်းငွေကျပ် ၂၈၆ သိန်းအကုန်အကျခံ တည်ဆောက်ခဲ့သည်။

ချောင်းကူးတံတား ဖွင့်လှစ်ပေးသည့်အတွက် နွေ၊ မိုး၊ ဆောင်း ရာသီမရွေး သွားလာနိုင်တော့မည်ဖြစ်သည်။

ယင်းအပြင် ကျောင်းသားကျောင်းသူများ ကျောင်းသို့သွားလာရာ၌လည်းကောင်း၊ လူမှုရေး၊ စီးပွားရေးနှင့် ကျန်းမာရေးအတွက်လည်းကောင်း အဆိုပါလမ်းကို လွယ်ကူစွာသွားလာ အသုံးပြုနိုင်တော့မည်ဖြစ်သည်။

ဖွင့်ပွဲသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် ဖိတ်ကြားထားသူများ၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြကြောင်း သိရသည်။

**မင်းမြင့်မိုရ်(ငါန်းဇွန်)**



## မြစ်ကြီးနားခရိုင်အတွင်း ကျေးလက်သောက်သုံးရေရရှိရေးလက်တူးတွင်း ၃၀ တူးဖော်

**မြစ်ကြီးနား ဇွန် ၂၅**
ကချင်ပြည်နယ် မြစ်ကြီးနားခရိုင်အတွင်းရှိ မြို့နယ်လေးမြို့နယ်တွင် ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် လက်တူးတွင်း ၃၀ တူးဖော်ပေးလျက်ရှိကြောင်း မြစ်ကြီးနားခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးအောင်မျိုးလွင်ထံမှ သိရသည်။

အဆိုပါ ကျေးလက် လက်တူးတွင်း တူးဖော်မှုလုပ်ငန်းနှင့် ပတ်သက်၍ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မျိုးလွင်က "၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေနဲ့ မြစ်ကြီးနားမြို့နယ်အတွင်းမှ ကျေးရွာသုံးရွာ၊ ဝိုင်းမော်မြို့နယ်မှာ ကျေးရွာရှစ်ရွာ၊ တနိုင်းမြို့နယ်မှာ ကျေးရွာသုံးရွာနဲ့ အင်ဂျန်းယန်မြို့နယ်မှာ ကျေးရွာနှစ်ရွာ စုစုပေါင်း ကျေးရွာ ၁၆ ရွာမှာ လက်တူးတွင်းပေါင်း ၃၀ ကို တူးဖော်ပေးလျက်ရှိပါတယ်"ဟု ဇွန်၂၄ ရက်က ပြောကြားသည်။

မြစ်ကြီးနားမြို့နယ်တွင် ကျေးလက် လက်တူးတွင်း တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုမှာ မော်ဖောင်းကျေးရွာ၊ ရှဒေါင်ကျေးရွာနှင့် မလိခကျေးရွာတို့တွင် လက်တူးတွင်းခြောက်တွင်းအား မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိရာ ယနေ့အထိ လုပ်ငန်းအားလုံး၏ ၆၀ ရာခိုင်နှုန်း ပြီးစီးနေပြီး အဆိုပါ လက်တူးတွင်းမှာ အချင်းခြောက်ပေရှိကာ သန့်ရှင်းသော သောက်သုံးရေအဖြစ် ကျေးရွာနေပြည်သူများ သုံးစွဲနိုင်ရန် အမိုးအကာနှင့် သမံတလင်းခင်း၊ ရေတိုင်ကင်များ တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သူရိန်စိုး(ကချင်မြေ)**

## အိမ်မဲမြို့၌ ၂၀၁၈ ခုနှစ် မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေကျပ် သိန်းတစ်သိန်းကျော် ထုတ်ချေး

**အိမ်မဲ ဇွန် ၂၅**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့၌ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မြို့နယ်မန်နေဂျာ ဒေါ်ချယ်ရီတင်နှင့် ဝန်ထမ်းများက အိမ်မဲမြို့နယ်အတွင်းရှိ တောင်သူလယ်သမားများအတွက် ၂၀၁၈ ခုနှစ် မိုးစပါးစိုက်ပျိုးစရိတ် ချေးငွေများကို မေ ၁၈ ရက်မှစတင်၍ စိုက်ပျိုးမြေ တစ်ဧကလျှင် ကျပ် ၁၅၀၀၀၀ နှုန်းဖြင့် ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။



မိုးစပါး စိုက်ပျိုးစရိတ်ချေးငွေများကို အိမ်မဲမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၉၈ အုပ်စုရှိ တောင်သူလယ်သမား ၁၅၃၆၅ ဦးသို့ မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေသိန်းပေါင်း ကျပ် ၁၄၇၀၀၀ ထုတ်ချေးသွားရန် အိမ်မဲမြို့နယ် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။ စတင်ထုတ်ချေးချိန်မှဇွန် ၂၅ ရက်အထိ ကျေးရွာ ၈၄ ရွာ တောင်သူ ၉၉၅၀ ၏စိုက်ပျိုးမြေဧက ၆၃၂၀၉ အတွက် ချေးငွေကျပ် ၉၄၈၁၃၅၀၀၀၀ ထုတ်ချေးထားပြီးဖြစ်ကြောင်း သိရသည်။

**ချစ်သက်လယ်(အိမ်မဲပြန်/ဆက်)**

## ဟင်္သာတမြို့ တောင်းတိုင်းပြည့်စေတီတော်၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



**ဟင်္သာတ ဇွန် ၂၅**
ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် နိဗ္ဗာန်တိုက်နယ် ဂျို့ကုန်းကျောင်းတိုက် တောင်းတိုင်းပြည့်စေတီတော်တွင် ဇွန် ၂၄ ရက် နံနက်ပိုင်းက မြန်မာနိုင်ငံရဲတပ်ဖွဲ့ နိဗ္ဗာန်နယ်မြေရဲစခန်းမှ ရဲအုပ်ဝင်းတင့် ဦးဆောင်သောတပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် စေတီတော်သို့ သွားရာလမ်းတစ်လျှောက် လမ်းဘေးဝဲ၊ ယာရှိ ပေါင်းမြက်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ စနစ်တကျစွန့်ပစ်ခြင်းနှင့် ရေဆိုးရေညစ်များ စီးဆင်းနိုင်ရန် ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းဖြင့် ဘုရားဖူးရဟန်းရှင်လူ အများပြည်သူ သွားလာမှုအဆင်ပြေစေရေးအတွက် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**

## မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဟောပြောပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**မြောင်းမြ ဇွန် ၂၅**
(၂၁)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲနှင့် ဆုချီးမြှင့်ပွဲကို ဇွန် ၂၅ ရက် နံနက် ၉ နာရီက မြောင်းမြပညာရေးကောလိပ် ပညာသီရိခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြောင်းမြခရိုင် အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေးက အဖွင့်အမှာစကားပြောကြားပြီး မြောင်းမြ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမြင့်ဝေက မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်မှု အခြေအနေများကိုလည်းကောင်း၊ မြောင်းမြခရိုင် တရားသူကြီး ဦးမြင့်စိုးက မူးယစ်ဆေးဝါး ပြစ်မှုပြစ်ဒဏ်များ အကြောင်းကိုလည်းကောင်း၊ ခရိုင်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာကျော်စွာလွင်က မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ကျန်းမာရေးအသိပညာများကိုလည်းကောင်း အသိပညာပေးဟောပြောဆွေးနွေးသည်။

ဆက်လက်ပြီး (၂၁)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် တိုင်းဒေသကြီးအဆင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲတွင် အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့်နှင့် တက္ကသိုလ်ကောလိပ်အဆင့် ဆုရသူများအား ဂုဏ်ပြုမှတ်တမ်းနှင့် ဆုငွေများကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမြင့်ဝေနှင့် တာဝန်ရှိသူများက ချီးမြှင့်ပေးကြသည်။

**အောင်မင်း (မြောင်းမြ)**

## သတင်းအတိုအထွာ(၂၅-၆-၂၀၁၈)

### လက်ပံတန်းရှိ မြစိမ်းရောင် စီမံကိန်းလုပ်ငန်းများကို ကွင်းဆင်း

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများကို ဇွန် ၂၄ ရက်က မြို့နယ်ဦးစီးမှူး ဦးဌေးဇော်က ကွင်းဆင်းကြည့်ရှုခဲ့သည်။

လက်ပံတန်းမြို့နယ်အတွင်းရှိ မြစိမ်းရောင်ကျေးရွာများထဲမှ ကြို့ပင်စန်းကျေးရွာအုပ်စု ကြို့ပင်စခန်းကျေးရွာ၊ တောင်လသာအုပ်စု တောင်လသာရွာ၊ မြေစီးအုပ်စုထောက်ကြံ့ကွင်းနှင့် ဆင်မနီအုပ်စု မိုးဆယ်ကျေးရွာများသို့သွားရောက်ပြီး လစဉ်ဆောင်ရွက်ရန်နှင့် စီမံကိန်းနှင့် ပတ်သက်သည့် လိုအပ်သည်များကို ဖြည့်စွက်ပြောကြားခဲ့သည်။

**သူရအောင်(ပြည်)**

### မူးယစ်ဆေးဝါး အန္တရာယ်ကင်းစင်ရေး အသိပညာပေးဟောပြော

**မြိတ် ဇွန် ၂၅**
အကြမ်းဖက်မှုနှင့် မူးယစ်ဆေးဝါး အန္တရာယ်ကင်းစင်ရေးအသိပညာပေး ဟောပြောပွဲအခမ်းအနားကို ဇွန် ၂၅ ရက် နံနက် ၁၀ နာရီက တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ အမှတ် ၃ အခြေခံပညာ အထက်တန်းကျောင်းရှိ ပညာရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အမှတ် ၇၆ ယာဉ်ထိန်းတပ်ဖွဲ့စု(မြိတ်)မှ ဒုရဲမှူးကိုကိုကကျောင်းသားလူငယ်များအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးကိုလည်းကောင်း၊ စာရေးဆရာ၊ သတင်းစာဆရာ ရုပ်ရှင်ဒါရိုက်တာ ဇွန်မောင်မောင်က ကျောင်းသားလူငယ်အလွဲသုံးစားအကြမ်းဖက်မှုနှင့် မူးယစ်ဆေးဝါး အန္တရာယ်ကင်းစင်ရေး အကြောင်းကို လည်းကောင်း၊ စာရေးဆရာ ကဗျာဆရာ ဥပဒေပညာရှင် ဦးလွင်အောင်က မူးယစ်ဆေးဝါး အန္တရာယ်ကင်းစင်ရေးအကြောင်းကို လည်းကောင်း အသိပညာပေး ဟောပြောခဲ့သည်။

အခမ်းအနားသို့ အမှတ်(၇၆)ယာဉ်ထိန်းတပ်ဖွဲ့စုမှူး ဒုရဲမှူးကိုကို၊ မြိတ်မြို့နယ်ပညာရေးမှူးဆရာကြီး ဦးခင်အေး၊ စာရေးဆရာများ၊ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၁၀၀ တက်ရောက်ခဲ့ကြသည်။

**မြင့်ဦး(မြိတ်)**



## ဖျာပုံခရိုင်အတွင်းလမ်းမကြီးများ၌ ယာဉ်အလေးချိန်နှင့် စည်းကမ်းစစ်ဆေးခြင်းများဆောင်ရွက်

**ဖျာပုံ ဇွန် ၂၅**
ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်အတွင်းရှိ အဝေးပြေးကားလမ်းမကြီးများ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေး လှုပ်ရှားမှုများကို ဆောင်ရွက်လျက်ရှိရာ ဖျာပုံမြို့ထွက် ဖျာပုံ-ဘိုကလေး အဝေးပြေးကားလမ်းမကြီးပေါ်တွင် ဇွန် ၂၃ ရက်က ယာဉ်အလေးချိန်စစ်ဆေးခြင်းနှင့် ယာဉ်စည်းကမ်းစစ်ဆေးခြင်းများကို ဖျာပုံမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ ခရိုင် လမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးကျော်ဇောနှင့် တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ အမှတ်(၈၀) ယာဉ်ထိန်း ရဲတပ်ဖွဲ့စုမှူးနှင့် တာဝန်ရှိ ရဲတပ်ဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

"ဖျာပုံ-ဘိုကလေး အဝေးပြေးကားလမ်းမကြီးက ၁၉ မိုင် ၅ ဖာလုံရှိပါတယ်။ ဒီအဝေးပြေးကားလမ်းမကြီးက အခုအချိန်မှာ ကတ္တရာလမ်းဖြစ်နေပါပြီ၊ ဒါ့အပြင် ကွန်ကရစ်လမ်းအဖြစ် ဖျာပုံမြို့ထွက်နဲ့ ဘိုကလေးမြို့အဝင် နေရာအနီး ၂ မိုင် ၆ ဖာလုံကို ကွန်ကရစ်လမ်းအဖြစ် ဖောက်လုပ်ပေးထားပါတယ်၊ ဖျာပုံ-ဘိုကလေး အဝေးပြေးကားလမ်းမကြီးက ဘိုကလေး - မော်ကျွန်း - ကျုံမငေး - ဝါးခယ်မ - မြောင်းမြ၊ ဘိုကလေး - စက်ဆန်း အဝေးပြေးကားလမ်းမကြီးတွေနဲ့ ဆက်သွယ်ဖောက်လုပ်ထားတော့ ပြည်သူတွေ လူမှုစီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးအတွက် လွန်စွာအရေးပါတဲ့ လမ်းမကြီးပါ" ဟု ဖျာပုံခရိုင်လမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ဦးကျော်ဇောက ပြောသည်။

ဖျာပုံခရိုင်အတွင်းရှိမြို့နယ်များ၏ လမ်းမကြီးများတွင် ယာဉ်အလေးချိန် စစ်ဆေးခြင်းနှင့် ယာဉ်စည်းကမ်းစစ်ဆေးခြင်းများကို ဇွန်လအတွင်း ပထမပတ်မှစတင်၍ အပတ်စဉ် စနေနေ့တိုင်း ဆောင်ရွက်လျက်ရှိရာ လာမည့်ဇူလိုင် ၁ ရက်မှ စတင်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖျာပုံခရိုင်လမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇောထံမှ သိရသည်။ **၅၄၀**

### မှူခင်းကျဆင်းရေးအသိပညာပေးဟောပြော

ကယားပြည်နယ် ဘော်လခဲခရိုင် ဘော်လခဲမြို့နယ်တွင် မှုခင်းကျဆင်းရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအသိပညာပေးဟောပြောပွဲကို ဇွန် ၂၂ ရက် မွန်းလွဲ ၂ နာရီက ဘော်လခဲမြို့ အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ခင်မောင်ဆွေက မှုခင်းလျော့နည်းကျဆင်းရေးအကြောင်း၊ အမှတ် ၁၀ ယာဉ်ထိန်းတပ်ဖွဲ့စုမှူး ဒုတိယရဲမှူးဝင်းသွင်ဦးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာအကြောင်း၊ ပြည်နယ်လူကုန်ကူးမှုတားဆီးကာကွယ်ရေးရဲတပ်ဖွဲ့မှ ရဲအုပ်နေလင်းက လူကုန်ကူးမှုဆိုင်ရာအကြောင်းတို့ဟောပြောရာ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

**တွံတေးမြို့နယ်**
ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် အလံအုပ်ကျေးရွာဓမ္မာရုံ၌ ဇွန် ၂၄ ရက် ညနေ ၃ နာရီက တွံတေးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်နိုင်ဦးသည် သက်ငယ်မုဒိမ်းမှု မဖြစ်ပွားစေရေးနှင့် မှုခင်းကျဆင်းရေးအသိပညာပေးဟောပြောခဲ့ရာ ကျေးရွာနေပြည်သူ ၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**

**မြောက်ဥက္ကလာပမြို့နယ်**
ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် (၅) ရပ်ကွက် သစ္စာပန်းလမ်း နိဗ္ဗာန်အောင် ဓမ္မာရုံတွင် ဝေဘာဂီနယ်မြေရဲစခန်းမှူး ရဲအုပ်နန်းအောင်၊ နယ်ထိန်းအရာရှိ ဒုရဲအုပ်ဆန်းကျော်လင်းတို့က မှုခင်းကျဆင်းရေးနှင့် အသိပညာပေး ဟောပြောပွဲ ပြုလုပ်ခဲ့ရာ (၅) ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်နေ ပြည်သူများတက်ရောက်ခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

### ရထားခဲပေါက်မှုဖြစ်စဉ်မဖြစ်ပွားစေရေး အသိပညာပေး

**ရေး ဇွန် ၂၅**
ရထားရဲတပ်ဖွဲ့ အမှတ် ၁၁ တပ်ခွဲ တပ်စု ၃ ဖြူးမှ တပ်စုမှူး ရဲအုပ်စိုးနိုင်ဝင်း ဦးစီးအဖွဲ့သည် ကျွဲပွဲနယ်မြေရဲစခန်းမှ ဒုရဲအုပ် မြင့်သူအဖွဲ့နှင့် ပူးပေါင်း၍ ဇွန် ၂၅ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ကျွဲပွဲမြို့ ဈေး ၂ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ရထားခဲပေါက်မှုဖြစ်စဉ် မဖြစ်ပွားစေရေး၊ ရထားနှင့် ယာဉ်တိုက်မိသည့်ဖြစ်စဉ်များ၊ ရထားကြိတ်ခံရသည့်ဖြစ်စဉ်များကြောင့် ထိခိုက်ဒဏ်ရာရသေဆုံးမှုများ လျော့နည်းကျဆင်းရေးအတွက် အသိပညာပေး ဟောပြောပွဲပြုလုပ်ခြင်း၊ ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေချပြရှင်းလင်းခြင်းများ ဆောင်ရွက်ရာ ကျွဲပွဲဘူတာရုံပိုင် ဦးမင်းသူရိန်ထွန်း၊ ဈေး ၂ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်နှင့် ဒေသခံပြည်သူ ၄၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

# နှလုံးသွေးကြောကျဉ်းရောဂါရှိ၊ မရှိ

ဒေါက်တာနေမျိုးဦး

နှလုံးရောဂါအမျိုးမျိုးရှိတဲ့အထဲမှာ လူသိအများဆုံးရောဂါကတော့ နှလုံးသွေးကြောကျဉ်းရောဂါပဲ ဖြစ်ပါတယ်။ ရုပ်ရှင်တွေ ဗီဒီယိုတွေထဲမှာ မင်းသား မင်းသမီးတွေက မိဘစကား နားမထောင်လို့ ဇာတ်ပို့သရုပ်ဆောင် အဖေ အမေက ရင်ဘတ်ကိုဆုပ်ကိုင်ပြီး လဲကျသွားတာ ခဏခဏမြင်ဖူးပါလိမ့်မယ်။

နှလုံးသွေးကြောကျဉ်းရောဂါဟာ တကယ်လည်း ကြောက်ဖို့ကောင်းပြီး ကင်ဆာပြီးရင် လူသတ်တဲ့ရောဂါထဲမှာ ထိပ်ဆုံးက ပါပါတယ်။

အရင်တုန်းကတော့ အဆီအဆိမ့်စားတာများတဲ့ လူချမ်းသာတွေဖြစ်တဲ့ရောဂါလို့ဆိုပေမယ့် ဆင်းရဲသူတွေကိုလည်း ချမ်းသာမပေးပါဘူး။ နှလုံးသွေးကြောကျဉ်းရောဂါဟာ နှလုံးကြွက်သားကို သွေးပေးနေတဲ့သွေးကြောမကြီးတွေ ကျဉ်းရာကနေ နှလုံးသွေးလျှောက်နည်းတာကြောင့် ရင်ဘတ်အောင့်တဲ့ဝေဒနာလက္ခဏာကို ပြပါတယ်။ များသောအားဖြင့် သွေးတိုးတက်နေတာ သို့မဟုတ် နှလုံးခုန်မြန်စေတဲ့ စိတ်လှုပ်ရှားတာ၊ အပြင်းအထန် ကိုယ်လက်လှုပ်ရှားမှုလုပ်ရင်းက နှလုံးကသွေးမဝတော့ဘဲ အောင့်တက်လာတာပါ။

**သွေးတွင်းအဆီများ**

နှလုံးသွေးကြောကျဉ်းတာဟာ ဘာကြောင့်ဖြစ်သလဲဆိုတော့ ဆီးချို၊ သွေးတိုး၊ သွေးတွင်းအဆီများတာနဲ့ အရေးအကြီးဆုံးကတော့ ဆေးလိပ်သောက်တာကြောင့်ဖြစ်ပါတယ်။ ဒါ့အပြင် ရောဂါရှိတာချင်းအတူတူ မိဘဆွေမျိုးထဲမှာ ငယ်ငယ်ရွယ်ရွယ်(အသက် ၅၅ နှစ်အောက်)နဲ့ နှလုံးသွေးကြောကျဉ်းရောဂါရှိရင်တော့ ကိုယ့်မှာ ပိုအဖြစ်များပါတယ်။

နှလုံးသွေးကြောကျဉ်းရောဂါရှိသူဟာ ဆေးကုသမှု မခံဘဲထားရင် သက်တမ်းစေ့မနေရပါဘူး။ အဓိက အန္တရာယ်က မြန်မာတွေ "ဟတ်အတက် (Heart Attack) လို့ခေါ်တဲ့ နှလုံးသွေးကြောလုံးဝပိတ်သွားပြီး နှလုံးကြွက်သား နံရံတွေပုပ်သွားရာကနေ ရုတ်တရက် သေဆုံးတတ်တာပါ။ ပြီးတော့ နှလုံးညှစ်အား နည်းရာက အမောဖောက်တာ၊ နှလုံးခုန် မမှန် ဖြစ်တတ်တာတို့ပဲဖြစ်ပါတယ်။

ESJkdo;alumu0fa&m*|[m ESJkuf0m;uSdo;ay;aewYo;alumrlu;Bw a0g&muaeESJkdo;av|mufenf;wmalumih &ifbwfatmifwJh0'envu©Pmudkjyw,f rm;aomtm;jzifho;wdk;wufaewmod\[kwf ESJkdkcsefpwJhpdwfvIyf&Sm;wm...

**ဆေးလိပ်ဟာ နှလုံးရဲ့ရန်သူ**

တချို့ဆို နှလုံးကအားနည်းတော့ ဟိုနား ဒီနားတောင် လမ်းလျှောက်မရဘဲ ဂီလာန ဖြစ်လာပါတယ်။ နှလုံးသွေးကြောကျဉ်းရောဂါကို ကုသရာမှာတော့ မဖြစ်ခင်ကြိုတင်ကာကွယ်တဲ့အနေနဲ့ရော ဖြစ်ပြီးခဲ့ရင်လည်း ထပ်မဆိုးအောင် ဆီးချို၊ သွေးတိုးနဲ့ သွေးတွင်းအဆီကို ချရပါတယ်။ ဆေးလိပ်ဟာ နှလုံးရဲ့ရန်သူပါ။ ဖြတ်ဖို့ အလွန်အရေးကြီးပါတယ်။ ဒါ့အပြင် ကိုယ်လက်လှုပ်ရှားမှုနဲ့ အဝမလွန်စေခြင်းဟာလည်း ကာကွယ်ရာရောက်ပါတယ်။

နှလုံးသွေးကြောကျဉ်းရောဂါဖြစ်ပြီဆိုရင်တော့ ကုသရေးမှာ အစွန်းရောက်နေတဲ့ပြဿနာ နှစ်မျိုးရှိပါတယ်။ တစ်မျိုးကတော့ နှလုံးရောဂါ ရှိ၊ မရှိ သေချာစစ်မနေတော့ဘဲ လူနာက ရင်ဘတ်အောင့်တယ်ဆိုတာနဲ့ အဆီကျဆေး သွေးကျဲဆေး၊ နှလုံးသွေးကြောကျယ်ဆေး၊ သွေးတိုးကျဆေးနဲ့ အခြားဆေးပေါင်း ၁၀ မျိုးလောက်ကို အဆုပ်လိုက်ကြဲပေးတဲ့ မြန်မာပြည်က နှလုံးကုသနည်းဖြစ်ပါတယ်။ တကယ်တော့ နှလုံးရောဂါတကယ်ရှိသူထက် နှလုံးရောဂါပြပြီး နွံ့ဆိုးဆိုးချင်တဲ့လူနာတွေလည်း တော်တော်များပါတယ်။ ဒါကြောင့် တကယ် နှလုံးရောဂါ ရှိ၊ မရှိမသေချာဘဲ သိန်းပေါင်းများစွာသော လူနာတွေဟာ နှလုံးဆေးတွေ အပြွတ်လိုက်သောက်နေကြရတာပါ။



ဒါကိုလည်း ဂုဏ်ယူတတ်တဲ့လူနာတွေရှိပါတယ်။ ဒီလိုဖြစ်ရတာဟာ လူနာအနေနဲ့ရော ဆရာဝန်အနေနဲ့ပါ သေသေချာချာစစ်ဆေးရအောင်ငွေနဲ့အချိန်ကို အရင်းအနှီးမလုပ်နိုင်ကြလို့ပါ။

**ရိုက်စားလုပ် ပိုက်ဆံရှာ**

နောက်တစ်မျိုးပြဿနာကတော့ စင်ကာပူလို စီးပွားဖြစ် ဆေးကုတဲ့နိုင်ငံတွေမှာ တွေ့တတ်ပါတယ်။ ရင်ဘတ်အောင့်တယ်ဆိုတာနဲ့ Angiogram လို့ခေါ်တဲ့ ပေါင်သွေးကြောကနေ ပိုက်ထည့်ဆေးသွင်းပြီး နှလုံးကိုဓာတ်မှန်ရိုက်ပြီးတော့ သွေးကြောကျယ်အောင်ပြန်ချဲ့ဖို့လိုတယ်ဆိုကြပါတယ်။ ပြီးတော့ Stent တစ်ချောင်း ဘယ်လောက်ဆိုပြီး ရိုက်စားလုပ် ပိုက်ဆံရှာခံရတာပါ။ နှလုံးရောဂါရှိ၊ မရှိသိဖို့နည်းတွေ ခုခေတ်မှာ အများကြီးရှိနေပြီး ငွေကြေးတတ်နိုင်ရင် အလွယ်တကူစစ်လို့ရနေပါတယ်။ ရေရှည်မှာ မလိုအပ်ဘဲဆေးသောက်နေတာရဲ့ ကုန်ကျစရိတ်ထက် စစ်လိုက်တာက အများကြီး အကုန်အကျသက်သာပါတယ်။

လူနာအနေနဲ့ ပထမအဆင့်သိထားရမှာက Heart Attack ဖြစ်ခဲ့တာ ဖြစ်နေတာကလွဲရင် ရိုးရိုး ECG ဆွဲရုံနဲ့ နှလုံးသွေးကြောကျဉ်းတာကိုအလွယ်တကူမသိနိုင်ပါဘူး။ ဒါကြောင့် ကိုယ့် ECG ကို ခပ်တည်တည်နဲ့ကြည့်ပြီး သွေးကြောကျဉ်းတယ်လို့ ဆရာဝန်တစ်ယောက်က ပြောရင်ချင့်ယုံကြပါ။ တကယ် ရှိ၊ မရှိ သိချင်ရင် ဘာလုပ်ရသလဲဆိုတော့ လူနာကိုပြေးစက်မှာ ပြေးခိုင်းပြီး ECG ဆွဲကြည့်ရပါတယ်။ ရန်ကုန်၊ မန္တလေးနဲ့ မြို့ကြီးတွေက အထူးကုဆေးခန်းတွေမှာ အလွယ်တကူရနိုင်ပေမယ့် ဆရာဝန်အများစုဟာ နှလုံးအထူးကုမဟုတ်ရင် လူနာကို ပို့ပြီးစစ်ခိုင်းလေ့မရှိပါဘူး။ အလုပ်ရှုပ်တယ်ဆိုပြီး ဆေးတွေသာ ချရေးပေးကြတာများပါတယ်။ အကယ်လို့ လူနာက ပြေးစက်မပြေးနိုင်ဘူးဆိုရင်တော့ လူနာကို ဆေးသွင်းပြီး နှလုံးကို Echo ရိုက်တာ (Dobutamine Stress Echo-DSE) ဒါမှမဟုတ် နှလုံးသွေးလျှောက်မလျှောက်သိဖို့ Myocardial perfusion scan ရိုက်နိုင်ပါတယ်။ ECG ပုံမှန်မဟုတ်တဲ့လူနာတွေကတော့ ဆေးမသွင်းချင်ရင် ESE လို့ခေါ်တဲ့ Exercise Stress Echo ကို အလွယ်တကူ လုပ်နိုင်ပါတယ်။

**နှလုံးဆေးကို သောက်သင့်**

အကယ်လို့ လူနာကလည်း ငယ်တယ်၊ နှလုံးရောဂါရှိနိုင်ခြေကလည်း သိပ်မများရင်တော့ CT coronary angiogram လို့ခေါ်တဲ့ နှလုံးကို CT ဓာတ်မှန်ရိုက်ပြီး နှလုံးသွေးကြောကို ကြည့်နိုင်ပါတယ်။ မြန်မာငွေ သုံးလေးသိန်းလောက်နဲ့ ကိစ္စပြတ်နိုင်ပါတယ်။ ဒီလိုနည်းပညာ တစ်ခုခုနဲ့စစ်လိုက်လို့ နှလုံးအားနည်းတာတွေ့မှသာ နှလုံးဆေးကို သောက်သင့်ပါတယ်။

ပြီးတော့ နှလုံးသွေးကြောကျဉ်းတိုင်းလည်း သွေးကြောချဲ့စရာမလိုပါဘူး။ စင်ကာပူက ပုဂ္ဂလိကဆေးရုံတွေလိမ်တာကို မြန်မာပြည်က လူတွေ မခံစေချင်ပါဘူး။ တကယ်တော့ Heart attack ဖြစ်ထားတဲ့လူနာ၊ သောက်ဆေးနဲ့မတိုးတဲ့ နှလုံးရောဂါ၊ သွေးကြောမကြီးတွေနဲ့ သွေးကြောတွေ တစ်ချောင်းထက်ပိုပြီး ပိတ်နေတာကို စစ်ဆေးတွေ့ရှိမှ သွေးကြောချဲ့တာ ခွဲစိတ်တာတို့ ပြုသင့်ပါတယ်။

ဒါကြောင့် ရင်ဘတ်အောင့်တိုင်းလည်း နှလုံးရောဂါ မဟုတ်သလို နှလုံးဆေးသောက်နေတိုင်းလည်း ရောဂါရှိချင်မှ ရှိတတ်ပါတယ်။ သင့် ဆရာဝန်မှာ နတ်မျက်စိမရှိပါဘူး။ ။

## ကျေးလက်နေပြည်သူများအတွက် ကုန်ထုတ်လမ်းဖောက်လုပ်

**သထုံ ဇွန် ၂၅**

မွန်ပြည်နယ် သထုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သဲကုန်းကျေးရွာတွင် ကုန်ထုတ်လမ်း ၁/၀ မိုင်ကို ၂၀၁၈ ခုနှစ် ဇွန်လတွင် စတင်ဆောင်ရွက်လျက်ရှိရာ ခန့်မှန်းကုန်ကျငွေကျပ် ၃၅ ဒသမ ၁၄၄ သန်း ကုန်ကျမည်ဖြစ်သည်။

အဆိုပါ ကုန်ထုတ်လမ်းဆောင်ရွက်ပေးခြင်းဖြင့် သဲကုန်းကျေးရွာ သဲကုန်း (အဝပြဲကွင်းပိုင်း) ကျေးရွာ၊ ကုလားတန်းကျေးရွာ၊ ညောင်တန်းကျေးရွာ၊ ခင်တန်းကျေးရွာ၊ လှေဦးပိုင်းကျေးရွာတို့မှ ကျေးလက်နေပြည်သူများအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများ၏ ထုတ်ကုန်၊ ထွက်ကုန်များကို ကုန်ကျစရိတ်အနည်းဆုံးဖြင့် ဈေးကွက်သို့ လျင်မြန်စွာ ရောက်ရှိစေရန် ပို့ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့်ပြည်သူ့ကျန်းမာရေးပညာပေးဟောပြော

**မင်းတပ် ဇွန် ၂၅**

နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များဖွံ့ဖြိုးရေး သင်တန်းကျောင်း အမှတ်(၂)မင်းတပ်မြို့သင်တန်းခန်းမ၌ ဇွန် ၂၃ ရက်တွင် ပြည်သူအခြေပြု သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ပြည်သူ့ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ခရိုင်၊ မြို့နယ်တာဝန်ခံ(မီးသတ်ဦးစီးဌာန) ဦးကြီးထန်းက သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးတို့ကိုလည်းကောင်း၊ မြို့နယ်လက်ထောက် ဆရာဝန်ဒေါက်တာဘွေထန်းလျန်းက အခြေခံပြည်သူ့ကျန်းမာရေးဆိုင်ရာ သိမှတ်ဖွယ်ရာများကို လည်းကောင်း ဟောပြောဆွေးနွေးကြသည်။ ဆက်လက်၍ တက်ရောက်သူများကသိရှိလိုသည်များကို မေးမြန်းကာသက်ဆိုင်ရာတာဝန်ရှိသူတို့က ပြန်လည်ရှင်းလင်းဖြေကြားသည်။

အဆိုပါဟောပြောဆွေးနွေးပွဲနှင့်စပ်လျဉ်း၍ "ယခုလို တိုင်းရင်းသားလူမျိုးပေါင်းစုံကျောင်းတက်နေတဲ့ ကျွန်တော်ရဲ့ VIO-2 ကျောင်းမှာ အသိပညာပေးဟောပြောပွဲ၊ ဆွေးနွေးပေးကြလို့ ဆရာ ဆရာမတွေအပြင်၊ ကျောင်းသား ကျောင်းသူတွေ၊ တက်ရောက်သူ လူငယ်တွေကို အသိပညာဗဟုသုတရရှိကြလို့ အထူးပဲ ဝမ်းသာပီတိဖြစ်ရပါကြောင်း" ကျောင်းအုပ်ဆရာဦးထန်းဟာက ပြောကြားသည်။

**ခရိုင်(ပြန်/ဆက်)**

## မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ကျပန်းစကားပြောပြိုင်ပွဲ တပ်ကုန်းတွင်ကျင်းပ

**တပ်ကုန်း ဇွန် ၂၅**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲကို ဇွန် ၂၅ ရက် နံနက် ၁၀ နာရီက တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပသည်။

မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၁ ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး ဆေးတစ်ရှူက်သည် အလွယ်ကလေး ဘေးခိုက်တတ်သည် အရွယ်မရွေး၊ တန်ဖိုးရှိမှ လူငယ်ဘဝ မူးယစ်ကင်းစင်ကျန်းမာမှ၊ မူးယစ်ဆေးသုံး လူညွှန့်တုံး ဆုံးရှုံးဘဝ ကာကွယ်ကြ ခေါင်းစဉ်တို့ဖြင့် ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**တင်စိုးလွင်**

# သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဥပဒေပြဋ္ဌာန်း

**သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဥပဒေ**
**(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၂ ။)**
**၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလဆန်း ၁၃ ရက်**
**(၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၅ ရက်)**
**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

## အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **သိပ္ပံ** ဆိုသည်မှာ သဘာဝတရား၏ဖြစ်ပျက်ပြောင်းလဲမှုတို့နှင့် ထိုဖြစ်ပျက်ပြောင်းလဲမှုတို့၏ အကြောင်းအကျိုးအမှန်တို့ကို နည်းစနစ်ကျနစွာ လေ့လာအသုံးချနိုင်သော ပညာရပ်ကို ဆိုသည်။

(ခ) **နည်းပညာ** ဆိုသည်မှာ နည်းစဉ်၊ ကျွမ်းကျင်မှု၊ အသိပညာနှင့် အတတ်ပညာတို့ကို ပေါင်းစပ်ထားခြင်းဖြစ်ပြီး ကုန်ထုတ်လုပ်မှု အကျိုးဖြစ်ထွန်းစေသည့် လုပ်ငန်းစဉ် ကျွမ်းကျင်မှုကို ဆိုသည်။

(ဂ) **ဆန်းသစ်တီထွင်မှု** ဆိုသည်မှာ မူလစိတ်ကူး၊ ထုတ်ကုန်၊ နည်းပညာတစ်ခုခုကို အခြေခံလျက် ထူးခြားဆန်းသစ်သော တီထွင်ကြံဆမှုတို့ဖြင့် ပိုမိုကောင်းမွန်သော၊ ကွဲပြားခြားနားသော၊ အဖိုးတန်သော စိတ်ကူးများ၊ ထုတ်ကုန်များ၊ နည်းပညာများကို ဖော်ထုတ်ခြင်း သို့မဟုတ် အသုံးချခြင်းကို ဆိုသည်။

(ဃ) **ဆန်းသစ်တီထွင်သူ ဆိုသည်မှာ** ဆန်းသစ်တီထွင်မှု တစ်ခုခုကို ဖန်တီးဖော်ထုတ်သူကို ဆိုသည်။

(င) **သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုလုပ်ငန်းများ** ဆိုသည်မှာ သိပ္ပံနယ်ပယ်တွင် လက်တွေ့အသုံးပြုလျက်ရှိသည့် အသိပညာ၊ အတတ်ပညာနှင့် ကျွမ်းကျင်မှုများ စဉ်ဆက်မပြတ် ဖွံ့ဖြိုး တိုးတက်စေရန် ဆောင်ရွက်သည့် သုတေသနနှင့် ဖွံ့ဖြိုးမှု လုပ်ငန်းများ၊ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ လေ့ကျင့်သင်ကြားရေးလုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ သို့မဟုတ် ထုတ်လုပ်မှုလုပ်ငန်းများကို ဆိုသည်။

(စ) **လေ့ကျင့်သင်ကြားရေးလုပ်ငန်းများ** ဆိုသည်မှာ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုကို အခြေခံသည့် အဖွဲ့အစည်း၊ လုပ်ငန်း၊ ဌာန၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံကျောင်းများက ဆောင်ရွက်လျက်ရှိသည့် အသိပညာ၊ အတတ်ပညာများ လေ့ကျင့်သင်ကြားခြင်း လုပ်ငန်းများကို ဆိုသည်။

(ဆ) **ဝန်ဆောင်မှုလုပ်ငန်းများ** ဆိုသည်မှာ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုကို အခြေခံသည့်အသိပညာနှင့် အတတ်ပညာများပါဝင်သော အသိဉာဏ်ပစ္စည်းပိုင်ဆိုင်မှုကို တစ်နည်းနည်းဖြင့် အသုံးချဆောင်ရွက်ခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်းနှင့် အကြံပေးခြင်း လုပ်ငန်းများကို ဆိုသည်။

(ဇ) **ထုတ်လုပ်မှုလုပ်ငန်းများ** ဆိုသည်မှာ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုကို အခြေခံသည့် ထုတ်လုပ်မှုနည်းပညာ တစ်ခုအတွင်း ကုန်ကြမ်း သို့မဟုတ် မူလပစ္စည်း တစ်ခုခုမှ အခြားပစ္စည်းအသစ်တစ်ခုခုသို့ ပြောင်းလဲထုတ်လုပ်ပေးသည့် လုပ်ငန်းများကို ဆိုသည်။

(ဈ) **သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများ** ဆိုသည်မှာ သိပ္ပံနည်းကျစွာ စူးစမ်းလေ့လာမှုများကို လက်တွေ့ပြုလုပ်ဆောင်ရွက်ခြင်းဖြင့် တွေ့ရှိချက်များအပေါ် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်သည့် နည်းပညာများ ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ပေးသည့်လုပ်ငန်းများကို ဆိုသည်။

(ည) **အမျိုးသားအဆင့် သုတေသနလုပ်ငန်းများ** ဆိုသည်မှာ နိုင်ငံတော်လိုအပ်ချက်အရ ပြည်ထောင်စုအစိုးရအဖွဲ့က တာဝန်ပေးဆောင်ရွက်စေသော သုတေသနလုပ်ငန်းများကို ဆိုသည်။

(ဋ) **နည်းပညာလွှဲပြောင်းခြင်း** ဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုမှ နည်းပညာ တစ်စိတ်တစ်ပိုင်းကိုသော်လည်းကောင်း၊ နည်းပညာ အားလုံးကိုသော်လည်းကောင်း ပိုင်ဆိုင်အသုံးပြုရေးအတွက် ဤဥပဒေနှင့်အညီ လွှဲပြောင်းခြင်းကို ဆိုသည်။

(ဌ) **ကောင်စီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် အမျိုးသား သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ကောင်စီကို ဆိုသည်။

(ဍ) **ကော်မတီများ** ဆိုသည်မှာ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ဖွံ့ဖြိုးရေး ပညာရပ်နယ်ပယ်တစ်ခုချင်းအလိုက် ကောင်စီ၏အောက်တွင် ဖွဲ့စည်းထားရှိသော သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်အဖွဲ့များကို ဆိုသည်။

(ဎ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပညာရေးဝန်ကြီးဌာနကို ဆိုသည်။

(ဏ) **ဦးစီးဌာန** ဆိုသည်မှာ သုတေသနနှင့် တီထွင်ဆန်းသစ်မှု ဦးစီးဌာနကို ဆိုသည်။

(တ) **မှတ်ပုံတင်အရာရှိ** ဆိုသည်မှာ ဤဥပဒေအရ လျှောက်ထားသော နည်းပညာလွှဲပြောင်းရေးဆိုင်ရာ နှစ်ဦးနှစ်ဖက် သဘောတူ စာချုပ်များကို စိစစ်၍ မှတ်ပုံတင်ပေးသော ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) အမျိုးသားလူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူ ဖြစ်စေမည့် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်ရေးအတွက် သိပ္ပံ၊နည်းပညာနှင့် ဆန်းသစ်တီထွင်မှု လုပ်ငန်းများ ဖွံ့ဖြိုးလာစေရန်၊

(ခ) စွမ်းအင်၊ ဓာတ်သတ္တုနှင့် အခြားသယံဇာတအရင်းအမြစ်များအား စနစ်တကျ ထုတ်ယူသုံးစွဲနိုင်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးတို့အတွက် ခေတ်မီသိပ္ပံနှင့် နည်းပညာကို အခြေခံသည့် သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်နိုင်ရန်၊

(ဂ) ပြည်တွင်းကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားပြီး နိုင်ငံတကာ ဈေးကွက်တွင် ရင်ပေါင်တန်း ယှဉ်ပြိုင်နိုင်ရေးအတွက် သုတေသနရလဒ်များမှ နည်းပညာပြန့်ပွားခြင်းနှင့် နည်းပညာလွှဲပြောင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်၊

(ဃ) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု လုပ်ငန်းများတွင် ကျွမ်းကျင်ပညာရှင်များ စဉ်ဆက်မပြတ် ပေါ်ထွန်းလာစေရေးအတွက် လေ့ကျင့်ပညာပေးခြင်းကို ဆောင်ရွက်နိုင်ရန်၊

(င) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုလုပ်ငန်းများနှင့် ပညာရပ်နယ်ပယ်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ အောင်မြင်တိုးတက်ရေးအတွက် ပြည်တွင်း ပြည်ပရှိ သုတေသနဌာနများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံများ၊ စက်မှုကုန်ထုတ်လုပ်ငန်းများနှင့် အခြားအဖွဲ့အစည်းများအကြား အချင်းချင်း ဆက်သွယ်ပူးပေါင်းဆောင်ရွက်နိုင်ရန်၊

(စ) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ပညာရပ်နယ်ပယ်မှ ထူးချွန်သော ပညာရှင်များနှင့် ဆန်းသစ်တီထွင်သူများအား ဂုဏ်ပြုချီးမြှင့်နိုင်ရန်၊ ထိုက်သင့်သော အကျိုးခံစားခွင့်များ ရရှိစေရန်နှင့် ယင်းတို့၏ ဆန်းသစ်တီထွင်မှုများကို အကာအကွယ်ပေးရန်၊

(ဆ) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုရန်ပုံငွေဖြင့် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ပညာရပ်နယ်ပယ်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ဆန်းသစ်တီထွင်ဖန်တီးမှုများနှင့် ဈေးကွက်စီးပွားရေးကို အားပေးသော သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်၊

(ဇ) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုကို အခြေခံသည့် အဖွဲ့အစည်း၊ လုပ်ငန်း၊ ဌာန၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံ၊ သက်မွေးပညာသင်တန်းကျောင်းများနှင့် အခြေခံပညာအထက်တန်းကျောင်းများတွင် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ပြပွဲ၊ ပြိုင်ပွဲများ၊ ဟောပြောပွဲများ ကျင်းပရေး စီစဉ်ဆောင်ရွက်နိုင်ရန်။

## အခန်း (၃)
## အမျိုးသားသိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုကောင်စီ ဖွဲ့စည်းခြင်း

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည်-

(က) အမျိုးသားသိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ကောင်စီကို အဖွဲ့ဝင် ၃၀ ဦးထက်မပိုသော အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်-

(၁) ပြည်ထောင်စုအစိုးရအဖွဲ့က တာဝန်ပေးအပ်သည့် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်တစ်ဦး — ဥက္ကဋ္ဌ

(၂) ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး — ဒုတိယဥက္ကဋ္ဌ

(၃) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့် ဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ သို့မဟုတ် ဒုတိယဝန်ကြီးများ — အဖွဲ့ဝင်များ

(၄) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့် အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ အကြီးအမှူးများ — အဖွဲ့ဝင်များ

(၅) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ပညာရပ်နယ်ပယ်အလိုက် ထင်ပေါ်ကျော်ကြားသည့် ကျွမ်းကျင်ပညာရှင်များ — အဖွဲ့ဝင်များ

(၆) ပညာရေးဝန်ကြီးဌာန၏ ဒုတိယဝန်ကြီး — အတွင်းရေးမှူး သို့မဟုတ် အမြဲတမ်းအတွင်းဝန်

(၇) ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် — တွဲဖက်အတွင်းရေးမှူး

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသည့် ကောင်စီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ကောင်စီ၏သက်တမ်းသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သက်တမ်းနှင့်အညီ ဖြစ်သည်။

၆။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကောင်စီအဖွဲ့ဝင်များသည် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်သည့် ချီးမြှင့်ငွေနှင့်စရိတ်များကို ခံစားခွင့်ရှိသည်။

## အခန်း (၄)
## ကောင်စီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၇။ ကောင်စီ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဤဥပဒေပါ ရည်ရွယ်ချက်များကို အထမြောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် မူဝါဒများချမှတ်ခြင်း၊

(ခ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံများနှင့် စက်မှုကုန်ထုတ်လုပ်ငန်းများက ဆောင်ရွက်လျက်ရှိသည့် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လမ်းညွှန်ခြင်း၊ အားပေးခြင်း၊ အထောက်အကူပြုခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(ဂ) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော ပညာရှင်များ မွေးထုတ်ရန်နှင့် ယင်းတို့၏ အရည်အချင်း တိုးတက်မြင့်မားလာစေရန် စီမံဆောင်ရွက်ခြင်း၊

(ဃ) ပညာအရည်အသွေးနိမ့်ကျရသော အကြောင်းရင်းများကို ဖော်ထုတ်ပြင်ဆင်၍ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံကျောင်းများနှင့် လူမှုနယ်ပယ်အသီးသီးမှ ထူးချွန်ကျောင်းသားများနှင့် ဝန်ထမ်းများအား သက်ဆိုင်ရာနယ်ပယ်အလိုက် သုတေသီများ၊ ပညာရှင်များအဖြစ် ပြုစုပျိုးထောင်ပေးခြင်း၊

(င) ပြည်တွင်း ပြည်ပရှိ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ သုတေသနဌာနများ၊ တက္ကသိုလ်များ၊ အခြားအဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်နိုင်ရန် အစီအမံများ ချမှတ်ခြင်း၊

(စ) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုလုပ်ငန်းများအတွက် အရည်အသွေး၊ အဆင့်အတန်း ထိန်းသိမ်းမြှင့်တင်ရန် လိုအပ်သော စံချိန် စံညွှန်းများ၊ နည်းပညာဆိုင်ရာ ကျင့်ထုံးများ ပြုစုရေးနှင့်စပ်လျဉ်း၍ အကြံပြုခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ အသင်းအဖွဲ့များ၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေအဆင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းဆောင်ရွက်နိုင်ရေးအတွက် ဦးဆောင်မှုပေးခြင်း၊ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊

(ဇ) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ပြည်တွင်းပြည်ပ ဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ သင်တန်းများ၊ စာတမ်းဖတ်ပွဲများ၊ နှီးနှောဖလှယ်ပွဲများ ကျင်းပရေးနှင့် တက်ရောက်ရေးတို့အတွက် အားပေးခြင်း၊

(ဈ) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ အမျိုးသားအဆင့် ဥယျာဉ်၊ ပြတိုက်နှင့် စာကြည့်တိုက်များ တည်ထောင်ဖွင့်လှစ်နိုင်ရေးအတွက် စီမံဆောင်ရွက်ခြင်း၊ သိပ္ပံ၊ နည်းပညာရပ်ဆိုင်ရာ သတင်းအချက်အလက်များ စုဆောင်းထားရှိခြင်းနှင့် ဖြန့်ဝေအသိပေးခြင်း၊

(ည) ပြည်တွင်း ပြည်ပ နည်းပညာလွှဲပြောင်းခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့သို့ အခါအားလျော်စွာ အကြံပြုတင်ပြခြင်း၊

(ဋ) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ပညာရပ်နယ်ပယ်မှ ထူးချွန်သော ပညာရှင်များ၊ ဆန်းသစ်တီထွင်သူများကို သတ်မှတ်ချက်နှင့်အညီ ဆုငွေချီးမြှင့်ခြင်း၊ နိုင်ငံတော်က ဂုဏ်ထူးဆောင်ဘွဲ့နှင့် တံဆိပ်များ ချီးမြှင့်အပ်နှင်းနိုင်ရန် ထောက်ခံတင်ပြခြင်း၊

(ဌ) ကောင်စီ၏အောက်တွင် သင့်လျော်မည့် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ပညာရပ် နယ်ပယ်တစ်ခုချင်းအလိုက် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ကော်မတီများ ဖွဲ့စည်းရာတွင် သက်ဆိုင်ရာပညာရပ်၊ အတွေ့အကြုံနှင့် ကျွမ်းကျင်သူဝါရင့်ပညာရှင် တစ်ဦးဦးကဦးဆောင်ပြီး သင့်လျော်မည့် ပညာရှင်များဖြင့် ဖွဲ့စည်းအကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

**(ဆက်လက်ဖော်ပြပါမည်)**


သင်္ချာ100တို့ ပေါ်ထွန်းရာ၊ Top Tenတွေရဲ့ ရွေးချယ်ရာ၊ လူရည်ချွန်တို့ ဆုံစည်းရာ၊ All Dအင်အား စုရုံးရာ
ဆရာ
ဦးမောင်မောင်တိ
B.Sc. (Applied Maths); B.A. (History)
၈-၉-၁၀တန်း (သင်္ချာတစ်ဘာသာတည်းသာသင်)
သင်္ချာအထူးသင်တန်းများ
မောင်ဝေလင်းထက်
၁၁၀၁၀-၆၁
2018-All-D
သင်္ချာရမှတ်ပြည့်(၁၀၀)
၂၈၄၊ ပညာဒလလမ်းမကြီးကျောက်မြောင်း၊
အောင်မင်္ဂလာမှတ်တိုင်အနီး၊တာမွေမြို့နယ်။
ဖုန်း- 09761920994,09254012675,
09420286612,095186637,01-552054

WINN ဆရာမဒေါ်သုစာဝင်း ဦးစီးတည်ထောင်သော
Education Services Center
တက္ကသိုလ်ဝင်တန်း (၁၀)တန်း
Repeater တန်းခွဲသစ်လက်ခံပြီ
အမှတ်(၃၀)၊ပုလဲလမ်း၊ကျိုက္ကဆံရပ်ကွက်၊ဗဟန်းမြို့နယ်၊(မြလမ်းမှတ်တိုင်၊ ဦးချစ်မောင်အိမ်ယာရှေ့) Ph-09-250-371-045 , 09 5402724

မြေကွက်များဈေးကောင်းပေးဝယ်လိုသည်
ဒဂုံမြို့သစ်၊ (အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း) တို့တွင် မြေကွက်များဝယ်လိုသည်။
အိမ်အရောက် ငွေချေဝနစ်၊ ပွဲခပေးရန်မလို
ဖုန်း 01-2339310,01-2339355,01-578044

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

ပြည်တွင်းအခွန်များဦးစီးဌာန

အောင်ဘာလေသိန်းဆုဌာနခွဲ

ကြေညာချက်

(ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဇွန် လ ၂၆ ရက်)

၁။ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ (၁)ရက်နေ့တွင် ကျင်းပမည့် (၁၆)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲအတွက် ထီလက်မှတ်များကို **"က"** အက္ခရာမှ အစဉ်လိုက် **"အ"** အက္ခရာထိ အက္ခရာ(၃၃)လုံးနှင့် **"ကက"** အက္ခရာမှ အစဉ်လိုက် **"ကဋ"** အက္ခရာ ထိအက္ခရာ(၁၂)လုံး၊စုစုပေါင်းအက္ခရာ(၄၅)လုံးရောင်းချခဲ့ပါသည်။

၂။ (၁၆)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲအတွက် ရောင်းချရသည့် အက္ခရာပေါင်းမှာ (၄၅)လုံးဖြစ်၍ ၊ ထီစာအုပ်ပေါင်း (၃၆၈၁၈၁၀)အုပ်ဖြစ်ပြီး၊ ထီလက်မှတ် စောင်ရေပေါင်းမှာ (၄၀၄၉၉၁၀၀)စောင် ဖြစ်ပါသည်။

၃။ ထီလက်မှတ်စာအုပ်ရောင်းရငွေပေါင်းမှာ ကျပ်သန်းပေါင်း( ၁၈၄၀၉.၀၅၀) ဖြစ်သဖြင့် ၆၀% ထီဆုငွေ အဖြစ် ခွဲဝေချီးမြှင့်ပေးမည့် ငွေပေါင်းမှာ ကျပ်သန်းပေါင်း (၁၁၀၄၅.၄၃၀) ဖြစ်ပါသည်။

၄။ ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| | | | | |
|---|---|---|---|---|
| (က) | အထူးဆုကြီးစနစ် | | | |
| | (၁) | ကျပ်သိန်းတစ်သောင်း | = | (၁) ဆု |
| | (၂) | ကျပ်သိန်းငါးထောင် | = | (၂) ဆု |
| | (၃) | ကျပ်သိန်းသုံးထောင် | = | (၂) ဆု |
| | (၄) | ကျပ်သိန်းတစ်ထောင် | = | (၅) ဆု |
| (ခ) | ဆုတစ်ဆုချင်းစနစ် | | | |
| | (၁) | ကျပ်သိန်းငါးရာ | = | (၇) ဆု |
| | (၂) | ကျပ်သိန်းသုံးရာ | = | (၁၁) ဆု |
| | (၃) | ကျပ်သိန်းတစ်ရာ | = | (၁၁) ဆု |
| | (၄) | ကျပ်သိန်းငါးဆယ် | = | (၁၃) ဆု |
| | (၅) | ကျပ်သိန်းသုံးဆယ် | = | (၁၅) ဆု |
| | (၆) | ကျပ်ဆယ်သိန်း | = | (၁၅) ဆု |
| (ဂ) | ဝေဝေဆာဆာပဒေသာဆုစနစ် | | | |
| | (၁) | ကျပ် သုံးသိန်း | = | (၁၀၀) ဆု |
| | (၂) | ကျပ် နှစ်သိန်း | = | (၁၀၀၀) ဆု |
| | (၃) | ကျပ် တစ်သိန်း | = | (၁၃၀၀၀) ဆု |
| | (၄) | ကျပ် ငါးသောင်း | = | (၁၁၀၀၀၀) ဆု |
| | | **စုစုပေါင်း** | = | (၁၂၄၁၈၂) ဆု |

၅။ (၁၆)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို (၁.၇.၂၀၁၈)ရက်နေ့ (တနင်္ဂနွေနေ့)၊ နံနက် (၈)နာရီ အချိန်တွင် အမှတ် ၃၈၄၊ မဟာဗန္ဓုလလမ်းနှင့် ၃၇ လမ်းထောင့်၊ ကျောက်တံတားမြို့နယ်ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ၊ ထီဖွင့်ပွဲခန်းမ၌ ကျင်းပပေးသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**အောင်ဘာလေသိန်းဆုဌာနခွဲ**

ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၀)သူရတပ်ခွဲ၏

(၃၇) နှစ်မြောက် ကျောင်းဆင်း နှစ်ပတ်လည်အခမ်းအနားဖိတ်ကြားခြင်း

ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၀)၏ (၃၇)နှစ်မြောက် ကျောင်းဆင်းနှစ်ပတ်လည် အခမ်းအနားအား အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် စစ်မြေပြင်တွင် ကျဆုံး၊ အကြောင်းအမျိုးမျိုးကြောင့် ကွယ်လွန်သွားကြကုန်သော အရာရှိများ၏ မိသားစုများ၊ သူရတပ်ခွဲ(၆၀)မှ သူငယ်ချင်းများနှင့် မိသားစုများ စုံညီစွာ တက်ရောက်ကုသိုလ်ပြုနိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

၁။ သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် ပရဟိတကလေးများအား နေ့လယ်စာ ကျွေးမွေးခြင်း
- နေ့ရက် - ၁၀-၇-၂၀၁၈ရက် (အင်္ဂါနေ့)
- အချိန် - နံနက် ၉း၀၀နာရီမှ ၁၀း၄၅နာရီထိ
- နေရာ - ဆုတောင်းပြည့်တိုင်းရင်းသားလူငယ်ပရဟိတဘုန်းတော်ကြီးကျောင်း၊ သုံးခွနှင့် ကျောက်တန်းလမ်းဆုံ။

၂။ သီလရှင်များအား အလှူဒါနပြုခြင်းနှင့် ဆရာကန်တော့ခြင်း
- နေ့ရက် - ၁၀-၇-၂၀၁၈ရက် (အင်္ဂါနေ့)
- အချိန် - နံနက် ၁၁း၀၀ နာရီမှ မွန်းလွဲ ၁၃း၀၀ နာရီအထိ
- နေရာ - ၉၆၉ နှစ်ဖက်လှ ပရဟိတသီလရှင်ကျောင်း၊ ကျောက်တန်းမြို့။

မှတ်ချက် ၁။ ။ ခရီးစဉ်အတွက် မော်တော်ယာဉ်ကြီးများစီစဉ်ထားရှိပြီး စုရပ် လပ်ကီးဆဲဗင်း အနောက်မျဉ်းပြိုင်ကွင်းလမ်းနှင့် ဦးချစ်မောင်လမ်းထောင့်၊ တာမွေမှ နံနက် ၈း၀၀နာရီ စုပေါင်းထွက်ခွာပါမည်။ သီလရှင်ကျောင်း၌ နေ့လယ်စာဖြင့် ဧည့်ခံပါမည်။

၃။ အမှတ်တရ ဂေါက်သီးရိုက်ကစားခြင်း။
- နေ့ရက် - ၁၁-၇-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့)
- အချိန် - နံနက် ၇း၀၀ နာရီမှ ၁၂း၀၀ နာရီအထိ
- နေရာ - မြို့တော်စည်ပင်ဂေါက်ကွင်း (YCDC)

၄။ နှစ်ပတ်လည်အထိမ်းအမှတ် ညစာစားပွဲကျင်းပခြင်း(ရန်ကုန်)
- နေ့ရက် - ၁၁-၇-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့)
- အချိန် - ညနေ ၁၈း၀၀ နာရီမှ ၂၁း၀၀ နာရီထိ
- နေရာ - M-3 ရွှေတိဂုံစေတီတော်အနီး။

၅။ နှစ်ပတ်လည်အထိမ်းအမှတ်ညစာစားပွဲကျင်းပခြင်း (နေပြည်တော်)
- နေ့ရက် - ၁၁-၇-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့)
- အချိန် - ညနေ ၁၈း၃၀ နာရီမှ ၂၁း၃၀ နာရီထိ
- နေရာ - ဇဝနစားသောက်ဆိုင်၊ နှင်းဆီပန်းအဝိုင်းအနီး၊ နေပြည်တော်။

၆။ နှစ်ပတ်လည်အထိမ်းအမှတ် ညစာစားပွဲကျင်းပခြင်း (မန္တလေး)
- နေ့ရက် - ၁၄-၇-၂၀၁၈ရက် (စနေနေ့)
- အချိန် - ညနေ ၆း၃၀ နာရီမှ ၉း၃၀ နာရီထိ
- နေရာ - Golden Palace (၃၅)လမ်း

၇။ ဂရုဏာကမ္ဘာ့ဘိုးဘွားရိပ်သာ(နေပြည်တော်)သို့ ငွေပဒေသာပင်လှူဒါန်းခြင်း
- နေ့ရက် - ၁၈-၇-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့)
- အချိန် - နံနက် ၉း၀၀ နာရီ
- နေရာ - ဂရုဏာကမ္ဘာ့ဘိုးဘွားရိပ်သာ (နေပြည်တော်)

**အခမ်းအနားဖြစ်မြောက်ရေးအဖွဲ့**
**သူရ (၆၀)**

**ဆက်သွယ်ရန်** **ရန်ကုန်** ။ ။ ၀၉-၅၀၀၃၁၇၁၊ ၀၉-၅၀၀၈၇၂၆၊ ၀၉-၅၀၁၆၃၉၃၊ ၀၉-၇၈၅၂၂၄၈၆၃၊ ၀၉-၂၅၀၇၈၉၄၆၈

**နေပြည်တော်**။ ။ ၀၉-၂၆၁၈၈၄၀၀၇၊ ၀၉-၄၅၁၉၄၉၀၅၇

စီးပွားပန်းခင်း
ပညာရေးဝန် ဆောင်မှုလုပ်ငန်း
LCCI စာရင်းကိုင်သင်တန်း Level 1+2+3
AutoCount Computerised Accounting
2018 December Series(July)တန်းခွဲသစ်များ (7.7.2018) ဖွင့်မည်။
သင်တန်းကြေး (၃) ကြိမ်ခွဲသွင်းနိုင်သည်။ (15.7.2018) အတွင်းအပ်နှံသူများ 10% Discounts ရမည်။
မြို့ထဲ ။ (၁၀၃)(ဇလွှာ)၊ ၃၂ -လမ်းထိပ်၊မဟာဗန္ဓုလလမ်း၊ ပိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
လှည်းတန်း ။ တိုက် (၂၃)၊ အခန်း(A- 4) လှည်းတန်းလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
09-5118647-73009869-73013432-73028433

SEVEN စီမံ
မြေကွက်များရောင်း/ဝယ်ရေး
ဒဂုံဆိပ်ကမ်း၊အရှေ့ပိုင်း၊တောင်ပိုင်း၊
မြောက်ပိုင်း၊ ရွှေပေါက်ကံ၊ ရွှေပြည်သာ
အိမ်အရောက် ငွေပေးချေသည်။
'ပွဲခလုံးဝမယူပါ'။
09 - 33 333 511, 09 - 33 333 514,
09 - 33 333 644

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဇောတိကအိမ်ရာ၊ တိုက်အမှတ်(T1-A)၊ (၂)ခန်းတွဲ RC(၄)ထပ်တိုက်၏ (တတိယထပ်)အပေါ်ထပ်၊ အခန်းအမှတ်(၃၀၂)၊ ဧရိယာ(၁၂၀၀)စတုရန်းပေ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန စုပေါင်းပိုင်အဆောက်အအုံ စီမံကိန်းအရ ဆောက်လုပ်သောတိုက်ခန်းနှင့်၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူဖြစ်သော ဒေါ်မြင့်မြင့်သန်း[၁၂/ရကန(နိုင်)၀၄၃၃၉၆]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဒေါ်ခင်နှင်းဝေ[၉/ပဥလ(နိုင်)၀၁၃၁၉၉]မှ အပြီးအပိုင် ဝယ်ယူရန်အတွက် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည့်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်နှင်းဝေ၏လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဝင်းမင်းစိုး (စဉ်-၁၂၆၆၄)**
**(LL.B),WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ**
**Ph:01-246869, 09-450023651**

**ဒေါ်သုဇာကျော် (စဉ်-၄၆၀၅၁)**
**LL.B,D.B.L,D.I.L,WIPO(Switzerland)**
**အထက်တန်းရှေ့နေ**
**Ph:09-254508917**

**Level (၅၊ ၆၊ ၇၊ ၈)၊ တာဝါ(၂)၊ HAGL Myanmar Center Tower၊ အမှတ်(၁၉၂)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**

JUNE 30, 2018 (Sat)
NOVOTEL HOTEL, 9:00 a.m to 12:00 noon

ဆယ်တန်းအလွန် ရွေးချယ်စရာ အနာဂတ်ပညာရေးနှင့် အခွင့်အလမ်းများ

CROWN EDUCATION YOUR DOOR TO THE FUTURE
ROYAL ACADEMIC INSTITUTE
ACT Education Solutions LTD

◆ စင်ကာပူအစိုးရတက္ကသိုလ် (NUS - NTU - SMU) နှင့် ဗိုလီဝင်ခွင့်သိမှတ်ဖွယ်ရာများ
◆ နိုင်ငံတကာဆေးတက္ကသိုလ်တက်လိုသူများအတွက် သိထားသင့်သည့် အချက်အလက်များ
◆ ပြည်တွင်းပုဂ္ဂလိက / အစိုးရတက္ကသိုလ်တွေတက်မယ်ဆိုရင် အရွေးမမှားအောင် ဘယ်လိုရွေးမလဲ
◆ ပြည်ပမှာ ကျောင်းတက်ဖို့အတွက် iGCSE, GCE 'A', SAT, ACT တွေကို ဘယ်အချိန်မှာ ပြင်ဆင်သင့်သလဲ
◆ ပြည်တွင်းကုန်ကျစရိတ်အတိုင်း ပြည်ပတွင် သင်ယူနိုင်မည့်ကျောင်းနှင့် နိုင်ငံများအကြောင်း
◆ နိုင်ငံတကာပညာသင်ဆုနှင့် ပညာသင်ထောက်ပံ့ကြေးဆိုင်ရာ လျှောက်ထားခြင်းအတွက် ပြင်ဆင်သင့်သည့်အချက်များကို ဆွေးနွေးပေးသွားမည်ဖြစ်ပါသည်။



ဖုန်းနံပါတ် – ၀၁ ၅၂၇ ၈၃၈၊ ၀၉ ၄၄ ၅၅ ၆၆ ၇၀၁ ၊ ၀၉ ၄၄ ၅၅ ၆၆ ၇၀၂ ၊ ၀၉ ၄၅၀၀ ၅၆ ၃၀၀
မိမိတို့ ဘာဝါသနာပါတယ် ဘယ်လိုပညာရပ်တွေမှာ ထူးချွန်နိုင်တယ်ဆိုတာ သိရှိနိုင်တဲ့ Multiple Intelligences SELF - ASSESSMENT ကို အခမဲ့ စစ်ဆေးပေးမှာဖြစ်ပါတယ်။

NANYENG INTERNATIONAL COLLEGE (NIC)
SQA Approved Centre

တက္ကသိုလ်ဝင်တန်းနှင့် IGCSE အောင်မြင်ထားသူများ တက်ရောက်နိုင်သည့်
Higher National Diploma (HND) in Business Management ပညာရေးဆွေးနွေးပွဲ

ဆွေးနွေးမည့်ပုဂ္ဂိုလ် : ဒေါက်တာဝင်းမင်းသိမ်း(ကျောင်းအုပ်ကြီး –NIC)
နေ့ရက် : ဇူလိုင်လ(၁)ရက်(တနင်္ဂနွေနေ့)
အချိန် : နံနက်(၁၀)နာရီမှ မွန်းတည့်(၁၂)နာရီ
နေရာ : Reno Hotel ၊အမှတ်၁၂၃၊ကမ္ဘာအေးဘုရားလမ်း၊ဗဟန်းမြို့နယ်(Nanyeng International College မျက်နှာချင်းဆိုင်)

Matriculation Passed → HND Year (1) 9 Months → HND Year (2) 9 Months → Bachelor Degree (Top Up) 1Year

"မိမိဘဝအတွက် ဆုံးဖြတ်ချက်မမှားစေဖို့ လိုအပ်သောအချက်အလက်များ ပြည့်ပြည့်စုံစုံသိရှိစေရန်အတွက် မိဘများကိုယ်တိုင် တက်ရောက်ပါရန် ခင်မင်ရင်းနှီးစွာ ဖိတ်ကြားအပ်ပါသည်။"

မင်္ဂလာပါ
အိမ်ပြောင်း၊အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း / နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားမျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-450042704
09-250095116
09-420096296

မြေကွက်ဝယ်လိုသည်။
မြောက်ဒဂုံ စစ်တောင်းလမ်း၊ ကျောင်းလမ်းပေါ်တွင် ၂၀ ပေ × ၆၀ ပေ မြေကွက်အားဝယ်လိုပါသည်၊
ဖုန်း – ၀၉ ၇၈၅၁၀၈၀၃၆

မြန်မာပြည်တွင် လာရောက် ရင်းနှီးမြှုပ်နှံသော နိုင်ငံခြားကုမ္ပဏီတွင် ခန့်အပ်မည်

Sales Representative - M/F(77)

- Any Graduate, Age 20 ~ 25.
- At Least 1year Experience in FMCG Field as Sales Representative.
- Must have Driving Skills & a driving licence for Male Candidate.
- For Yangon M/F(25) - For Mandalay M/F(20) - For Taunggyi M/F(8)
- For Pyinmanar M/F(8) - For Pyay M/F(8) - For Mawlamyaing M/F(8)

များပြားသော အလုပ်အကိုင်အခွင့်အလမ်းများ ⇒ Like VAC Jobsearch
VAC VALUE ADDED CONSULTANCY
No. 118, 6th Floor, 23rd Street, Latha Township, Yangon
Ph: 01-395917 ,09-5102094,09-73022727
E-mail: cv@vacjobsearch.com

တိုက်ခန်းအမြန်ရောင်းမည်
ကြည့်မြင်တိုင်မြို့နယ်၊ ပန်းလှိုင်လမ်း၊ ပေ(၂၃×၄၅)၊ (၄လွှာ)(ဓာတ်လှေကား)၊ အခန်း(၂)ခန်းဖွဲ့၊ ပါကေးခင်းပြီး၊ အဲယားကွန်း(၃)လုံးပါ။ (ညှိနှိုင်း)
ဆက်သွယ်ရန်
ဖုန်း-၀၉-၇၉၀၉၄၇၈၂၉၊ ၀၉-၄၂၀၇၃၃၃၂

တိုက်ခန်းအမြန်ရောင်းမည်
(မြောက်ဥက္ကလာပမြို့နယ်)
အကျိုးဆောင် လက်ခံသည်။
ဆက်သွယ်ရန်
ဖုန်း-၀၉-၉၅၆၄၀၇၈၅၁
၀၉-၄၀၂၄၈၉၄၀၂

ရောင်ခြည်သစ်
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
10',14',15' ကားများဖြင့်
လုပ်သားအပြီးအစီး မြို့တွင်း/နယ်ဝေး
ဝန်ဆောင်မှုပေးသည်၊
Ph:09-450454771
09-450454772
09-450454773

သီဟလင်း
အိမ်ပြောင်း / အိမ်ရွှေ့လုပ်ငန်း
(10',14',16',18',22')ကားများဖြင့် လုပ်သားအပြီးအစီး
မြို့တွင်း / နယ်ဝေး
ဝန်ဆောင်မှုပေးသည်။
01-570307
09-5112729
09-5126394

ဗိုလ်ရှာမောင်
အိမ်ပြောင်း/အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
လူကြီးမင်းတို့၏ အိမ်ခန်း၊ ရုံးခန်းပြောင်းရွှေ့ခြင်းများအတွက် 10', 15', 16' ကားများနှင့် အလုပ်သမားစီစဉ်ပေးသည်။
09 5024774
09 73179228
09 49155515
09 49225338

နိုင်ငံတကာတွင် နှစ်ပေါင်း ၈၀ ကျော် ပညာရေးသက်တမ်းရှိ Kaplan International မှ တိုက်ရိုက်လာရောက်ဖွင့်လှစ်သည့်...



Kaplan Myanmar University College ၏
ပညာသင်ဆု အခွင့်အလမ်းများအကြောင်း ဆွေးနွေးပွဲ

နေ့ရက် ဇွန်လ ၃၀ ရက် (စနေနေ့)
အချိန် မနက် ၁၀ နာရီမှ ညနေ ၃ နာရီအထိ
နေရာ Kaplan Myanmar University College ( KMUC Campus )

Hot line
09-777 68 6000
09-777 63 6000

KAPLAN MYANMAR UNIVERSITY COLLEGE
Kaplan Myanmar University College
No. 6A, Waggi Yeikthar Street, Kamayut Township, Yangon.

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်အဖွဲ့ တရုတ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်



**ရန်ကုန် ဇွန် ၂၅**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌ H.E. Mr.Li Zhanshu ၏ ဖိတ်ကြားချက်အရ ဇွန် ၂၄ ရက်မှ ၂၉ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီး သွားရောက်ရန်အတွက် ယနေ့နံနက်ပိုင်းတွင် တရုတ်လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ထွက်ခွာသွားရာ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ Minister Counselor, Ms.Li Xiaoyan နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်အဖွဲ့တွင် အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ညဏစိုး၊ မြန်မာ-တရုတ် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းအဖွဲ့ဝင်များဖြစ်သည့် ဦးကင်းရှိန်၊ ဦးဝေစိန်အောင်၊ နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီအဖွဲ့ဝင် ဦးခွန်သိန်းဖေ၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီအဖွဲ့ဝင် နော်ဆာမူထူး၊ ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီအဖွဲ့ဝင် ဒေါ်စန်းစန်းမြင့် နှင့် အမျိုးသားလွှတ်တော်ရုံးမှတာဝန်ရှိသူများ လိုက်ပါသွားကြသည်။

**သတင်းစဉ်**

**တရုတ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်မည့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းအား တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြစဉ်။**

## နိုင်ငံတကာ အိုလံပစ်နေ့အထိမ်းအမှတ် ဂျူဒိုပြိုင်ပွဲ ကျင်းပ

**ရန်ကုန် ဇွန် ၂၅**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော ၂၀၁၈ ခုနှစ် နိုင်ငံတကာအိုလံပစ်နေ့ အထိမ်းအမှတ် ဂျူဒိုပြိုင်ပွဲကို ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ် အားကစားခန်းမ၌ ကျင်းပရာ အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ချုပ်အမှုဆောင်များက ပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ပြိုင်ပွဲသို့ နွေရာသီကျောင်းပိတ်ရက်အတွင်း ဖွင့်လှစ်ခဲ့သော ဂျူဒိုမောင်မယ်များက ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ အဆိုပါပြိုင်ပွဲကို ၃၅ ကီလိုတန်း၊ ၄၅ ကီလိုတန်း၊ ၄၈ ကီလိုတန်း၊ ၅၇ ကီလိုတန်း၊ ၆၆ ကီလိုတန်း၊

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ✱

# မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဆဋ္ဌမနေ့တွင် ကျောက်စိမ်းအတွဲပေါင်း ၈၃၃ တွဲကို ယူရို ၇၄ သန်းကျော်ဖြင့် ရောင်းချ

**နေပြည်တော် ဇွန် ၂၅**

(၅၅)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဆဋ္ဌမနေ့တွင် ကျောက်စိမ်းအတွဲပေါင်း ၈၃၃ တွဲကို ယူရို ၇၄ ဒသမ ၁၂၂ သန်းဖြင့် ရောင်းချခဲ့ကြောင်း သိရသည်။

ယနေ့ပြပွဲတွင် အခြေခံဈေးယူရို ၄၀၀၀ နှင့်အထက် တန်ဖိုးသတ်မှတ်ထားသည့် ကျောက်စိမ်းအရိုင်းတွဲ ၁၀၇၈ တွဲနှင့် အခြေခံဈေး ယူရို ၁၀၀၀ နှင့်အထက် တန်ဖိုးသတ်မှတ်ထားသည့် အချောထည်ကျောက်စိမ်းအတွဲ ၇၂ တွဲကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ခြင်းဖြစ်သည်။

ပြပွဲသို့ ပြည်တွင်းပြည်ပ ရတနာကုန်သည် စုစုပေါင်း ၄၀၀၀ ကျော် တက်ရောက်၍ ကျောက်စိမ်းအရိုင်းနှင့် အချောထည်များကို စိတ်ကြိုက်ကြည့်ရှုလေ့လာကြပြီး ဈေးပြိုင်ပေးဝယ်ယူခဲ့ကြခြင်းဖြစ်သည်။

(၅၅)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ပြည်တွင်း ကျောက်စိမ်း၊ ကျောက်မျက်၊ ပယင်း၊ ကနုကမာ စသည့် အချောထည်ပစ္စည်းဆိုင်ခန်းပေါင်း ၆၁ ခန်း လာရောက်ဖွင့်လှစ်ရောင်းချလျက်ရှိသည်။

မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ် ဗဟိုအလုပ်အမှုဆောင် ဦးမောင်မောင်ဆန်းက "နေပြည်တော်မှာ ကျင်းပခဲ့တဲ့ ကျောက်မျက်ရတနာပြပွဲတိုင်းမှာ ကျွန်တော့်ရဲ့ ကျောက်စိမ်း၊ ကျောက်မျက် အချောထည်ပစ္စည်းတွေကို လာရောက်ပြသရောင်းချပါတယ်၊ ဒီလိုပြပွဲကြီးတွေမှာ လာရောက်ရောင်းချခွင့်ရတဲ့အတွက် ပြည်တွင်းပြည်ပက ရတနာကုန်သည်ကြီးတွေနဲ့ တိုက်ရိုက်တွေ့ရပါတယ်၊ သူတို့နဲ့ တိုက်ရိုက်တွေ့တော့ ဈေးပိုရပါတယ်၊ အခုပြပွဲမှာ ပတ္တမြားတွေ၊ နီလာတွေ၊ ကျောက်စိမ်းအပွင့်တွေ ရောင်းရပါတယ်၊

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ❖



**မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ပြည်တွင်းပြည်ပ ရတနာကုန်သည်များ ကျောက်မျက်အတွဲများကို လေ့လာကြည့်ရှုနေကြစဉ်။**

